အကြောင်းအရာအလိုက်လေ့လာမှုအစီရင်ခံစာ

# ပဋိပက္ခကို သတိပြုနားလည်မှု

## UNDP ၏ ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေး အလေ့အထမှ အတွေ့အကြုံများ

*Empowered lives.*
*Resilient nations.*



# လေ့လာမှုအကြောင်း

"ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲဆောင်ရွက်မှုများတွင် ပဋိပက္ခကိုသတိပြုနားလည်မှု တိုးတက်စေရန်အတွက် အသိပညာမျှဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များမှတစ်ဆင့် ဆောင်ရွက်ပေးသည့် UNDP မြန်မာ၏ အစီအစဉ်အောက်မှ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ (ROK) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ Saemaul Initiative Towards Sustainable and Inclusive New Communities (ISNC) စီမံချက်အောက်မှ ရန်ပုံငွေများ ပံ့ပိုးကူညီထားပါသည်။

ပါဝင်ကူညီသူများ - အယ်လိဇဘက်ဒရူး (Elizabeth Drew) (ဦးဆောင်သည့်သုတေသနပညာရှင်)၊ ဒီရူးရှီးဖောင်ဆီကာ (Dilrukshi Fonseka)၊ မာတင်ဂျမ်ဆင် (Martin Jensen)၊ ရောဘတ်ဘာကလေ (Robert Barclay)၊ မြတ်သဉ္ဇာကိုနှင့် ရှုပါနွယ်
Technical partner: International Alert

တည်းဖြတ်သူ - ဂျေဆင်ဟောမန်း (Jason Hallman)
ဂရပ်ဖစ်ဒီဇိုင်း - ကာစတင်ဒေါင်းနီ (Kirsten Downie)၊ REVOTECH, မြန်မာ
ရုပ်ပုံများ - INK Strategy

ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမြင်များသည် UNDP သို့မဟုတ် International Alert ၏ အမြင်များကို ကိုယ်စားပြုခြင်းမရှိပါ။

ထပ်မံသိလိုသည်များရှိပါက ဆက်သွယ်ရန်

UNDP အတွက်
Dilrukshi Fonseka
လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ် ကျွမ်းကျင်ပညာရှင်
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ မြန်မာ
dilrukshi.fonseka@undp.org

International Alert အတွက်
Robert Barclay
ဌာနေညွှန်ကြားရေးမှူး
International Alert, မြန်မာ
RBarclay@international-alert.org

Copyright © 2017 UNDP Myanmar. All Rights Reserved.


အကြောင်းအရာအလိုက်လေ့လာမှုအစီရင်ခံစာ

# ပဋိပက္ခကို သတိပြုနားလည်မှု


## UNDP ၏ ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေးအလေ့အထမှ အတွေ့အကြုံများ


UNDP

*Empowered lives.*
*Resilient nations.*














# ကျေးဇူးတင်လွှာ

UNDP သည် ဤလေ့လာမှုတွင် နည်းပညာဆိုင်ရာ မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ပေးခဲ့သော International Alert ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့သည် UNDP Bureau of Policy and Programming Support (BPPS)၊ အထူးသဖြင့် BPPS ၏ UNDP South-South Cooperation team၊ Development Impact Group (DIG) မှ Monica Ridjal၊ Policy Specialist (Crisis Prevention) နှင့် Shams Banihani (Policy Analyst, South-South Cooperation)၊ Bangkok Regional Hub ၏ UNDP Governance and Peacebuilding Team၊ အထူးသဖြင့် Livio Sarandrea (Crisis Prevention and Rule of Law Specialist) တို့အား ၎င်းတို့၏ ဆက်သွယ်ပြောကြားပေးမှုများနှင့် ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် UNDP ၏ အာဖရိက၊ အာရှနှင့်ပစိဖိတ်၊ ဥရောပနှင့် CIS ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသတို့အတွက် Regional Bureaux များ၊ ဘင်္ဂလားဒေ့ရှ်၊ ကိုလံဘီယာ၊ ဂျော်ဂျီယာ၊ ခီရာဂစ်သမ္မတနိုင်ငံ၊ ဂျော်ဒန်၊ မော်ဒိုဗာ၊ နီပေါ၊ ပါပူဝါနယူးဂီနီ၊ တာဂျစ်ကစ်စတန်၊ ထိုင်းနိုင်ငံနှင့် ယူဂန်ဒါ ဌာနေရုံးများမှ သက်ဆိုင်ရာ အကြံပေးအရာရှိများ၊ အစီအစဉ်နှင့် စီမံချက်ဝန်ထမ်းများကိုလည်း ဤအစီရင်ခံစာအတွက် ၎င်းတို့၏ အသိပညာများ၊ အတွေ့အကြုံများကို မျှဝေကူညီပေးမှုများ အတွက် ကျေးဇူးတင်ရှိပါသည်။ ဤလေ့လာမှုတွင် ကျွန်ုပ်တို့ကို ကူညီသုံးသပ်ပေးခဲ့ကြသော ပညာရှင်များဖြစ်သည့် Jos De La Haye (Cluster Lead, Governance and Peacebuilding, Arab States)၊ Livio Sarandrea နှင့် Odhrán McMahon (UNV Project Officer, Conflict Prevention, UNDP Governance and Peacebuilding Team of the Bangkok Regional Hub) တို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ UNDP သည် ဤအစီရင်ခံစာအား အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ၊ လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဆိုင်ရာ လုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ (ROK) နှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) ၏ Saemaul Initiative Towards Sustainable and Inclusive New Communities (ISNC) စီမံချက်အောက်မှ ရန်ပုံငွေများ ပံ့ပိုးကူညီထားပါသည်။

# မာတိကာ


| | | |
|---|---|---|
| | ကျေးဇူးတင်လွှာ | ၅ |
| | အတိုကောက်ဝေါဟာရစကားလုံးများ | ၇ |
| | အနှစ်ချုပ် | ၈ |
| ၁-၀။ | နိဒါန်း | ၁၃ |
| ၁-၁။ | နောက်ခံအကြောင်းအရာ | ၁၆ |
| ၁-၂။ | အသုံးပြုသော နည်းလမ်းများ | ၁၇ |
| ၂-၀။ | တွေ့ရှိချက်များ - ပဋိပက္ခကိုသတိပြုနားလည်စွာလုပ်ဆောင်သည့် ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ဆောင်မှု အလေ့အထများ | ၁၈ |
| ၂-၁။ | အခြေခံမူများ၊ မူဝါဒများနှင့် နည်းဗျူဟာများ | ၁၉ |
| ၂-၁-၂။ | စီမံချက်နှင့် အခြေအနေကြား အပြန်အလှန်သက်ရောက်မှုများကို သိရှိသတိပြုခြင်း | ၂၃ |
| ၂-၁-၃။ | ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးမှတစ်ဆင့် ပဋိပက္ခကိုသတိပြုနားလည်သောရလဒ်များနှင့် ငြိမ်းချမ်းရေးရလဒ်များရရှိစေမည့် နည်းဗျူဟာများ | ၂၅ |
| ၂-၂။ | အစီအစဉ်စီမံခန့်ခွဲမှု | ၃၁ |
| ၂-၂-၁။ | ပဋိပက္ခဆန်းစစ်လေ့လာချက် | ၃၁ |
| ၂-၂-၂။ | စီမံချက်ဒီဇိုင်းပုံစံရေးဆွဲခြင်း | ၃၃ |
| ၂-၂-၃။ | စီမံချက်အကောင်အထည်ဖော်ခြင်း | ၃၅ |
| ၂-၂-၄။ | စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း (M&E) | ၃၇ |
| ၃-၀။ | သုံးသပ်ချက်များနှင့် အကြံပြုချက်များ | ၄၀ |
| | မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှုမှ တွေ့ရှိချက်များ | ၄၃ |
| ၄-၀။ | အရင်းအမြစ်များ | ၄၇ |
| ၄-၁။ | လေ့လာခဲ့သော/ရည်ညွှန်းကိုးကားခဲ့သော UNDP အစီအစဉ်/စီမံချက်များအကြောင်း အနှစ်ချုပ် | ၄၈ |
| ၄-၂။ | ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ အရင်းအမြစ်များ | ၅၂ |
| | ဝက်ဆိုက်များ/ အရင်းအမြစ်ဌာနများဆောင်ရွက်ရမည်ဟူသည့် လမ်းညွှန်များ/အရင်းအမြစ် စုစည်းမှုများ၊ ဆန်းစစ်လေ့လာမှုအထောက်အကူပြုနည်းလမ်းများ၊ အဖွဲ့အစည်းနှင့်အခြေအနေ ဆန်းစစ်လေ့လာမှု လမ်းညွှန်မှတ်စုဆောင်းပါးများ | ၅၃ |


# အတိုကောက်ဝေါဟာရစကားလုံးများ

| | |
|---|---|
| **CBCSPD** | Cross-Border Cooperation for Sustainable Peace and Development (ရေရှည်တည်မြဲသောငြိမ်းချမ်းရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု) |
| **CDA** | Conflict-related Development Analysis (ပဋိပက္ခနှင့်ဆက်နွယ်သော ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်လေ့လာချက်) |
| **CHT** | Chittagong Hill Tracts (ချစ်တဂွန်တောင်တန်းဒေသ) |
| **CHTDF** | Chittagong Hill Tracts Development Facility (ချစ်တဂွန်တောင်းတန်းဒေသ ဖွံ့ဖြိုးရေးအစီအစဉ်) |
| **CO** | Country Office (ဌာနေရုံး) |
| **CSO** | Civil Society Organization (အရပ်ဘက်လူမှုအဖွဲ့အစည်း) |
| **DNH** | Do No Harm (ဆိုးကျိုးဖြစ်ပေါ်ခြင်းမရှိစေမှု) |
| **EAO** | Armed Organization (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း) |
| **EU** | European Union (ဥရောပသမဂ္ဂ) |
| **FARC** | Revolutionary Armed Forces of Colombia (ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့) |
| **ICA** | Institutional and Context Analysis (အဖွဲ့အစည်းဆိုင်ရာနှင့် အခြေအနေ ဆန်းစစ်လေ့လာမှု) |
| **KII** | Key Informant Interview (အဓိကသတင်းပေးနိုင်သူကို တွေ့ဆုံမေးမြန်းမှု) |
| **KOICA** | Korea International Cooperation Agency (ကိုရီးယားနိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ) |
| **LRP** | Livelihoods Recovery for Peace Project (ငြိမ်းချမ်းရေးအတွက် အသက်မွေး ဝမ်းကျောင်းမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေး စီမံချက်) |
| **NGO** | Non-Governmental Organizations (အစိုးရမဟုတ်သောအဖွဲ့အစည်းများ) |
| **ROK** | Republic of Korea (ကိုရီးယားသမ္မတနိုင်ငံ) |
| **SCBMP** | Support to Confidence Building Measures Programme (ယုံကြည်မှုတည် ဆောက်ရေးလုပ်ဆောင်ချက်များ ပံ့ပိုးကူညီမှုအစီအစဉ်) |
| **STEP** | Southern Thailand Empowerment and Participation (ထိုင်းနိုင်ငံတောင်ပိုင်း စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် လူထု ပါဝင်ဆောင်ရွက်မှု) |
| **UNDP** | United Nations Development Programme (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်) |
| **UNICEF** | United Nations Children's Fund |
| **WFP** | World Food Programme |

# အနှစ်ချုပ်

ပဋိပက္ခကိုသတိပြုနားလည်မှုဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ ဆောင်ရွက်ရင်း ပဋိပက္ခများ ဖြစ်ပေါ်နိုင်ပုံကို နားလည်သိရှိထား ခြင်းနှင့် ဖြစ်နေသည့်ပဋိပက္ခကို ပိုဆိုးမသွားစေဘဲ (ဆိုးကျိုးဖြစ်ပေါ်ခြင်းမရှိစေမှု)၊ ဖြစ်နိုင်ခြေရှိသော ပဋိပက္ခကို လျော့ပါးသက်သာစေပြီး ဖြစ်နိုင်ပါက ငြိမ်းချမ်းရေးကို ရရှိစေမည့်၊ ငြိမ်းချမ်းရေးကို ပိုမိုခိုင်မာအားကောင်းစေမည့် နည်းလမ်းဖြင့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ရေးဆွဲ ဆောင်ရွက်ခြင်းဟု အဓိပ္ပါယ်ရပါသည်။

ဒေသန္တရ နှင့် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များအတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုနှင့်စပ်လျဉ်းသည့် UNDP ၏ အတွေ့အကြုံများမှ ရရှိသော သင်ခန်းစာများနှင့် ကောင်းမွန်သော အလေ့အထများကို အမှတ်အရမှတ်တမ်းတင်ရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ပြုစုခြင်း ဖြစ်ပါသည်။ အစီရင်ခံစာတွင် အောက်ပါတို့ကို အလေးပေးတင်ပြထားပါသည် -



- UNDP သည် အစီအစဉ်များ၏ အခန်းကဏ္ဍအမျိုးမျိုးနှင့် အဆင့်အမျိုးမျိုးတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းခြင်းကို အထူးပင် အလေးထားဆောင်ရွက်သော အဖွဲ့အစည်း ဖြစ်ပါသည်။ နိုင်ငံအသီးသီးရှိ ဌာနေရုံးများသည် ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းနိုင်ရန်နှင့် အခြားသော ဌာနေရုံးများနည်းတူ ရင်ဆိုင်နေရသည့် စိန်ခေါ် မှုများ၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံ၏အခြေအနေများတွင်သာ တွေ့ရှိရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းသစ်များနှင့်နည်းဗျူဟာသစ်များကို ဖော်ထုတ်ကာ စမ်းသပ်ဆောင်ရွက်နေကြပါသည်။


- UNDP သည် မကြာခဏဆိုသလို အလွန်ရှုပ်ထွေးသော နိုင်ငံရေးပတ်ဝန်းကျင်များတွင် လုပ်ငန်းများ ဆောင်ရွက်ရတတ်ပါသည်။ ထိုပတ်ဝန်းကျင်များတွင် ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ အခြေခံမူများနှင့် လက်တွေ့ရင်ဆိုင်ဖြေရှင်းနေရသည့် အခြေ အနေများကို ချိန်ညှိရသည်မှာ လွယ်ကူလှသည်မဟုတ်ပါ။ ဥပမာ နိုင်ငံအဆင့် ပါဝင်ဆက်စပ်ပတ်သက်သူအမျိုးမျိုးထံမှ လက်ခံ ယုံကြည်မှုများ ရရှိအောင် ဆောင်ရွက်ရသည့်တစ်ချိန်တည်းတွင် အစိုးရ၏ ဦးစားပေးကိစ္စရပ်များနှင့် ကိုက်ညီအောင် အတတ် နိုင်ဆုံး ညှိနှိုင်းရခြင်း၊ နိုင်ငံတကာအလှူရှင်များ၊ မိတ်ဖက်များနှင့် ဆက်သွယ်ညှိနှိုင်းကာ ၎င်းတို့၏ ဦးစားပေးကိစ္စရပ်များ၊ ၎င်းတို့ကို နိုင်ငံအဆင့်ဆက်စပ်ပတ်သက်သူများမှ ရှုမြင်လက်ခံထားပုံများကို အကောင်းဆုံး အသုံးချနိုင်မည့် သို့မဟုတ် ညှိနှိုင်း ပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေရခြင်း၊  ဒေသန္တရ သို့မဟုတ် ရပ်ရွာဖွံ့ဖြိုးရေး အစီအစဉ်များကို ရေးဆွဲအကောင်အထည် ဖော်သည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် ဌာနေရုံး၏ ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍနှင့် လုပ်ငန်းများကို အထောက်အကူပြုရန်၊ မထိခိုက်စေရန် ဆောင်ရွက်ရခြင်း၊ ဘက်လိုက်သည်ဟူသော အမြင်များ မဖြစ်ပေါ်စေရန် သတိထားဆောင်ရွက်ရသည့် တစ်ချိန်တည်းတွင် သက်သေအထောက်အထားအခြေခံသော စံသတ်မှတ်ချက်များကို အသုံးပြု ကာ အစီအစဉ်ဆောင်ရွက်ပေးရမည့် နေရာဒေသများနှင့် လူအုပ်စုများကို ရွေးချယ်ရခြင်း၊ စသည်တို့ ဖြစ်ပါသည်။

- အမှန်စင်စစ် UNDP သည် ဆိုးကျိုးဖြစ်စေမှုများကို ရှောင်ရှားရန်သာမက ငြိမ်းချမ်းရေး ရလဒ်များ ရရှိအောင် ရည်ရွယ်သော ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်အမျိုးမျိုးကို ဒီဇိုင်းရေးဆွဲအကောင်အထည်ဖော်နေပါသည်။ ထိုအစီအစဉ်များမှ အထောက်အပံ့ပြုသည့် ဖွံ့ဖြိုးမှုရလဒ်အမျိုးအစားများ အမျိုးမျိုးကွဲပြားသော်လည်း များသောအားဖြင့် အသက်မွေးမှုလုပ်ငန်းများ တိုးတက်စေရေး၊ ဝင်ငွေရလုပ်ငန်းများဖန်တီးပေးရေးနှင့် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီရေးတို့ကို အဓိကဦးတည်ပါသည်။ ထို့အတူ UNDP  အစီအစဉ်များမှ မျှော်မှန်းဆောင်ရွက်လေ့ရှိသည့် ငြိမ်းချမ်းရေးဆိုင်ရာ အကျိုးရလဒ်များမှာလည်း အမျိုးမျိုးကွဲပြားပါသည်။ ပုံမှန်အားဖြင့် ပြည်သူနှင့်အစိုးရကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်ရေး၊ စိတ်ဝမ်းကွဲပြားနေသော လူထုအသိုင်းအဝိုင်းများကြား အပြန်အလှန်ဆက်သွယ်မှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေး၊ ဘေးဖယ်ခံထားရသော အုပ်စုများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ စနစ်များတွင် အမြစ်တွယ်နေသော စီးပွားရေးနှင့် လူမှုရေး ဖယ်ချန်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီရေးတို့ ပါဝင်လေ့ရှိပါသည်။ အဓိကရရှိသည့်သင်ခန်းစာမှာ ဆိုးကျိုးမဖြစ်စေရန် (DNH) နှင့် ငြိမ်းချမ်းရေးကို ပံ့ပိုးပေးသော ရည်ရွယ်ချက်များကို နောက်ပိုင်းမှ ပေါင်းထည့်ခြင်းထက် စတင်ဒီဇိုင်းရေးဆွဲစဉ်ကတည်းက ထည့်သွင်းရေးဆွဲထားရမည် ဟူသောအချက် ဖြစ်ပါသည်။ ဒေသန္တရနှင့်ရပ်ရွာ ဖွံ့ဖြိုးရေးစီမံချက်များကို အထိရောက်ဆုံး အသုံးပြုရန် ကြိုးပမ်းသည့်အခါတွင် ပဋိပက္ခကိုဖြစ်စေသည့် အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်၊ ဖယ်ချန်ထားမှုများကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုရရှိအောင် ပံ့ပိုးကူညီရန်ဟူသော ရလဒ်ကောင်းများကို မတော်တဆရရှိခြင်းမျိုးမဟုတ်ဘဲ ထိုရလဒ်များ ထွက်ပေါ်လာစေရေးအတွက် ခိုင်မာသော ညွှန်ကိန်းများ၊ စောင့်ကြည့်လေ့လာမှုများမှတစ်ဆင့် စီမံချက်များကို 'တာဝန်ခံမှုရှိ' ရမည်ဖြစ်ပါသည်။

- ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အကျိုးခံစားခွင့်ရှိသူရွေးချယ်ခြင်းများသည် စီမံချက်များ၏ အောင်မြင်မှု သို့မဟုတ် ကျဆုံးမှုကို အဆုံးအဖြတ်ပေးနိုင်သည့်အရာများ ဖြစ်ပါသည်။ ကောင်းမွန်သည့်အလေ့အထမှာ ပါဝင်ဆက်စပ် ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးရန်အတွက် လုံလောက်သော အချိန်နှင့်အရင်းအမြစ်များကို အစီအစဉ်၏ ကနဦးအစတွင် သာမက အစီအစဉ်တစ်လျှောက်လုံးတွင် ရင်းနှီးမြှုပ်နှံရန်နှင့် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာသော သတ်မှတ်ချက်များထားရှိကာ ထိုသတ်မှတ်ချက်များကိုလည်း ကျယ်ကျယ် ပြန့်ပြန့် ဆက်သွယ်အသိပေးရန် ဖြစ်ပါသည်။ ပဋိပက္ခကိုသတိပြုနားလည်သော အစီအစဉ်များသည် လိုက်လျောညီထွေ ပြောင်းလဲနိုင်သော စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ ဖြင့် ပံ့ပိုးပေးမည်ဆိုပါက ပိုမိုအောင်မြင်နိုင်ပါသည်။ UNDP သည် အခြေအနေဆန်းစစ်လေ့လာချက်မှတွေ့ရှိချက်များနှင့် ပါဝင်ဆက်စပ်ပတ်သက်သူများထံမှထင်မြင်ချက်၊ အကြံပြုချက်များကို တုံ့ပြန်ဆောင်ရွက်ပေးလိုလျှင်ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းများရှိရန်လိုအပ်ပါသည်။ ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုများတွင် တိုးတက်မှုများ ရရှိနေပြီဖြစ်သည့်တိုင် ထိုလုပ်ဆောင်မှုများသည် ယခုမှ အခြေတည်ကာစသာရှိသေးပြီး အလွန်ပျက်ပြယ် ပြောင်းလဲလွယ်သည့် အခြေအနေများတွင် အချက်အလက်များကို စုဆောင်းခြင်းနှင့် မျှဝေခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ စောင့်ကြည့်တိုင်းတာရသည့်အရာများသည် ရေရှည်မှသာအကျိုးရလဒ်ကို သိရှိနိုင်သည့် သဘာဝရှိနေမှုများကလည်း ထိုလုပ်ဆောင်မှုများကို နှောင့်ယှက်ဟန့်တားနေသောအရာများ ဖြစ်ပါသည်။

- ပဋိပက္ခကိုသတိပြုနားလည်မှုအပေါ် ဩဇာသက်ရောက်နိုင်သည့်အချက်များမှာ ယင်းကို အစီအစဉ်အကောင်အထည်ဖော်မှု စက်ဝန်းအတွင်း မည်သို့ ထည့်သွင်းလုပ်ဆောင်သနည်းဟူသည့်အချက်နှင့် ပို၍အရေးကြီးသည်မှာ ယင်းကို ဌာနေရုံးများက မဟာဗျူဟာအဆင့်တွင် မည်သို့ ထည့်သွင်းစဉ်းစားဆောင်ရွက်သနည်းဟူသည့်အချက် ဖြစ်ပါသည်။ UNDP ရုံးများမှ နိုင်ငံများသို့ မည်ကဲ့သို့ အကူအညီပေးရေးအစီအစဉ်မူဘောင်များ ဒီဇိုင်းရေးဆွဲပုံ၊ လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ပုံနှင့် ရှေ့နောက်အစီ အစဉ်သတ်မှတ်ပုံ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုချမှတ်ပုံနှင့် အဖွဲ့အစည်းတွင်းတွင် ပဋိပက္ခကိုသတိပြုနားလည်သော ယဉ်ကျေးမှုအလေ့အထများ အားကောင်းလာအောင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပုံတို့တွင်လည်း ပဋိပက္ခကိုသတိပြုနားလည်မှုက ဩဇာသက်ရောက်နိုင်ရမည်ဖြစ်ပါသည်။

# ထိုတွေ့ရှိချက်များကို အခြေခံကာ အောက်ပါ အကြံပြုချက်များ ထွက်ပေါ်လာပါသည် -



၁) စီမံချက်ဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများအတွက် သက်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများကို ပူးပေါင်းပါဝင်စေသော အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနေရာများအား ဖန်တီးပေးပြီး ရေရှည်အသုံးပြုနိုင်အောင်ထိန်းသိမ်းပေးရန်၊

၂) ရန်ပုံငွေပံ့ပိုးမှုနှင့် မိတ်ဖက်ရွေးချယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ စီမံချက်ဒီဇိုင်းရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းပုံစံများအတွက် လိုအပ်သော အချက်အလက်များ၊ အခြေခံဆုံးဖြတ်ရမည့်အချက်အလက်များ ရရှိစေရန်အတွက် ပဋိပက္ခဆန်းစစ်လေ့လာမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်သွားနိုင်အောင် ရင်းနှီးမြှုပ်နှံရန်၊

၃) ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာပန်းတိုင်များ၊ ရည်ရွယ်ချက်များကို ပေါင်းစပ်ထည့်သွင်းခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများကို သီးခြားဒီဇိုင်းပုံစံရေးဆွဲခြင်းထက် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များနှင့် ရလဒ်များအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုနည်းလမ်းကိုထည့်သွင်းအသုံးပြုကြောင်းသေချာအောင်လုပ်ဆောင်ခြင်းဖြင့်ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးပံ့ပိုးကူညီမှုများမှ ငြိမ်းချမ်းရေးတည်ဆောက်မှုရလဒ်များ အများဆုံး ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

၄) ပဋိပက္ခဆန်းစစ်လေ့လာချက်ကိုအဆင့်ပေါင်းစုံတွင် ဆောင်ရွက်နိုင်အောင်ရင်းနှီးမြှုပ်နှံရန်၊ အထူးသဖြင့် စီမံချက်၏ဦးတည်ဒေသများအတွင်းရှိ ရပ်ရွာအဆင့်တွင်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသခွဲအဆင့်များတွင်လည်း ဆောင်ရွက်ရန်၊

၅) ဖယ်ချန်ခံထားရသည်ဟု ထင်မြင်ယူဆသူများထံမှ ဆန့်ကျင်မှုများပြုလာနိုင်သည့် အန္တရာယ်ကိုလျှော့ချရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးမှုများကို ဦးစားပေးပြုလုပ်ရန်၊ အလားတူ ပါဝင်ဆက်စပ်ပတ်သက်သူများကြား တရားမျှတမှု ရှိသည်ဟူသည့် အသိဖြစ်ပေါ်လာအောင် ဆောင်ရွက်ရန်၊ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ရန်အတွက် ခိုင်မာသည့် စံသတ်မှတ်ချက်များကို တိုင်ပင်ဆွေးနွေးသည့် နည်းလမ်းဖြင့် ချမှတ်ရန်နှင့် ထိုသတ်မှတ်ချက်များကို ပွင့်လင်းမြင်သာစွာချပြရန်၊


၆) ပြောင်းလဲမှုကို တုံ့ပြန်နိုင်သော စီမံချက်စီမံခန့်ခွဲမှုဖွဲ့စည်းပုံတစ်ခုကို တည်ဆောက်ရန်၊

၇) အဆင့်အမျိုးမျိုးတွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများကို တိုင်းတာနိုင်အောင် ရင်းနှီးမြှုပ်နှံရန်။ စီမံချက်နှင့်ဆက်စပ်နေသော ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြေအနေများနှင့် ပိုမိုကျယ်ပြန့်သော နောက်ခံအခြေအနေများအပေါ် စီမံချက်၏ သက်ရောက်မှုကိုမျက်ခြည်မပြတ်စောင့်ကြည့်နေဖို့အရေးကြီးပါသည်။ (စီမံချက်၏ဩဇာသက်ရောက်မှုအဝန်းအဝိုင်းအတွင်းရှိ ပဋိပက္ခနှင့်ငြိမ်းချမ်းရေးဆိုင်ရာ အခြေအနေများ၏ ပြောင်းလဲမှုများကို တိုင်းတာနိုင်သည့်) အပြန်အလှန်သက်ရောက်မှု ညွှန်ကိန်းများ (interaction indicators)ကို ပြုစုခြင်းနှင့် အသုံးပြုခြင်းဖြင့် ဆိုးကျိုးဖြစ်စေနိုင်မှု အန္တရာယ်ကို ဝန်ထမ်းများက နိုးကြားသတိရှိနေပြီး ငြိမ်းချမ်းရေးဆိုင်ရာ ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရရှိလာလျှင်လည်း သိရှိနိုင်ပါသည်။

၈) အဖွဲ့အစည်းများအတွင်းရှိ အဆင့်များအားလုံးတွင် အစီအစဉ်နှင့်စီမံချက်စီမံခန့်ခွဲမှုကို ကျော်လွန်ကာ ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းထားမှု အခြေအနေကို ဆန်းစစ်လေ့လာရန်။

၁.၀။

# နိဒါန်း




ဤလေ့လာမှုအစီရင်ခံစာသည် နိုင်ငံအမျိုးမျိုးရှိ UNDP အဖွဲ့အစည်းများမှ စုစည်းရရှိသည့် ဒေသန္တရနှင့် ရပ်ရွာ ဖွံ့ဖြိုးရေးအစီအစဉ်များအတွင်း ပဋိပက္ခကို သတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မှုဆိုင်ရာ အသိပညာ၊ အချက်အလက်များကို တင်ပြထားခြင်း ဖြစ်ပါသည်။ လေ့လာမှုတွင် ပဋိပက္ခကိုသတိပြုနားလည်မှု၏ 'အနိမ့်ဆုံး' ရည်မှန်းချက်ဖြစ်သော ဆိုးကျိုးဖြစ်စေမှုများကို ရှောင်ရှားရန်မှ 'အမြင့်ဆုံး' ရည်မှန်းချက်ဖြစ်သော ဖွံ့ဖြိုးရေး အကူအညီထောက်ပံ့မှုများသည် ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုရန်အထိ ရည်မှန်းချက် အမျိုးမျိုးအတွက် အသုံးပြုသည့်နည်းဗျူဟာများကို လေ့လာဆန်းစစ်ကာ အတွေ့ရများသော စိန်ခေါ်မှုများ၊ ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် ဤနယ်ပယ်တွင် ကျင့်သုံးနေကျ သို့မဟုတ် အသစ်လက်ခံကျင့်သုံးလာသည့် ကောင်းမွန်သော အလေ့အထများကို လေ့လာမှတ်တမ်းတင်နိုင်ရန် ကြိုးပမ်းထားပါသည် (ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ သဘောတရားများနှင့်စပ်လျဉ်း၍အသေးစိတ်အချက်အလက်များကို ဇယား ၁ နှင့် အပိုင်း ၄-၂ တွင် ကြည့်ပါရန်)။

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု အခြေအနေများတွင် ဒေသန္တရနှင့် ရပ်ရွာ ဖွံ့ဖြိုးရေးအတွက် အသုံးပြုရမည့် နည်းလမ်းများကို သိရှိရန်နှင့် နှိုင်းယှဉ်လေ့လာ၍ သင်ခန်းစာများရယူရန် ဖြစ်ပါသည်။ ထို့ပြင် ပဋိပက္ခအခြေအနေများတွင် ဖွံ့ဖြိုးရေး လုပ်ဆောင်နေသော အခြားသူများနှင့် UNDP ဌာနေအဖွဲ့များ အသုံးပြုနိုင်ရန်လည်း ဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ (ROK) နှင့် ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ "Saemaul Initiative Towards Inclusive and Sustainable New Communities" အစီအစဉ်၏ ရန်ပုံငွေဖြင့် UNDP မှ ဆောင်ရွက်ခဲ့သည့် ပဏာမလုပ်ငန်းစဉ် တစ်ခုတွင် ပါဝင်သည့် လေ့လာမှုတစ်ခုကို အခြေခံကာဤအစီရင်ခံစာကို ပြုစုထားခြင်း ဖြစ်ပါသည်။ ဤပဏာမလုပ်ငန်းစဉ်သည် KOICA မှ မြန်မာနိုင်ငံ (နှင့် အခြား နိုင်ငံများ) သို့ နှစ်ဖက်သဘောတူပံ့ပိုးပေးသော ရန်ပုံငွေများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အသိပညာစီမံခန့်ခွဲမှု၊ စွမ်းရည်မြှင့်တင်မှုနှင့် မူဝါဒအကြံပေးမှု နည်းလမ်းများဖြင့် ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များ အတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းမှု အားကောင်းလာစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းအား ပြည့်စုံစေရန် ရည်ရွယ်ပါသည်။ ပဏာမလုပ်ငန်းစဉ်တွင် ကမ္ဘာ့နိုင်ငံများမှ ကောင်းမွန်သော အလေ့အထကျင့်သုံးမှုများကို လေ့လာခဲ့သည့်အပြင် မြန်မာနိုင်ငံရှိ ကောင်းမွန်သော အလေ့အထများနှင့် သင်ခန်းစာများကိုလေ့လာခြင်း၊ ပဋိပက္ခကို သတိပြုနားလည်မှုဖြင့်ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲမှုဆိုင်ရာ စွမ်းရည်မြှင့်တင်မှုများ၊ အစိုးရအရာရှိများအတွက် လေ့လာရေးခရီးစဉ်တစ်ခု၊ ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်များကို အကောင် အထည်ဖော်နေသော သို့မဟုတ် စောင့်ကြည့်လေ့လာသော အစိုးရအဖွဲ့အစည်းများမှ အသုံးပြုရန်အတွက် ညွှန်ကိန်းမူဘောင်တစ်ခု ရေးဆွဲခြင်း တို့လည်း ပါဝင်သည်။

ဇယား ၁

## ပဋိပက္ခကိုသတိပြုနားလည်မှုအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း





ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များကို မည်သည့်ကဏ္ဍတွင် လုပ်ဆောင်နေသည်ဖြစ်စေ ထိုလုပ်ဆောင်ချက်များသည် ပဋိပက္ခကိုတွန်းအားပေးဖြစ်ပေါ်စေသော အကြောင်းများကို ပိုမိုဆိုးရွားစေနိုင်သည့်အလားအလာ သို့မဟုတ် ရေရှည်ငြိမ်းချမ်းရေးရလဒ်ကောင်းများရရှိအောင် ပံ့ပိုးကူညီပေးနိုင်သည့် အလားအလာများ ရှိပါသည်။ ဒုတိယရလဒ်ကို ရရှိရန်အတွက် ဖွံ့ဖြိုးရေး အစီအစဉ်များသည် တတ်နိုင်သမျှ တင်းမာမှုများကို ဖန်တီးခြင်း သို့မဟုတ် ပိုဆိုးစေခြင်းကို ရှောင်ရှားပြီး ငြိမ်းချမ်းရေးကို ပံ့ပိုးထောက်ကူပေးရန် လိုအပ်ပါသည်။ ထိုအတွက် လုပ်ဆောင်သူများနှင့် အစီအစဉ်များသည် ပဋိပက္ခကို သတိပြုနားလည်ဖို့ လိုအပ်ပါသည်။

ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်း မရှိစေမှု(Do No Harm - DNH)တို့သည်အလွန်နီးစပ်သော သဘောတရားများဖြစ်ပြီး မကြာခဏဆိုသလို အပြန်အလှန် ဖလှယ်သုံးစွဲလေ့ရှိပါသည်။ မူလက DNHသည် ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် နောက်ခံအခြေအနေများကြား အပြန်အလှန်သက်ရောက်မှု၏ ဆိုးကျိုးများကိုရှောင်ရှားရန် နှင့် ကောင်းကျိုးများကို တိုးပွားအောင် ဆောင်ရွက်ရန် ဟူသည့် အဓိပ္ပါယ်နှစ်မျိုးစလုံးဆောင်ပါသည်။ သို့သော် အချိန်ကာလ ရွေ့လျားပြောင်းလဲလာသောအခါ ဖွံ့ဖြိုးရေး လုပ်ဆောင်သူအများအပြားက ဤအဓိပ္ပါယ်ဖွင့်ဆိုချက်၏ ပထမအပိုင်းကိုသာ အာရုံစိုက်ကြပြီး ယခုအချိန်တွင် DNH ၏ အပေါ်ယံတန်ဖိုးကိုသာ၊ ဆိုလိုသည်မှာ 'ဆိုးကျိုးဖြစ်စေမှုကို ရှောင်ရှားရန်'ကိုသာ အလေးထား နေကြပါသည်။ သို့သော် DNH နှင့် ပဋိပက္ခကို သတိပြုနားလည်မှု နှစ်မျိုးစလုံးသည် 'ဆိုးကျိုးမဖြစ်စေမှု'နှင့် 'ကောင်းကျိုးဖြစ်စေမှု' အဓိပ္ပါယ်နှစ်မျိုးလုံးရသည်ဟု နားလည်ထားဖို့ လိုအပ်ပါသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန်အတွက် ဖွံ့ဖြိုးရေး အကူအညီထောက်ပံ့မှုများကို အသုံးချရန်ဖြစ်ပါသည်။

ပဋိပက္ခကိုသတိပြုနားလည်မှုသည် လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းတစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ဆောင်သူများသည် အောက်ပါတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည် -

- ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် နောက်ခံအခြေအနေ အကြောင်းအရာများကို နားလည်သဘောပေါက်ရန်၊
- ၎င်းတို့၏ အစီအစဉ် (များ)သည် ထိုအခြေအနေများနှင့် အပြန်အလှန်သက်ရောက်မှုရှိပုံကို နားလည်သဘောပေါက်ရန်၊
- ထိုအပြန်အလှန်သက်ရောက်မှုမှ ဆိုးကျိုးရလဒ်များကို အနည်းဆုံးဖြစ်စေပြီး ကောင်းကျိုးရလဒ်များကို အမြင့်မားဆုံးရရှိစေရန်အတွက် ၎င်းတို့၏ အစီအစဉ် (များ)ကို လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်ရန်။




### ၁-၁။ နောက်ခံအကြောင်းအရာ

ယခုအခါ ဖွံ့ဖြိုးမှုဆိုင်ရာကူညီထောက်ပံ့မှုများ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့ကြား အပြန်အလှန်ဆက်စပ်နေမှုများသည် ယခင်ကထက် ပိုမို၍ အရေးပါလာပါသည်။ ၂၀၁၁ခုနှစ်တွင် ထုတ်ဝေခဲ့သော ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာတွင် အတိအလင်း ဖော်ပြထားသကဲ့သို့ပင် လက်နက်ကိုင် ပဋိပက္ခသည်ထပ်တလဲလဲသံသရာလည်နေလေ့ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဥ်း၍လည်း အလွန်ကြီးမားသော ဆုံးရှုံးမှုများကို ဖြစ်စေနိုင်ပါသည်။ ထိုအစီရင်ခံစာကိုထုတ်ဝေခဲ့သည့်အချိန်က ဝင်ငွေနည်းပါးပြီးအချိန်မရွေး ပဋိပက္ခဖြစ်ပွားနိုင်သော သို့မဟုတ် ပဋိပက္ခနှင့် ဆက်နွယ်နေသော နိုင်ငံများထဲတွင် ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်(MDG) ၏ လျာထားသတ်မှတ်ချက် တစ်ခုတစ်လေကိုပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံမျှမရှိခဲ့ပါ။ ဤသည်မှာ အထက်ဖော်ပြပါအချက်ကိုသက်သေခံနေပါသည်။ [၁] စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် ၁၆ သည် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့်အားကောင်းခိုင်မာသော အဖွဲ့အစည်းများကို အားပေးမြှင့်တင်ရန်ဖြစ်ပြီး လက်နက်ကိုင် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် လုံခြုံမှုမရှိခြင်းများသည် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးသက်ရောက်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးကို လိုအပ်သည်ဟူသောအချက်ကို အသိအမှတ်ပြုထားသော ပန်းတိုင်ပင်ဖြစ်ပါသည်။

UNDPသည် နိုင်ငံပေါင်း၁၇၀ကျော်တွင်ဆင်းရဲမှု၊ တန်းတူညီမျှမရှိမှုနှင့်ဖယ်ချန်ထားမှုများကို ပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်နေပြီး ဒီမိုကရေစီနည်းကျအုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့်ဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိမှုတို့အတွက် အဓိကဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ UNDPသည် ပဋိပက္ခနှင့်ပဋိပက္ခဖြစ်ပြီး နောက်ပိုင်းအခြေအနေများ၌ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်ရန်အတွက် သာမကပဋိပက္ခကို တားဆီးကာကွယ်ပြီးငြိမ်းချမ်းရေးကို ရေရှည်ထိန်းသိမ်းရန် အထောက်အကူပြုသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှု နှစ်မျိုးစလုံးကို ပြုစုပျိုးထောင်လာခဲ့ပါသည်။ ဤအစီရင်ခံစာတွင် UNDP ၏ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအစီအစဉ်များမှပဋိပက္ခကိုသတိပြု နားလည်မှုအလေ့အထများ၊ ကျင့်သုံးမှုများနှင့် စပ်လျဥ်းသည့် အသိပညာများ၊ နှိုင်းယှဉ်လေ့လာစရာ သင်ခန်းစာများကို တင်ပြနိုင်ရန် ကြိုးပမ်းထားပါသည်။

### ၁-၂။ အသုံးပြုသော နည်းလမ်းများ

ဤလေ့လာမှုသည် UNDP မှ ဆောင်ရွက်နေဆဲ သို့မဟုတ် လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း (၂၀၁၄-၂၀၁၆) ဆောင်ရွက်ပြီးစီးခဲ့သည့် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအစီအစဉ်

---

၁ ကမ္ဘာ့ဘဏ်၊ 'ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ - ပဋိပက္ခ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု'၊ ၂၀၁၁၊ စာမျက်နှာ ၅။

များမှသင့်လျော်ရာအတွေ့အကြုံများကိုအခြေခံထားပါသည်။ လေ့လာမှုတွင် အောက်ခြေအဆင့်များ (ပြည်နယ်များ/တိုင်းဒေသကြီးများ၊ မြို့နယ်များ၊ ကျေးရွာအုပ်စုများ၊ ကျေးရွာများ) ရှိ ဒေသန္တရအရင်းအမြစ်များ၊ ယန္တရားများနှင့် စွမ်းဆောင်ရည်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချကာ ဒေသ၏စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းကို တိုးတက်အောင်ရည်ရွယ်လုပ်ဆောင်နေသော အစီအစဉ်များကို လေ့လာထားပါသည်။ လေ့လာမှုတွင် DNH ဆောင်ရွက်ချက်များနှင့်/သို့မဟုတ် ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုသည့် လုပ်ဆောင်ချက်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်နေသော အစီအစဉ်များကို ရွေးချယ်လေ့လာခဲ့ပါသည်။

လေ့လာမှု၏ အတိုင်းအတာကို ကန့်သတ်ရန်နှင့် ပိုမိုတိကျသေချာသည့် တွေ့ရှိချက်များကို ရရှိစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုအားလုံးကို ခြုံငုံလေ့လာခြင်းထက် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကိုသာ အဓိကထားလေ့လာခဲ့ပါသည်။ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားလေ့လာမှုသည် UNDP နှင့်လည်း ဆီလျော်ကိုက်ညီမှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် UNDP သည် ဆင်းရဲမှု လျှော့ချရေး၊ အသက်မွေးမှုလုပ်ငန်းများနှင့် စောလျင်စွာ ပြန်လည်ထူထောင်ရေးအစီအစဉ်များကို နိုင်ငံတွင်းနှင့် နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် သင်ခန်းစာများ ရှိထားသောကြောင့် ဖြစ်ပါသည်။ သို့သော် ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း တွေ့ရှိချက်အများအပြားသည် အခြားသော ဖွံ့ဖြိုးရေးအကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများနှင့်လည်း ဆီလျော်ကိုက်ညီမှုရှိပါသည်။

လေ့လာမှုတွင် အလွှာလိုက်ဆောင်ရွက်သော နည်းစနစ် (layered method) ကို အသုံးပြုခဲ့ပါသည်။ ကနဦးအနေဖြင့် ဆက်စပ်ဆီလျော်သည့် ဥပမာသာဓကများ ရရှိနိုင်ရန်အတွက် UNDP ၏ မူဝါဒနှင့်အစီအစဉ်ပံ့ပိုးမှုဗျူရို (Bureau for Policy and Programme Support - BPPS) မှ ၂၀၁၆ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် UNDP ၏ ကမ္ဘာတစ်ဝှမ်းမှ ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများအကြောင်း လေ့လာမှုကို ရည်ညွှန်းကိုးကားခဲ့ပါသည်။ အစီအစဉ်နှင့် စီမံချက်တစ်ခုချင်းစီအကြောင်း အသေးစိတ်ထပ်မံ လေ့လာနိုင်ရန်အတွက် UNDP ၏ ဒေသဆိုင်ရာဗျူရိုမှ ဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဒေသဆိုင်ရာနှင့် ဌာနေရုံးများတွင် အခြေစိုက်သော UNDP ဝန်ထမ်းများ (အစီအစဉ်မန်နေဂျာများ၊ စီမံချက်မန်နေဂျာများနှင့် ပဋိပက္ခဆိုင်ရာအကြံပေးများ) နှင့် မိနစ် ၆၀ မှ ၉၀ အထိ ကြာမြင့်သောတွေ့ဆုံမေးမြန်းမှုများ (KIIs) ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူများထံမှ အတွေ့အကြုံများနှင့် ရရှိခဲ့သောသင်ခန်းစာများကို ရိုးရိုးသားသား သုံးသပ်ဆင်ခြင်မျှဝေပေးစေလိုသည့်အတွက် အမည်များကို လျှို့ဝှက်ထိန်းသိမ်းပေးထားမည့်အကြောင်း အသိပေးခဲ့ပါသည်။


ဤလေ့လာမှုကို အဓိကအခြေပြုသော သုတေသနမေးခွန်းမှာ - ဤအတွေ့အကြုံ/အစီအစဉ်/ စီမံချက်မှ ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်များရေးဆွဲဆောင်ရွက်သည့်နေရာတွင် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ရေရှည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခြင်း၊ ပဋိပက္ခကိုသတိပြုနားလည်မှုအား အသုံးချခြင်း၊ ယင်း၏ သက်ရောက်မှုကို တိုင်းတာခြင်းတို့နှင့် စပ်လျဉ်း၍ မည်သည့် သင်ခန်းစာကို ရရှိခဲ့ပါသနည်း။ ပို၍တိကျစွာဆိုရလျှင် ဤလေ့လာမှုသည် လုပ်ငန်းစဉ်များက DNH ချဉ်းကပ်မှုနှင့်/သို့မဟုတ်ငြိမ်းချမ်းရေးကို အထောက်အကူပြုမှုကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ရှိပါသလား၊ မည်သို့ လိုက်နာဆောင်ရွက်ခဲ့ပါသနည်း၊ ဤရည်ရွယ်ချက်သည် အစီအစဉ် သို့မဟုတ် စီမံချက်အကောင်အထည်ဖော်မှု၏ အဆင့်အမျိုးမျိုး၊ ရေရှည်ဆောင်ရွက်နိုင်မှု၊ တိုင်းတာနိုင်မှု၊ နည်းလမ်းကိရိယာများ၊ ဆန်းသစ်တီထွင်မှုများနှင့် သင်ခန်းစာများရယူရန်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ပါသလား၊ မည်သို့ ဆောင်ရွက်ပါသနည်း။

ဤလေ့လာမှုတွင် ပဋိပက္ခကိုသတိပြုနားလည်မှု၏ သီအိုရီတစ်ခုသို့မဟုတ် ချဉ်းကပ်နည်းတစ်ခုကို စမ်းသပ်စစ်ဆေးရန်မဟုတ်ဘဲ အသုံးဝင်မည့် အတွေ့အကြုံများကို ဆန်းစစ်လေ့လာကာ ရယူနိုင်မည့် သင်ခန်းစာများကို ထုတ်ယူရန်သာ ရည်ရွယ်ပါသည် (ဤလေ့လာမှုတွင် အသုံးပြုထားသော သို့မဟုတ် ရည်ညွှန်းကိုးကားထားသော UNDP ၏ အဓိကအစီအစဉ်များနှင့်စီမံချက်များကို အပိုင်း ၄-၁ တွင်အကျဉ်းချုပ်ဖော်ပြထားပါသည်)။ လေ့လာမှုတွင် UNDP ၏ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအစီအစဉ်များကိုသာ အလေးပေးသည့် ကန့်သတ်မှုများရှိခဲ့သောကြောင့် အတိုင်းအတာကြီးမားသည့် ဖွံ့ဖြိုးမှုစီမံချက်များ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို လွှမ်းခြုံလေ့လာနိုင်ခဲ့ခြင်းမရှိပါ။

၂-၀။

# တွေ့ရှိချက်များ

## ဒေသတွင်းရှိ ရန်ကုန်နှင့်ရပ်ရွာဖွံ့ဖြိုးရေးအတွက် ကျင့်သုံးနေသော အလေ့အထများ၏ ပဋိပက္ခကိုသတိပြုနားလည်မှု



## ၂-၁။ အခြေခံမူများ၊ မူဝါဒနှင့် နည်းဗျူဟာ

အစီရင်ခံစာ၏ ဤအပိုင်းတွင် အခြေခံမူများနှင့် ပိုမိုကျယ်ပြန့်သော နည်းဗျူဟာဆိုင်ရာကိစ္စရပ်များကို လေ့လာထားပါသည်။ အဘယ်ကြောင့် ဆိုသော် ယင်းတို့သည် နိုင်ငံတွင်းရှိ ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးမှုလုပ်ငန်းများ အပေါ် တိုက်ရိုက်သက်ရောက်နိုင်သလို သွယ်ဝိုက် သက်ရောက်မှုများလည်း ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

### ၂-၁-၁-။ ဘက်လိုက်ခြင်းမရှိကြောင်းသေချာစေသည့် တစ်ချိန်တည်းတွင် အစိုးရ၏ လက်ခံယုံကြည်မှုကို ရယူခြင်း

မဟာဗျူဟာကျထည့်သွင်းစဉ်းစားရသည့် အရေးအကြီးဆုံး သောအချက်မှာ ဘက်လိုက်မိခြင်းမရှိအောင် သတိထား ဆောင်ရွက်နေစဉ် တစ်ဘက်တွင် အစိုးရ၏ လက်ခံယုံကြည်မှု ကို ရရှိအောင် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ နိုင်ငံအချို့တွင် အထူးသဖြင့် အစိုးရသည် ပဋိပက္ခတွင် ပါဝင်နေသူ သို့မဟုတ် ပါဝင်ခဲ့သူ ဖြစ်လျှင် အစိုးရ၏ ထောက်ခံအားပေးမှုကို ရယူခြင်းနှင့် အခြားသော နိုင်ငံရေးနှင့် အရပ်ဘက်လုပ်ဆောင် သူများ (များသောအားဖြင့် အစိုးရ၏ အတိုက်အခံများ) ကို ပါဝင်လာအောင်ဖိတ်ခေါ်ခြင်းတို့ကြား အလွန်သတိထား လုပ်ဆောင်ရပါသည်။ ရရှိခဲ့သော အဓိကသင်ခန်းစာများမှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဘက်လိုက်ခြင်းကင်းသည့် ရပ်တည်မှုကို အလေးထားရန်၊ လုပ်ငန်းများကို စနစ်တကျ စီစဉ်ပြင်ဆင်ရန်၊ ယုံကြည်မှုကို အချိန်ယူတည်ဆောက်ရန်နှင့် မဟာဗျူဟာကျမိတ်ဖက်ပြုမှုများ တည်ဆောက်ရန်တို့ ဖြစ်ပါသည်။


ထိုင်းနိုင်ငံတွင် UNDP သည် ထိုင်းနိုင်ငံတောင်ပိုင်း စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် လူထုပါဝင်ဆောင်ရွက်မှု (Southern Thailand Empowerment and Participation - STEP) အစီအစဉ်ကို ရည်ရွယ်ချက်သုံးခုဖြင့် ဆောင်ရွက် လျက်ရှိရာ ရည်ရွယ်ချက်တစ်ခုမှာ လိုအပ်ချက်များ ရှိနေသော လူမှုအသိုင်းအဝိုင်းများနှင့် ပြည်သူများကို ရပ်ရွာဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်စွာ စီမံဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များ ပံ့ပိုးပေးကာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် လူသားဘေးကင်း လုံခြုံရေးနှင့်လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုတို့ တိုးတက်စေရန် ဖြစ်ပါသည်။ နိုင်ငံတောင်ပိုင်း၌ အစိုးရနှင့်ခွဲထွက်ရေးဝါဒီ များကြား ပဋိပက္ခဖြစ်ပွားနေသော အခြေအနေတွင် စီမံချက်သည် ဗုဒ္ဓဘာသာနှင့် မွတ်စလင် အသိုင်းအဝိုင်း များကြား လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုရရှိစေရန် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များကို အထိရောက်ဆုံး အသုံးချနိုင်အောင် ကြိုးပမ်းခဲ့ပါသည်။ ဦးစွာ UNDP သည် တောင်ပိုင်းဒေသရှိ အစိုးရ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့များနှင့် ထိတွေ့ ဆက်သွယ်မှုများစွာ ပြုလုပ်ကာ စီမံချက် အကောင်အထည် ဖော်ရေးအတွက် လိုအပ်သော ယုံကြည်မှုကို တည်ဆောက် နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ထို့ပြင် စီမံချက်အကောင်အထည် ဖော်သည့် ကာလတစ်လျှောက်လုံးတွင်လည်း ဤသို့သော ထိတွေ့ဆက်သွယ်မှုများကို ဆက်လက်ပြုလုပ်သွားနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ အဆက်မပြတ် ထိတွေ့ဆက်သွယ်မှုများရှိနေသည့် အတွက် တစ်ဘက်တွင် စီမံချက်သည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း မဟုတ်ကြောင်း အစိုးရကို သံသယ ကင်းရှင်းစေပြီး အခြားတစ်ဘက်တွင် စီမံချက်၏ ကူညီထောက်ပံ့မှုများသည် ဘက်လိုက်ခြင်းမရှိဘဲ အားလုံး ပါဝင်ဆောင်ရွက်နိုင်ကြောင်း အခြားပါဂင်ဆက်စပ်ပတ် သက်သူများထံမှ ယုံကြည်စိတ်ချမှုများ ရရှိစေပါသည်။ ဒုတိယအဆင့်အနေဖြင့် စီမံချက်သည် ပါဂင်ဆက်စပ် ပတ်သက်သူအားလုံး (ဗဟိုအစိုးရ၊ ဒေသခံအာဏာပိုင်များ နှင့် ဒေသခံ ရပ်ရွာလူထုကိုယ်စားလှယ်များ) ကြား ဆွေးနွေးမှုများပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေးခဲ့ပြီး အသိုင်းအဝိုင်းနှစ်ခုကြား စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်း လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးပေးမည့် 'ကြားနေသော' အရပ်ဘက်လုပ်ဆောင်သူများကို ရွေးချယ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဆွေးနွေးပွဲများတွင် အားလုံး၏ သဘောတူညီချက်ကို ရယူနိုင်အောင် ကူညီပံ့ပိုးပေးပါသည်။ ပါဂင်ဆက်စပ်ပတ်သက်သူများက စီမံချက်ဆောင်ရွက်နေသည့် ဒေသရှိ တက္ကသိုလ်တစ်ခုမှ ပါမောက္ခများကို အများ လေးစားယုံကြည်ပြီး အကြားအမြင်ဗဟုသုတများကာ 'ကြားနေသည့်' ပံ့ပိုးကူညီသူများအဖြစ် အများသဘောတူညီမှု ဖြင့် ရွေးချယ်သတ်မှတ်ပေးခဲ့ကြပါသည်။ ဤနေရာတွင်တွေ့ရသော ကောင်းမွန်သည့် အလေ့အထမှာ 'ကြားနေသည့်' မိတ်ဖက်များ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ရုံသာမက ၎င်းတို့ကို စီမံချက်၏ပါဂင်ဆက်စပ်ပတ်သက်သူများကိုယ်တိုင် သတ်မှတ်ရွေးချယ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်ပါသည်။ မော်ဒိုဗာ ရှိ UNDP သည် နစ်စထရူမြစ်ကမ်းတစ်ဖက်စီ တွင် နေထိုင်သော (၁၉၉၂ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ထရန့်နစ် စထရီယန်ပဋိပက္ခကြောင့် သီးခြားစီနေထိုင်ကြသော) လူမှု

အသိုင်းအဝိုင်းများကို ပေါင်းကူးချိတ်ဆက်ပေးရန် ရည်ရွယ်ချက်ဖြင့် ယုံကြည်မှု တည်ဆောက်ရေး လုပ်ဆောင်ချက်များ ကူညီပံ့ပိုးမှု အစီအစဉ် (Support to Confidence Building Measures Programme - SCBMP) ကို အကောင်အထည်ဖော်နေပါသည်။ ဦးစွာစီမံချက်သည် ဒေသခံအာဏာပိုင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အခြားသော ပါဝင် ဆက်စပ်ပတ်သက်သူများကို အားလုံးနှင့်သက်ဆိုင်သည့် ဖွံ့ဖြိုးရေးပြဿနာများဖြေရှင်းရာတွင်ပါဝင်လုပ်ဆောင်စေခြင်း ဖြင့် ချိတ်ဆက်ပေးပြီး ဒုတိယနည်းလမ်းမှာ ဒေသခံရပ်ရွာ လူထုများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီပေးသည့်နည်း ဖြစ်ပါသည်။ ထိုင်းနိုင်ငံရှိ STEP နည်းတူ စီမံချက်သည် ယုံကြည်လက်ခံမှု ရရှိရန်နှင့် မတူညီသော လိုလားချက်များကို ဟန်ချက်ညီမျှတအောင် ချိန်ညှိရန်အတွက် စီမံချက်ကို အကောင်အထည်မဖော်မီ အချိန်များစွာယူကာ မော်ဒိုဗာဗဟိုအစိုးရ၊ ထရန့်နစ်စထရီ ယန်အာဏာပိုင်များနှင့် ယုံကြည်မှု တည်ဆောက်ခဲ့ပါသည်။ ထို့ပြင် ဒေသန္တရနှင့်ရပ်ရွာ ဖွံ့ဖြိုးရေးစီမံချက်များနှင့်စပ်လျဉ်း၍ ပါဝင် ဆက်စပ်ပတ်သက်သူများမှ ထားရှိသော မျှော်လင့်ချက် များကို ကောင်းစွာစီမံကိုင်တွယ်ရန် အရေးကြီးပုံကိုလည်း စီမံချက်ဝန်ထမ်းများက ပြောပြကြပါသည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သော စီမံချက်များသည် စိတ်ဝမ်းကွဲပြားနေသော လူမှုအသိုင်းအဝိုင်းများကြား ချိတ်ဆက်မှုများကို ခိုင်မာအောင် အထောက် အကူပြုနိုင်သော်လည်း အချို့ပါဝင်ဆက်စပ် ပတ်သက်သူများ မျှော်လင့်နေသကဲ့သို့ ရေရှည်တည်မြဲသော ငြိမ်းချမ်းရေးကို ရယူပေးနိုင်သည်အထိဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ဤသည်မှာ ထိုလုပ်ငန်းများ၏ လုပ်ငန်းတာဝန် အတိုင်းအတာထက် များစွာကျော်လွန်နေသောကြောင့် ဖြစ်ပါသည်။

UNDP သည် ဗီရာဂစ်သမ္မတနိုင်ငံနှင့် တာဂျစ်ကစ်စတန်တွင် ရေရှည်တည်မြဲသော ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုအတွက် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက် ရေး (Cross-border Cooperation for Sustainable Peace and Development - CBCSPD) စီမံချက် (၂၀၁၅- ၂၀၁၇) ကို ဆောင်ရွက်နေပါသည်။ ထိုစီမံချက်သည် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နေသော တာဂျစ်-ခီရာဂစ် ကျေးရွာအစုအဖွဲ့များရှိ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ နှင့်/ သို့မဟုတ် ဖယ်ချန်ခံထားရသော လူမှုအသိုင်းအဝိုင်းများကြား ပူးပေါင်းဆောင်ရွက်မှုနှင့်ယုံကြည်မှုများကို တိုးပွားလာစေခြင်း ဖြင့် နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုများ အသစ် ပြန်လည်ဖြစ်ပွားလာနိုင်သည့် အန္တရာယ်ကို လျော့ပါးသွား အောင် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။


ထိုရည်ရွယ်ချက်အတွက် ရပ်ရွာလူထုအသိုင်းအဝိုင်းများကို ရပ်ရွာအခြေခံ အဆောက်အအုံများအား အတူတကွ ပြန်လည်ပြင်ဆင်ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊ သဘာဝသယံဇာတများကို အတူ တကွ အသုံးပြုခြင်းနှင့် စီမံခန့်ခွဲစေခြင်းဖြင့် ပေါင်းစည်းမှုများ ရရှိအောင် ကူညီပံ့ပိုးပေးပြီး မတူညီသောအုပ်စုများမှ လူငယ်များနှင့် အမျိုးသမီးများကြား ပေါင်းစည်းမှုများ ရရှိအောင် အဓိကဦးတည်ဆောင်ရွက်ပါသည်။ စီမံချက်မှ ရရှိသောသင်ခန်းစာအရ အစီအစဉ်များအတွက် နိုင်ငံရေးအားပေးထောက်ခံမှုများ ဆက်လက်ရရှိနေစေရန် ဗဟိုအဆင့်နှင့်ဒေသန္တရအဆင့် နှစ်ဆင့်စလုံးမှ အရာရှိများနှင့် မကြာခဏထိတွေ့ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်သည်ဟူသောအချက်ကို ပိုမို ခိုင်မာစေပါသည်။ ကောင်းမွန်သောကျင့်သုံးမှုတစ်ခုအဖြစ် အစီအစဉ်သည် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲစောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ကို လည်း ဖွဲ့စည်းထားပါသည်။ ထိုအဖွဲ့သည် စီမံချက်ဒေသ များသို့ အတူတကွသွားရောက်စစ်ဆေးကာ ပိုမိုကောင်းမွန် အောင် လုပ်ဆောင်သင့်သည်များအတွက် ပူးတွဲအကြံပြုချက် များပေးကြပါသည်။ ထိုသို့ လုပ်ဆောင်သည့်အတွက် အစိုးရနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းက စီမံချက်ကို ၎င်းတို့၏ ကိုယ်ပိုင်ဖြစ်သည်၊ ၎င်းတို့နှင့်သက်ဆိုင်သည် ဟူသော ခံယူမှုများကို တိုးပွားစေပြီး ပါဝင်ဆက်စပ် ပတ်သက်သူများကြား ပိုမိုကျယ်ပြန့်စွာ ပေါင်းစပ် ညှိနှိုင်းနိုင်သည့် အခွင့်အလမ်းကိုလည်း ပေးနိုင်ခဲ့ပါသည်။ ထိုအစီအစဉ်ကို လေ့လာကြည့်ခြင်းအားဖြင့် UNDP ၏ စီမံချက် အုပ်ချုပ်ရေးယန္တရားများကို ပဋိပက္ခကိုသတိပြု နားလည်မှု ဆောင်ရွက်ချက်များအဖြစ် ဆန်းသစ်တီထွင်ကာ အသုံးပြုနိုင်ပုံကို တွေ့ရှိခဲ့ရပါသည်။

ချစ်တဂွန်တောင်တန်းဒေသ (Chittagong Hills Tracts - CHT)တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ UNDP ဘင်္ဂလားဒေ့ရှ်၏ အတွေ့အကြုံများမှအကဲဆတ်သည့် နိုင်ငံရေးအခြေအနေများတွင် နိုင်ငံရေးအားပေးထောက်ခံ မှုများကို ရရှိစေသည့် နည်းဗျူဟာများနှင့် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများအကြောင်း အဖိုးတန်သင်ခန်းစာများကို ရရှိပါသည်။ ချစ်တဂွန်တောင်တန်းဒေသ ဖွံ့ဖြိုးရေးအစီအစဉ် (Chittagong Hills Tracts Development Facility - CHTDF) သည် အတိုင်းအတာကြီးမားသည် ဖွံ့ဖြိုးမှု အစီအစဉ်ကြီးဖြစ်ပါသည်။ ရည်ရွယ်ချက်များမှာ CHT ရှိ အဖွဲ့အစည်းများအား လူထုအခြေပြု ဖွံ့ဖြိုးရေးအစီအစဉ် များကို ထိထိရောက်ရောက် အစီအစဉ်ရေးဆွဲ၊ စီမံခန့်ခွဲ နိုင်ပြီး နည်းပညာအကူအညီများပေးနိုင်သည်အထိ





စွမ်းရည်မြှင့်တင်ပေးရန်၊ အသေးစားဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များမှတစ်ဆင့် တိုင်းရင်းသားလူမျိုးစုငယ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ ဆွေးနွေးဖလှယ်မှုနှင့် ပြဿနာဖြေရှင်းမှုများမှတစ်ဆင့် အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက်ပေးရန် တို့ဖြစ်ပါသည်။ ထိုစဉ်က အစိုးရ၏ အနေအထားမှာ ပြည်တွင်းစစ်ပြီးဆုံးသွားပြီဖြစ်၍ ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်နေသည့် အချိန် ဖြစ်ပါသည်။ ထိုအခြေအနေတွင် UNDP သည် စီမံချက်၏ ပဋိပက္ခကို သတိပြုနားလည်မှု ရည်ရွယ်ချက်များအား 'ငြိမ်းချမ်းရေးကိုသတိပြုနားလည်မှု' ရည်ရွယ်ချက်များအဖြစ် ပြန်လည်ပြင်ဆင်ချမှတ်ခဲ့ပါသည်။ ယင်းသည် အစိုးရ၏လက်ခံယုံကြည်မှုကို ရယူသည့်အလုပ်အား ပိုမိုလွယ်ကူစေခဲ့ပါသည်။ တစ်ဘက်တွင်လည်း စီမံချက်လုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်များကိုလည်း မထိခိုက်စေခဲ့ပါ။ အလားတူပင် ပါဝင်ဆက်စပ်ပတ်သက်သူများက 'ငြိမ်းချမ်းရေးတည် ဆောက်မှု' ဟူသည့် အသုံးအနှုန်းကို မကြိုက်ပါက CHT စီမံချက်အား 'လူမှုအသိုင်းအဝိုင်းများကြား'နှင့်'အစိုးရနှင့် ပြည်သူကြား'ယုံကြည်မှုတည်ဆောက်ခြင်းဟူ၍ ပြင်ဆင်သုံးနှုန်းပါသည်။ ဤနေရာတွင်လည်း အသုံးအနှုန်းကိုသာ ပြင်ဆင်ခြင်းဖြစ်ပြီး လုပ်ဆောင်သည့် လုပ်ငန်းများမှာမူ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများသာ ဖြစ်ပါသည်။ ဤသို့သော နည်းဗျူဟာများကို သုံးစွဲခဲ့စေကာမူစီမံချက်၏ ပင်မရည်မှန်းချက် (ဌာနေတိုင်းရင်းသားများကိုစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် CHT ရှိ ဌာနေတိုင်းရင်းသားများနှင့် ဘင်္ဂါလီများကြား လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု တိုးတက်စေရန်) ပြည့်မြောက်ရေးဆောင်ရွက်ရာတွင် ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရပါသည်။ ဤအတွေ့အကြုံကိုကြည့်လျှင် နိုင်ငံရေးအရ အလွန်အကဲဆတ်သည့် အခြေအနေများတွင် ပဋိပက္ခကို သတိပြုနားလည်မှုနှင့် လူ့အခွင့်အရေး အခြေပြုဖွံ့ဖြိုးမှု ချဉ်းကပ်နည်းများကို ထိန်းညှိဆောင်ရွက်ရာတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုကို တွေ့မြင်နိုင်ပါသည်။

အချို့သောအခြေအနေများတွင် ရရှိခဲ့သော သင်ခန်းစာများက ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များကြား ကိုယ်ပိုင်အဖြစ်ခံယူမှု(ownership)များကို ချိန်ညှိပေးရန် လိုအပ်သည်ဟူသော အချက်ကို ပေါ်လွင်စေခဲ့ပါသည်။ ကိုလံဘီယာရှိ UNDP ၏ လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသော ကျေးလက်နေမိသားစုများ၏ အလုပ်အကိုင်ရရှိနိုင်မှုနှင့် တီထွင်စွန့်စားစီးပွားရှာနိုင်စွမ်း (Employability and Entrepreneurship for Rural Families Victims of the Armed Conflict) ဟူသည့် စီမံချက်သည် ပဋိပက္ခဒဏ်နှင့် ဖယ်ချန်ထားမှုများ အများဆုံးခံစားရသော တောင်သူလယ်သမားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရန် ကြိုးပမ်းသောစီမံချက် ဖြစ်ပါသည်။ ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့ (Revolutionary Armed




Forces of Colombia- FARC)နှင့် ပဋိပက္ခတွင် ပါဝင်ပတ်သက်ခဲ့သော ဒေသန္တရအစိုးရအရာရှိများအပေါ် အချို့လူမှုအသိုင်းအဝိုင်းများက ယုံကြည်မှု မရှိကြပါ။ ထို့ကြောင့် စီမံချက်က ထိုအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုသတိထားရွေးချယ်ကာ အခြေအနေ တစ်ခုချင်းစီအလိုက် သင့်လျော်သလို ဆောင်ရွက်ရပါသည်။ ဤနေရာတွင် ကောင်းမွန်သည့် အလေ့အထတစ်ခုမှာ ယုံကြည်လက်ခံမှုရရှိအောင် ဆောင်ရွက်သည့်အခါ မိမိထင်သလို လုပ်ခြင်းထက် ပဋိပက္ခနှင့် ပဋိပက္ခနှင့် သက်ဆိုင်သော လုပ်ဆောင်သူများအကြောင်း ပြည့်ပြည့်စုံစုံနားလည်သိရှိမှုအပေါ်တွင် အခြေခံကာလုပ်ဆောင်ရန်ဖြစ်ပါသည်။ ယူဂန်ဒါရှိ UNDP ၏ ယူဂန်ဒါမြောက်ပိုင်းဒေသန္တရဖွံ့ဖြိုးရေးနှင့် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု (Local Development and Social Cohesion in Northern Uganda) စီမံချက်သည် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်၊ လူငယ်များ၊ ပဋိပက္ခဒဏ်ခံရသော ထိခိုက်လွယ်သည့် လူမှုအသိုင်းအဝိုင်းများအတွက် ဦးတည်သည့် စီးပွားရေးပြန်လည် နာလန်ထူရေးနှင့် ပြန်လည် ပေါင်းစည်းဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန်၊ စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပါသည်။ စီမံချက်တွင် ယူဂန်ဒါမြောက်ပိုင်းရှိ လက်နက်ငယ်များ ရောင်းဝယ်မှုနှင့် လူကုန်ကူးမှုလျှော့ချရေးလုပ်ဆောင်ချက်များလည်း ပါဝင်ပါသည်။ ယူဂန်ဒါသည် ကင်ညာ၊ အီသီယိုးပီးယားတို့နှင့် ထိစပ်နေသော နယ်စပ်များတွင် တရားမဝင်ဝင်ထွက်နိုင်သောနေရာများ ရှိနေသည်ဖြစ်ရာ ထိုနိုင်ငံများတွင် ပံ့ပိုးကူညီသည့် အစီအစဉ်များ ဖြည့်စွက်ပေးမှုရှိမှသာ စီမံချက်၏ အကျိုးသက်ရောက်မှုများမှာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ ဤသည်ကိုကြည့်လျှင် အစီအစဉ်များတွင် သက်ဆိုင်ရာနိုင်ငံအစိုးရများသာမကဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံများမှ လုပ်ဆောင်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း ထင်ရှားနေပါသည်။

အလှူရှင်များ၏ လိုလားချက်များနှင့် နိုင်ငံအစိုးရ၏ လက်ခံယုံကြည်မှုတို့ကြားထိန်းညှိဆောင်ရွက်ရန် အရေးကြီးပုံနှင့် ခက်ခဲပုံတို့ကိုလည်း UNDP ရုံးအချို့နှင့် တွေ့ဆုံမေးမြန်းမှုများတွင် တွေ့ရှိခဲ့ရပါသည်။ သက်ဆိုင်ရာနိုင်ငံမှလုပ်ဆောင်သူများ၏ ထောက်ခံအားပေးမှု ရရှိဖို့ဆိုသည်မှာ ၎င်းတို့ထံတွင် မည်သို့သော သဘောထားအမြင်များ ရှိနေသည်၊ ထိုအစီအစဉ်အတွက် မည်သူက ရန်ပုံငွေပံ့ပိုးပေးသည်၊ စသည့်အချက်များပေါ်တွင် တိုက်ရိုက်မူတည်နေပါသည်။ ကိုလံဘီယာတွင် အလှူရှင်များထံမှ ရန်ပုံငွေများကို လက်ခံသည့်အခါ ထိုအလှူရှင်များ၏ အစိုးရများသည် ကိုလံဘီယာ ပဋိပက္ခ အတွင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည့် အစိုးရများဖြစ်နေပါက ဘက်လိုက်မှုရှိခဲ့သည်ဟု ရှုမြင်ခံရနိုင်ပါသည်။ အလားတူ သာဓကများကို တင်ပြရလျှင် ဂျော်ဂျီယာတွင် UNDP/EU တို့ ပူးပေါင်းကာ ယုံကြည်မှု တည်ဆောက်ရေးနှင့် စောလျင်စွာတုံ့ပြန်ဆောင်ရွက်ပေးရေး လုပ်ငန်းယန္တရား




(Confidence Building Early Response Mechanism - COBERM) စီမံချက်ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုစီမံချက်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းကာ အုပ်ချုပ်ရေး နယ်နိမိတ်လမ်းကြောင်း (Administrative Boundary Line - ABL) အတွင်းနှင့် ထိုလမ်းကြောင်းအတွင်းအပြင်ရှိအောက်ဆုံးအဆင့်ရပ်ရွာလူထု အသိုင်းအဝိုင်းများကြား ထိရောက်တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန် နှိုးဆော်စည်းရုံးအားပေးပါသည်။ ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပုံသေကားကျအမြင်များ (stereotype) နှင့် လွဲမှားသောအယူအဆများ လျော့ပါးသွားစေပြီး ပြန်လည်ရင်ကြားစေ့ရေးကို အထောက်အကူပြုနိုင်စေရန် ဖြစ်ပါသည်။ ထိုအစီအစဉ်တွင် UNDP သည် ဘက်လိုက်ခြင်းကင်းသော၊ နိုင်ငံရေးကင်းရှင်းသော၊ ပြောင်းလွယ်ပြင်လွယ်သော ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် အလှူရှင်များအတွက် အလွန်အရေးပါသော ကြားခံအဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပါသည်။


### ၂-၁-၂။ စီမံချက်နှင့် နောက်ခံအခြေအနေကြား အပြန်အလှန်သက်ရောက်မှုများကို သိရှိသတိပြုခြင်း

ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခု၏ ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအခြေအနေများအတွင်းအကောင်းဆုံး အနေအထားတွင် မည်သို့ထားရှိဆောင်ရွက်ရမည်ဆိုသည်နှင့် စပ်လျဉ်း၍ UNDP အတွက် စိန်ခေါ်မှုများရှိပါသည်။ မကြာခဏထည့်သွင်းစဉ်းစားရသည့် မဟာဗျူဟာကျသည့် အချက်တစ်ချက်မှာ ပဋိပက္ခအခြေအနေများအတွင်းဖွံ့ဖြိုးရေး အကူအညီများကိုအချိန်ကိုက်ဖြစ်စေရန် မည်သည့်အချိန်တွင် ပေးအပ်ရမည်၊ မည်သည့် ရှေ့နောက်အစီအစဉ်ဖြင့် ပေးအပ်ရမည်ဟူသည့်အချက် ဖြစ်ပါသည်။ တစ်ဘက်တွင် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့မှုကို ဖြေရှင်းပေးရန်အတွက်သာမက ရှိနေသည့် ခွဲခြားဆက်ဆံမှု နှင့် ဘေးဖယ်ထားမှုများ ပိုမိုဆိုးရွားမသွားစေရန်အတွက် ပဋိပက္ခဒဏ်ခံရသော ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရေးကြီးပါသည်။ ထိုကဲ့သို့သော အစီအစဉ်များသည် ပဋိပက္ခဒဏ်ကို ကာလရှည်ကြာခံခဲ့ရသော သူများကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်အတွက် ထိရောက်သော လုပ်ဆောင်ချက်များ ဖြစ်နိုင်ပါသည်။ အခြားတစ်ဘက်တွင်မူ ထိုအစီအစဉ်များသည် အချိန်ကိုက် လုပ်ဆောင်နိုင်မှု အားနည်းပါက ပဋိပက္ခကို 'သတိပြုနားလည်မှုမရှိ' ရာရောက်ပါသည်။ ဥပမာ ရပ်ရွာလူထုများနှင့် ရပ်ရွာ ခေါင်းဆောင်များသည် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်များမှ အကျိုးကျေးဇူးများ ခံစားရသောအခါ 'အလွန်သက်တောင့်သက်သာ' ဖြစ်လာကြပြီး ရေရှည်အတွက် ပဋိပက္ခကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေရာတွင် ပူးပေါင်းပါဝင်လိုစိတ်နည်းပါးသွားနိုင်သည့် အန္တရာယ်ရှိပါသည်။ အချို့နေရာများတွင်လည်း ထိုအစီအစဉ်များသည်




အစိုးရများအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရမည့် ၎င်းတို့၏ တာဝန်များကို အလွယ်တကူအစားထိုးနိုင်သော နည်းလမ်းများ ဖြစ်လာကာ အထူးသဖြင့် ဝန်ဆောင်မှုများ ရရှိသင့် သလောက် မရရှိသည့် သို့မဟုတ် ဖယ်ချန်ခံထားရပြီး ဖြစ်သည့် အုပ်စုများအတွက် တာဝန်များကို ရှောင်ရှားလာနိုင်သည့် အန္တရာယ်ဖြစ်လာနိုင်သည်။

UNDP အတွက် မဟာဗျူဟာကျထည့်သွင်းစဉ်းစားရသည့် နောက်ထပ်အချက်တစ်ချက်မှာ ယင်း၏ အောက်ခြေအပိုင်းသို့ ပံ့ပိုးပေးသည့် အကူအညီပေးရေးအစီအစဉ်များသည် အခြားသော ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါသလား၊ မည်သို့အကျိုးသက်ရောက် နိုင်ပါသနည်း၊ အခြားလုပ်ငန်းများကလည်း အောက်ခြေအပိုင်းသို့ ပံ့ပိုးပေးသည့် အစီအစဉ်များအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါသလား၊ မည်သို့အကျိုးသက်ရောက်နိုင်ပါသနည်း ဟူသောအချက် ဖြစ်ပါသည်။ နိုင်ငံရေးအခြေအနေများပေါ်တွင်မူတည်ကာ အဆိုပါအပြန်အလှန်သက်ရောက်မှုသည် အထောက်အပံ့ဖြစ်နိုင်သလို အနှောင့်အယှက်လည်း ဖြစ်နိုင်ပါသည်။ အချို့နိုင်ငံများတွင် UNDP ၏ အောက်ခြေအပိုင်းသို့ ပံ့ပိုးပေးသည့် ဖွံ့ဖြိုးရေးအကူအညီ အစီအစဉ်များသည် အထက်အပိုင်းသို့ ပံ့ပိုးပေးသည့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင် UNDP အနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လက်ခံယုံကြည်မှု သို့မဟုတ်ဝင်ပေါက်များကို ရရှိစေပါသည်။ ဥပမာ ဂျော်ဂျီယာရှိ ယုံကြည်မှုတည်ဆောက်ရေးနှင့် စေလျင်စွာတုံ့ပြန် ဆောင်ရွက်ပေးရေး လုပ်ငန်းယန္တရား (COBERM) အစီအစဉ်သည် စိတ်ဝမ်းကွဲပြားနေသောလူမှုအသိုင်းအဝိုင်းများကြားယုံကြည်မှုတည်ဆောက်ပေးရန်အတွက် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး ထိုအစီအစဉ်မှတစ်ဆင့် UNDP သည် လူအချင်းချင်းကြား ဆက်သွယ်ချိတ်ဆက်မှုကို အားပေးမြှင့်တင်ရန်အတွက် ဝင်ပေါက်တစ်ခုရရှိခဲ့ပြီး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်မှု၊ စသည်တို့ဖြင့် ရပ်ရွာလူထု အသိုင်းအဝိုင်းများ၏ အမှန်တကယ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည့်တစ်ချိန်တည်းတွင် စိတ်ဝမ်းကွဲပြားနေသော ထိုလူမှုအသိုင်းအဝိုင်းများကြား ယုံကြည်မှုနှင့် အပြန်အလှန် ဆွေးနွေးဖလှယ်မှုများ ပြန်လည် ရရှိစေခဲ့ပါသည်။ ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း အခြေအနေတစ်ခုတွင်




အဆင့်အများအပြား၌ ပါဝင်ဆက်စပ်ပတ်သက်သူအများအပြားနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ဖြစ်နိုင်ပါမည်လားဟုမေးလျှင် ဖြစ်နိုင်သည်ဟု ဖြေရပါမည်။ သို့သော် ထိုသို့သောအခြေအနေမျိုးတွင် အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်ရန်မှာမူ အလွန်ခက်ခဲပါလိမ့်မည်။ COBERM တွင် ဆေးပညာရှင်များနှင့် စီးပွားရေးပညာရှင်များကဲ့သို့သော ပညာရှင်အမျိုးမျိုး အပါအဝင် 'မှန်ကန်သင့်လျော်သည့်' မိတ်ဖက်များကို ထိထိရောက်ရောက် ရွေးချယ်နိုင်ခဲ့ပါသည်။ ထိုပညာရှင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသော သြဇာတိက္ကမရှိသူများနှင့် ကြားဝင်ချိတ်ဆက်ပေးခဲ့ကြပြီး စိတ်ဝမ်းကွဲပြားနေမှုများကို ပေါင်းစည်းပေးနိုင်သည့်အပြင် ရှေ့သို့မျှော်မြင် လုပ်ဆောင်ကြရန်အတွက် စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ကြပါသည်။ မော်ဒိုဗာတွင်မူ ဂျော်ဂျီယာနှင့် မတူဘဲ UNDP သည် နိုင်ငံ၏ တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေခြင်း မရှိသည့် အချက်ကြောင့် ဒေသန္တရအဆင့်ရှိ ရပ်ရွာလူထု အသိုင်းအဝိုင်းများကြား ငြိမ်းချမ်းရေးတည်ဆောက်မှုများကို အားပေးမြှင့်တင်နိုင်သည့် နည်းလမ်းများဖြင့် ၎င်း၏ ဒေသဖွံ့ဖြိုးရေးအစီအစဉ် (SCBMP) ကို ရေးဆွဲအကောင်အထည်ဖော်ရန် အစိုးရ၏ ခွင့်ပြုချက် (နိုင်ငံရေးဆိုင်ရာ အခြေအနေတစ်ရပ် - Political space)ကို ရရှိခဲ့ပါသည်။

UNDP ၏ အတွေ့အကြုံများအရ ဌာနေရုံးများသည် မက်ခရိုနိုင်ငံရေးအဆင့်နှင့် စီမံချက်အဆင့် ဆန်းစစ်လေ့လာမှုများကို သေချာစွာ ပေါင်းစပ်ပြုလုပ်ရန်လိုအပ်ကြောင်း သိရှိရပါသည်။ ထိုသို့ ဆန်းစစ်လေ့လာမှုကို ပေါင်းစပ်ပြုလုပ်မှသာလျှင်

စီမံချက်နှင့် တိုက်ရိုက်ဆက်စပ်နေသော ပတ်ဝန်းကျင်တွင်သာမက ပိုမိုကျယ်ပြန့်သည့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အခြေအနေများတွင်ပါ စီမံချက်နှင့် အခြေအနေကြား အပြန်အလှန်သက်ရောက်နေမှုများကို သတိပြုနားလည်မှုဖြင့် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

## ၂-၁-၃။ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ပဋိပက္ခကိုသတိပြုနားလည်သောရလဒ်များနှင့် ငြိမ်းချမ်းရေးရလဒ်များ ရရှိစေမည့် နည်းဗျူဟာများ


ကမ္ဘာနှင့်အဝှမ်းတွင် UNDP ၏ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များသည် DNH ကို ကျော်လွန်ကာ ငြိမ်းချမ်းရေးကို အထောက် အကူပြုနိုင်ခဲ့သည့် ချီးကျူးလောက်ဖွယ်သာဓကအများအပြားရှိပါသည်။ ရယူပေးခဲ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ရလဒ်များကို အုပ်စုခွဲမည်ဆိုလျှင် အောက်ပါအတိုင်း အုပ်စုခွဲနိုင်ပါသည် - စိတ်ဝမ်းကွဲပြားနေသော ရပ်ရွာလူထုအသိုင်းအဝိုင်းများကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု သို့မဟုတ် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုတို့ကို အားကောင်းစေခြင်း၊ အစိုးရနှင့်ပြည်သူကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးများကို တည်ဆောက်ပေးနိုင်ခြင်း၊ ဘေးဖယ်ခံထားရသော အုပ်စုများကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး စနစ်များတွင် အမြစ်တွယ်နေသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖယ်ချန်ထားမှုများကိုကိုင်တွယ်ဖြေရှင်းပေးခြင်းနှင့် ပဋိပက္ခဒဏ်ခံပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်းတို့ ဖြစ်ပါသည်။

အချို့နိုင်ငံများတွင် UNDP စီမံချက်များသည် စီးပွားရေးဆိုင်ရာမက်လုံးများကိုပေးကာ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စိတ်ဝမ်းကွဲနေသော အုပ်စုများကြား ဆက်သွယ်ချိတ်ဆက်ရန်




နှင့် အပြန်အလှန်မှီခိုအားထားလာရန်အတွက် နှစ်ဖက်စလုံးမှ နှစ်သက်လက်ခံနိုင်သည့် ဝင်ပေါက်တစ်ခု ဖြစ်နိုင်ကြောင်း သက်သေအထောက်အထားများအရ သိရှိခဲ့ရပါသည်။ ဥပမာ UNDP ၏ ထိုင်းနိုင်ငံရှိ STEP စီမံချက်တွင် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကို အသုံးပြုကာ ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဘာသာဝင် အသိုင်းအဝိုင်းများကြား ကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုများကို တိုးတက်အောင် လုပ်ဆောင်ပေးရန် ကြိုးပမ်းခဲ့ပါသည်။ ဤရည်ရွယ်ချက်ဖြင့် စီမံချက်သည် အုပ်စုနှစ်စုစလုံးမှ ကိုယ်စားလှယ်များ ပါဝင်နိုင်သည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်စေခဲ့ပါသည်။ UNDP မော်ဒိုဗာ ၏ SCBMP စီမံချက်၏ ရည်ရွယ်ချက်များထဲတွင် စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်အောင် ပံ့ပိုးပေးသည့် နည်းဖြင့် စိတ်ဝမ်းကွဲနေသော လူမှုအသိုင်းအဝိုင်းများကြား ဆက်သွယ်ချိတ်ဆက်မှုများနှင့် ယုံကြည်မှုများ တည်ဆောက်ရန်ဟူသည့် ရည်ရွယ်ချက်လည်း ပါဝင်ပါသည်။ စီမံချက်သည် ဒေသခံကုန်သည်ကြီးများအသင်းနှင့် လက်တွဲကာ နှစ်ဘက်စလုံးမှ တီထွင်စွန့်စားစီးပွားရှာလိုသည့် လုပ်ငန်းရှင်များအတွက် စီးပွားရေးပညာပေးဝန်ဆောင်မှုများ၊ အသိပညာမျှဝေမှုများ၊ ကွန်ရက်ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများကို ပံ့ပိုးပေးခဲ့ပြီး ထိုလုပ်ငန်းရှင်များ သည်လည်း ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း စံနမူနာကောင်းများ ဖြစ်လာခဲ့ပါသည်။ ဂျော်ဂျီယန်နှင့် အက်ပ်ခပ်စ် လူမျိုးစုများ တစ်သီးတစ်ခြားစီ နေထိုင်ကြသော အက်ပ်ခေးရှားဒေသတွင် UNDP ၏ ယုံကြည်မှုတည်ဆောက်ရေးနှင့် စောလျင်စွာ တုံ့ပြန် ဆောင်ရွက်ပေးရေးလုပ်ငန်းယန္တရား (COBERM) စီမံချက်သည် တိုင်းရင်းသားလူမျိုးစုအမျိုးမျိုးကြား ချိတ်ဆက်မှုနှင့် ဆက်သွယ်မှု အမျိုးမျိုးကို ဖန်တီးပေးရန် ကြိုးပမ်းခဲ့ပါသည်။ ထိုကြိုးပမ်းမှုများတွင် တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် ကင်းထောက်လူငယ်လှုပ်ရှားမှု အတွက် ပံ့ပိုးကူညီခြင်း၊ ထိခိုက်အလွယ်ဆုံးသော ပဋိပက္ခဒဏ်ခံ မိသားစုများအတွက် ကူညီပံ့ပိုးပေးခြင်းနှင့် လူငယ်များ၊ အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေး အခွင့်အလမ်းအမျိုးမျိုးကို ဖန်တီးပေးအပ်ခြင်းတို့ ပါဝင်ပါသည်။

တစ်ဖက်နှင့်တစ်ဖက် ရန်လိုနေသော အုပ်စုများကြား ထိတွေ့ဆက်ဆံမှုများ တိုးပွားစေရုံမျှဖြင့် အပြန်အလှန် သိရှိမှု၊ နားလည်မှုနှင့် ယုံကြည်မှုများကို တိုးတက်စေနိုင်သည်ဟု ယူဆသော ‘ထိတွေ့မှုသီအိုရီ (contact theory)’ တွင် မထင်မှတ်ဘဲ ကျရောက်နိုင်သော အန္တရာယ်များ ရှိနေပါသည်။ အတွေ့အကြုံများအရ ထိုအုပ်စုများသည် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် လုပ်ငန်းကိစ္စသက်သက်ဖြင့်သာ ဆက်သွယ်ဆောင်ရွက်ကြပြီး တစ်ဦးအပေါ် တစ်ဦးထားရှိသည့် စိတ်နေသဘောထားများ သို့မဟုတ် အပြုအမူများ တိုးတက်ပြောင်းလဲခြင်း မရှိကြောင်း တွေ့ရပါသည်။ ထိုင်းနိုင်ငံ ရှိ STEP တွင် ကနဦးပူးပေါင်းဆောင်ရွက်မှုများအတွက် မက်လုံးမှာ ငွေရေးကြေးရေးကြောင့် ဖြစ်သော်လည်း စီမံချက်မှ ဗုဒ္ဓဘာသာနှင့် မွတ်စလင်ဘာသာ အုပ်စုများ ပူးတွဲကာ စီးပွားရေးလုပ်ငန်းများ စတင်တည်ထောင်လုပ်ကိုင် နိုင်မည့် အစီအစဉ်များကို တိုးချဲ့ပံ့ပိုးကူညီခဲ့ပါသည်။ ထို့ကြောင့်




ထိုအုပ်စုများသည် မက်လုံးကြောင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ ကျော်လွန်ကာ ပိုမိုအဓိပ္ပါယ်ပြည့်ဝသော ဆက်ဆံရေးများကို တည်ဆောက်နိုင်ခဲ့ကြပါသည်။ ဤနေရာတွင် ကောင်းမွန်သည့် အလေ့အထမှာ ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပြီး ယုံကြည်မှုကို တဖြည်းဖြည်း တည်ဆောက်သွားနိုင်မည့် လူမှုရေး၊ စီးပွားရေး လုပ်ဆောင်ချက်များကို ဒီဇိုင်းပုံစံရေးဆွဲကာ စီမံချက်ပြီးဆုံးသည့်နောက်တွင်လည်း အတူတကွယှဉ်တွဲရှိနေမှုနှင့် အပြန်အလှန်မှီခိုမှုများဆက် လက်ပြုလုပ်နေစေမည့် အခြေအနေကို ဖန်တီးပေးရန် ဖြစ်ပါသည်။ COBERM မှ ပံ့ပိုးသော လုပ်ငန်းများကို CSO များမှ အကောင် အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေတွင် UNDP ဂျော်ဂျီယာသည် ယုံကြည်မှု တည်ဆောက်ပေးသည့် လုပ်ငန်းများကြောင့် စိတ်သဘောထားခံယူချက်များ ပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုများက သဘောထားအမြင်များကို အကောင်းဘက်သို့ ပြောင်းလဲစေကာ ဆက်ဆံရေးများကို ခိုင်မာစေပြီး ပြန်လည်ရင်ကြားစေ့ရေးသို့ ဦးတည်နိုင်မှုတို့နှင့် စပ်လျဉ်း၍ မည်မျှတိုးတက်မှုရှိသည်ကို တိုင်းတာနိုင်ရန် အတွက်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကိုပြုလုပ်နေပါသည်။ ထိုကဲ့သို့သော အစဉ်အလာကောင်းကို ကျင့်သုံးနိုင်ဖို့ဆိုလျှင် စီမံချက်များမှ ၎င်းတို့၏ ပြောင်းလဲမှုသီအိုရီများ (theories of change) ကို စမ်းသပ်စစ်ဆေးနိုင်မည့် ခိုင်မာသောညွှန်ကိန်းများ ရှိရမည်ဖြစ်ပြီး စီမံချက်မစတင်မီနှင့် ပြီးဆုံးချိန် အခြေအနေများ (baselines and end lines) ကို သိရှိရန် လိုအပ်ပါသည်။

အခြားနိုင်ငံများတွင် UNDP ၏ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှု အစီအစဉ်များသည် အစိုးရနှင့်ပြည်သူကြား ဆက်ဆံရေးများ တိုးတက်စေရန် အတွက် အကူအညီပေးရေးအစီအစဉ်များကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်တွင် CHTDF သည် နိုင်ငံတော်နှင့် နိုင်ငံသား (vertical) ဆက်ဆံရေးနှင့် လူမှုအသိုင်းအဝိုင်းများကြား (horizontal) ဆက်ဆံရေးတို့ကို တိုးတက်ကောင်းမွန်စေသည့် နည်းလမ်းဖြင့် အစိုးရ၏ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရန် အတွက် ပေးအပ်သည့်ဘက်တွင်ရော (supply)၊ ရယူသည့်ဘက်တွင်ပါ (demand) တိုးတက်မှုများ ရှိလာအောင် ကြိုးပမ်းခဲ့ပါသည်။ 'ပေးအပ်သည့်(supply)' ဘက်တွင် စီမံချက်သည်ဝန်ဆောင်မှုပေးရာ၌တက်တက်ကြွကြွမရှိလှသော ဟေးလ်ခရိုင်ကောင်စီနှင့်လက်တွဲကာ ပိုမိုတက်ကြွမှု ရှိပြီး ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ပိုမိုတုံ့ပြန်ဖြည့်ဆည်းမှုရှိသော ဝန်ဆောင်မှုများ ပေးနိုင်လာအောင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်၏ကူညီပံ့ပိုးမှုဖြင့်ထိုကောင်စီသည် ၎င်းတို့၏ဇရိယာအတွင်းရှိစိုက်ပျိုးမွေးမြူရေး၊ ဥယျာဉ်ခြံမြေစိုက်ပျိုးမှုနှင့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အတွက် အခြားသောဝန်ကြီးဌာနများနှင့် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စတင်ဦးစီးဦးဆောင်ပြုလာပါသည်။စီမံချက်သည်ဝန်ဆောင်မှုများကို ရယူသည့် 'demand'ဘက် တွင်လည်း ဌာနေတိုင်းရင်းသားများကို ဝန်ဆောင်မှုများအား မည်သို့ရယူနိုင်ကြောင်း နားလည်သိရှိအောင် ကူညီပေးခဲ့ပါသည်။ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် တိုးတက်ကောင်းမွန်လာမှုနှင့်




ဝန်ဆောင်မှုများကို လာရောက်ရယူသုံးစွဲမှုများ တိုးပွားများပြားလာမှုတို့နှင့်အတူ ကဏ္ဍအလိုက် ဝန်ဆောင်မှုပေးနေသည့် နေရာများသည် မတူညီသော လူမှုအသိုင်းအဝိုင်းများကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်သည့်နေရာများအဖြစ်သို့ အလိုအလျောက်ရောက်ရှိလာခဲ့ပါသည်။


UNDP ၏ ဒေသတွင်းရန်နှင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်အများအပြားသည် လူမျိုး၊ဘာသာ စသည်ကို အခြေခံသော ခွဲခြားဆက်ဆံမှုများ (identity-based discrimination) သို့မဟုတ် စနစ်များတွင်အမြစ်တွယ်နေသော ဖယ်ချန်ထားမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လူမှုစီးပွားအကူအညီထောက်ပံ့မှုများကို အသုံးပြုခဲ့ကြကြောင်း လေ့လာမှုတွင် တွေ့ရှိခဲ့ရပါသည်။ ထိုခွဲခြားဆက်ဆံမှုများနှင့် ဖယ်ချန်မှုများသည် ယခင်နှင့် လက်ရှိ ဖြစ်ပွားနေသော ပဋိပက္ခများကို ဖြစ်စေသည့် အကြောင်းရင်းခံများ သို့မဟုတ် အသစ်ဖြစ်ပွားလာနိုင်သည့် ပဋိပက္ခများကို တွန်းအားပေးသည့် အရာများ ဖြစ်ပါသည်။ ဂျော်ဒန် တွင် UNDP သည် ဆီးရီးယားဒုက္ခသည်များကို လက်ခံထားရသော ထိခိုက်လွယ်သည့် ဂျော်ဒန်လူမှုအသိုင်းအဝိုင်းများအပေါ် အရေးပေါ်အခြေအနေ၏ သက်ရောက်မှုကို လျော့ပါးသက်သာစေခြင်း (Mitigating the Impact of the Syrian Refugee Crisis on Jordanian Vulnerable Host Communities) ဟု အမည်ရသည့် စီမံချက်တစ်ခုကို ဆောင်ရွက်နေပါသည်။ ထိုစီမံချက်သည် သက်မွေးမှုပညာသင်တန်းများ၊ လုပ်ခရရန်အတွက် အလုပ်ပေးသည့် အစီအစဉ်များမှတစ်ဆင့် အလုပ်အကိုင်များကို အရေးပေါ် ဖန်တီးပေးခြင်း၊ တီထွင်စွန့်စား စီးပွားရှာနိုင်အောင် ကူညီပံ့ပိုးခြင်းနှင့် ဂျော်ဒန်နှင့် ဆီးရီးယားဒုက္ခသည်များကြား ကျွမ်းကျင်မှုများ အပြန်အလှန်ဖလှယ်ခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးကို ပေါင်းစပ်အသုံးပြုပါသည်။ ထိုနည်းလမ်းများအားလုံးသည် လူငယ်အမျိုးသားနှင့်အမျိုးသမီးများအနေဖြင့် အစွန်းရောက်မှု (radicalization) အန္တရာယ်များကို တုံ့ပြန်နိုင်အောင်ကူညီရန်၊ ဒုက္ခသည်များနှင့်လက်ခံထားသူ လူမှုအသိုင်းအဝိုင်းများကြား တင်းမာမှုများလျော့နည်းရန် ရည်ရွယ်ပါသည်။ ထိုအန္တရာယ်များကို ကိုယ်တွယ်ဖြေရှင်းရန်အတွက် စီမံချက်၏ အသက်မွေးမှု ကျွမ်းကျင်သင်တန်းများနှင့် တီထွင်စွန့်စား စီးပွားရှာမှုဆိုင်ရာ သင်တန်းများသည် မိမိကိုယ်ကို လေးစားတန်ဖိုးထားမှု၊ ဆက်သွယ်ရေးနှင့် ပဋိပက္ခစီမံခန့်ခွဲမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းအပိုင်းများနှင့် တွဲဖက်သင်ကြားပေးပါသည်။ ထို့ပြင် အမျိုးသမီးများသည် လူမြင်ကွင်းသို့ထွက်ကာ လုပ်ကိုင်ရသည့် အလုပ်အကိုင်များကိုလုပ်ကိုင်ရန် မသင့်ဟုသည့် လူမှုအသိုင်းအဝိုင်းက လက်ခံထားသော အမြင်ကို ပြောင်းလဲပေးရန် ရည်ရွယ်ချက်ဖြင့် စီမံချက်သည် ၎င်း၏ ဦးတည် အုပ်စုတွင် ပါဝင်သော အမျိုးသမီးအုပ်စု




ပဋိပက္ခကိုသတိပြုနားလည်မှုအား အဖွဲ့အစည်းများတွင်
ခိုင်မာစွာ ထည့်သွင်းခြင်း

အတွက် သက်မွေးမှု လုပ်ငန်းကျွမ်းကျင် သင်တန်းပေးခြင်းနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အလားတူပင် UNDP နီပေါ၏ ငြိမ်းချမ်းရေးအတွက် အသက်မွေးမှုလုပ်ငန်း ပြန်လည်ထူထောင်ရေးစီမံချက် (Livelihood Recovery for Peace Project - LRP) သည် ဆင်းရဲနွမ်းပါးသော၊ ဇာတ်နိမ့်သော လူမှုအသိုင်းအဝိုင်းများ အတွက် အသေးစား အသက်မွေးမှုလုပ်ငန်းများကို ရွေးချယ်ပံ့ပိုးပေးခဲ့ပါသည်။ ထိုလူမှုအသိုင်းအဝိုင်းများ၏ လူမှုစီးပွားနှင့် နိုင်ငံသားဖြစ်မှု အဆင့်အတန်းတို့ကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ပေးခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခများကို မီးထိုးပေးခဲ့သည့် စီးပွားရေး အခြေအနေ၊ ဇာတ်နိမ့် ဇာတ်မြင့်၊ စသည်တို့ကို အခြေခံကာ ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးအကူအညီများကို ပဋိပက္ခ၏ အကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် အနာဂတ်ပဋိပက္ခ များကို တားဆီးကာကွယ်ရန် အသုံးပြုလိုလျှင် ရေရှည်အတွက် အဆက်မပြတ် ဆောင်ရွက်ပေးသွားနိုင်ဖို့ လိုအပ်ပါသည်။ ဝမ်းနည်းစရာကောင်းသည့် အချက်မှာ မကြာခဏဆိုသလို UNDP ၏ အစီအစဉ်မှု ဘောင်များသည် စီးပွားရေးဆိုင်ရာ အကျိုးရလဒ်များကို ဖယ်ကြဉ်ခံရသော သို့မဟုတ် ထိခိုက်လွယ်သော အုပ်စုများ၏ စွမ်းရည်မြှင့်တင်ပေးရန် လိုအပ်သည့် နိုင်ငံရေးနှင့် လူမှုရေးအရင်းအနှီးများအဖြစ် ပြောင်းလဲအသုံးချနိုင်လောက်သည့် အချိန်ကာလအထိ လွှမ်းခြုံနိုင်မှုမရှိခြင်းပင် ဖြစ်ပါသည်။ ဤနေရာတွင် မိတ်ဖက်များ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးလာပါသည်။ ပဋိပက္ခဒဏ်ခံပြည်သူများ၏ဝင်ငွေ တိုးတက်စေရန်နှင့် စဉ်ဆက်မပြတ်ရရှိနေစေရန်၊ ရရှိထားသော ထိုအောင်မြင်မှုများကို 'စီမံချက်ပုံစံဖြင့် ပံ့ပိုးပေးသည့်' ပြင်ပမှအကူအညီများထက်သာလွန်စွာ စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုများသည် အရေးပါကြောင်း တွေ့ဆုံမေးမြန်းသူအချို့က ပြောပြကြပါသည်။ ကိုလံဘီယာတွင် UNDP သည် လယ်သမားများကို စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းမြှင့်တင်ရန် ကူညီပံ့ပိုးပေးပြီးနောက်တွင် စီမံချက်၏ ရလဒ်များကို ရေရှည်ဆက်လက်ထိန်းသိမ်း သွားနိုင်ရန်အတွက် စီမံချက်မှ ကူညီထောက်ပံ့ပေးခဲ့သော လယ်သမားများနှင့် နိုင်ငံတကာ ကုမ္ပဏီများကြား ဈေးကွက် ချိတ်ဆက်မှုများ ပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထို့ပြင် UNDP သည် အကြမ်းဖက်မှုဒဏ်ခံခဲ့ရသော သို့မဟုတ်



ပဋိပက္ခကို သတိပြုနားလည်မှုအား တိုင်းတာခြင်း

အန္တရာယ်ကျရောက်နိုင်ခြေရှိသော လူမှုအသိုင်းအဝိုင်းများနှင့် လက်တွဲလုပ်ကိုင်သောအခါတွင် ၎င်းတို့၏ အကြမ်းဖက်ခံရမှု အတွေ့အကြုံများနှင့် များသောအားဖြင့် ရရှိခဲ့သော ဒဏ်ရာများကို သတိပြုစာနာမှု များစွာလိုအပ်ကြောင်း ကိုလည်း သိရှိထားရမည်ဖြစ်ပါသည်။ နည်းဗျူဟာတစ်ခု အဖြစ် UNDP ကိုလံဘီယာသည် ၎င်း၏ ပဋိပက္ခဒဏ်ခံ၊ ထိခိုက်လွယ်သောသူများနှင့် အတူတကွလုပ် ဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူလိုက်ပါကူညီရန် စိတ်ပညာရှင်များကို ခန့်အပ်ထားပါသည်။ ဤနေရာတွင် ကောင်းမွန် သောအလေ့အထတစ်ခုမှာ အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်သည့်နေရာတွင် လူမှု အသိုင်းအဝိုင်းများအတွက် ခံစားချက် ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း ဆိုင်ရာအရ ပြန်လည်နာလန်ထူနိုင်အောင် လိုအပ်သည့် အချိန်ကာလသတ်မှတ်ချက်များ၊ တွဲဖက် စောင့်ရှောက်ပေးမှု၊ ပံ့ပိုးကူညီမှုများနှင့်စပ်လျဉ်း၍ စာနာနားလည်မှုဖြင့် သတိကြီးစွာထားကာ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

ဒေသန္တရနှင့် ရပ်ရွာ ဖွံ့ဖြိုးမှုအစီအစဉ်များသည် ပဋိပက္ခကို ဖြစ်စေသည့်၊ တွန်းအားပေးသည့် အကြောင်းအချက်များကို ကိုင်တွယ်ဖြေရှင်းပေးခြင်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ ပြုနိုင်သည့် အလားအလာ (ပဋိပက္ခကိုသတိပြုနားလည်မှု၏ အမြင့်မားဆုံးပန်းတိုင်) ရှိသည်မှာမှန်သော်လည်း အစီအစဉ် များအားလုံးသည် ထိုအတွက် mandate သို့မဟုတ် လုံလောက်သော ကျွမ်းကျင်မှုနှင့် အထောက်အကူများ ရှိလိမ့်မည်မဟုတ်ကြောင်းကို သတိပြုရန်အရေးကြီးပါသည်။ ထိရောက်၍ ပဋိပက္ခကိုသတိပြုနားလည်မှု ရှိသော်လည်း ပဋိပက္ခကိုသတိပြု နားလည်မှု၏ အနိမ့်ဆုံးပန်းတိုင် (ဥပမာ DNH) ကိုသာ ပြည့်မီအောင် ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်မရှိသော ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး အစီအစဉ်ပေါင်းမြောက်များစွာ ရှိနေပါသည်။ ဆက်စပ်နေသော အခြေအနေအကြောင်း အရာများ၊ အဖွဲ့အစည်းဆိုင်ရာ mandate များ၊ ဆက်စပ် ပတ်သက်သူများ၏ အမြင်များ၊ စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှု အချိန်ကာလသတ်မှတ်ချက်များနှင့် စွမ်းဆောင်ရည်များကို အခြေခံကာ ပဋိပက္ခကို သတိပြု နားလည်မှု၏ အနိမ့်ဆုံးပန်းတိုင်မှ အမြင့်ဆုံးပန်းတိုင်ဆီသို့ ကူးပြောင်းဆောင်ရွက်ပေးနိုင်မည့် အလားအလာကို သတိရှိစွာဖြင့် ဆန်းစစ်လေ့လာရမည်ဖြစ်ပါသည်။

## ၂-၂။ အစီအစဉ်စီမံခန့်ခွဲမှု

ဤအခန်း၏ နောက်အပိုင်းတွင် စီမံချက်စီမံခန့်ခွဲမှုစက်ဝန်းတစ်ခု၏ အဆင့်အမျိုးမျိုး၌ ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းမှုအကြောင်း တင်ပြထားပါသည်။ စီမံချက်စီမံခန့်ခွဲမှု၏ အဓိကကျသောအဆင့်တိုင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ယေဘုယျ စီမံချက်စီမံခန့်ခွဲမှု ရှုထောင့်နှင့် ပဋိပက္ခကိုသတိပြုနားလည်မှုရှုထောင့်နှစ်ခုစလုံးမှ မိတ်ဆက်ရှင်းလင်းတင်ပြထားပါသည်။

### ၂-၂-၁။ ပဋိပက္ခဆန်းစစ်လေ့လာမှု

ပဋိပက္ခဆန်းစစ်လေ့လာမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် အခြေခံအုတ်မြစ်မှာ ပဋိပက္ခဆန်းစစ်လေ့လာမှုကို စနစ်တကျဆောင်ရွက်ရန်နှင့် စီမံချက်စက်ဝန်း၏ အဆင့်များအားလုံးတွင် နောက်ဆုံးဖြစ်ပေါ်နေသည့်အခြေအနေများကို မျက်ခြေမပြတ်ဆက်လက်လေ့လာသွားကာ တွေ့ရှိချက်များပေါ် မူတည်၍ စီမံချက်လုပ်ငန်းများကိုဒီဇိုင်းပုံစံရေးဆွဲခြင်း၊အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

ပဋိပက္ခဆန်းစစ်လေ့လာမှုတွင် အောက်ပါတို့ကို စနစ်တကျဆောင်ရွက်ရပါသည်-ပဋိပက္ခ၏နောက်ခံအကြောင်းအရာနှင့် သမိုင်းကြောင်းတို့ကို နားလည်သိရှိအောင်လုပ်ဆောင်ခြင်း၊

- ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်ခြင်း၊
- သက်ဆိုင်သော အုပ်စုများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊
- ထိုအုပ်စုများ၏ အမြင်များနှင့် ထိုအုပ်စုများအချင်းချင်း ဆက်နွယ်ပတ်သက်ပုံများကို နားလည်သိရှိအောင် လုပ်ဆောင်ခြင်း။

အချို့သော အခြေအနေများတွင် ပဋိပက္ခဆန်းစစ်လေ့လာမှုအကြောင်း ပြောဆိုရသည်မှာ အလွန်ပင်ခက်ခဲပြီး အကဲဆတ်နိုင်ပါသည်။ ပိုမိုယေဘုယျဆန်သည့် အသုံးအနှုန်းဖြစ်သော 'အခြေအနေဆန်းစစ်လေ့လာချက်' ဟူသည်ကို သုံးနှုန်းခြင်းဖြင့် ထိုအခက်အခဲကို ကျော်လွှားနိုင်ပါသည်။ သို့သော် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ် သည့် အခြေအနေဆန်းစစ်လေ့လာချက်နှင့် ပဋိပက္ခအကြောင်းကို နားလည်သိရှိစေရန် သီးခြားလုပ်ဆောင်သော ဆန်းစစ်လေ့လာချက်တို့ကြား ကွာခြားချက်ကို ကွဲကွဲပြားပြား သိရှိဖို့ အရေးကြီးပါသည်။ [၁] ပဋိပက္ခဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အကောင်းဆုံးအစဉ်အလာများမှာ လူထု၏ ပါဝင်ဆောင်ရွက်မှုကို အမြင့်မားဆုံးရရှိအောင် ဆောင်ရွက်ရန်နှင့် ဒေသခံတို့၏ ရှုထောင့်အမြင်များကို စုဆောင်းရယူရန်ဖြစ်ပါသည်။ ထို့ပြင် ရှုထောင့်အမြင်များနှင့် ပြောပြသည့် ဖြစ်စဉ်များသည် အမျိုးမျိုးကွဲပြားနေနိုင်သည့်အတွက် ဆန်းစစ်လေ့လာမှုပြုရာတွင် တွေ့ရှိချက်များကို အခြားနည်းစနစ်များ၊ ရင်းမြစ်များမှ ရရှိသည့် တွေ့ရှိချက်များနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းများ (Triangulation) ပြုလုပ်ရန်လည်း အလွန်အရေးကြီးပါသည်။ ထို့ပြင် ဆန်းစစ်လေ့လာတွေ့ရှိချက်များကို ပါဝင်ကူညီခဲ့ကြသူများလည်း သိရှိခွင့်ရအောင် ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော အလေ့အထတစ်ခုဖြစ်ပြီး ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ရလဒ်များကို မှန်ကန်ကြောင်း အတည်ပြုနိုင်သလို တုံ့ပြန်အကြံပြုမှု ကွင်းဆက် (feedback loop) ကိုလည်း ပြီးပြည့်စုံစေပါသည်။ ထိုမျှသာမက တိုင်ပင်ဆွေးနွေးမှုများသည် တစ်လမ်းသွားသာ ဖြစ်နေပါက 'လိုချင်သည့်အချက်များကိုသာနှိုက်ယူသွားသည်' ဟုဆက်စပ်ပတ်သက်သူ ဒေသခံများနှင့် ရပ်ရွာလူထုများက ခံစားကြရသောအခါ ဖြစ်ပေါ်လေ့ရှိသည့် အားမလိုအားမရနှင့် ခံပြင်းဒေါသထွက်ခြင်းများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

### အဓိကတွေ့ရှိချက်များ

UNDP ၏ ကမ္ဘာတစ်ဝှမ်းလုပ်ဆောင်မှုများမှ ရရှိသည့် အတွေ့အကြုံများအရ ခိုင်လုံမှန်ကန်သည့် ပဋိပက္ခဆန်းစစ်လေ့လာချက်ကို အဆင့်မျိုးစုံတွင် ဆောင်ရွက်ရန် အရေးကြီးကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံရှိ UNDP ၏ STEP စီမံချက်တွင် အစိုးရ၊ တက္ကသိုလ် ပါမောက္ခများ၊ ရပ်ရွာလူထုများနှင့် ဒေသခံ NGO များအပါအဝင် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်မှ ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးကာ ပဋိပက္ခလေ့လာဆန်းစစ်ချက်ကို နှစ်စဉ်ဆောင်ရွက်ပါသည်။ ဤဆန်းစစ်လေ့လာချက်ကို အခြေခံကာ စီမံချက်၏ လုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ပြီး အသစ်ပြင်ဆင်မွမ်းမံထားသော လုပ်ငန်းအစီအစဉ်ကို အစိုးရမိတ်ဖက်ဝန်ကြီးဌာနများက အတည်ပြုပေးပါသည်။

၁ ပဋိပက္ခကို သတိပြုနားလည်မှုစုပေါင်းအဖွဲ့ 'ပဋိပက္ခကို သတိပြုနားလည်မှု ရရှိရန်အတွက် မည်သို့ လမ်းညွှန်ပေးမည်နည်း' ၂၀၁၂ခုနှစ်၊ စာမျက်နှာ ၄

ဘင်္ဂလားဒေ့ရှ်တွင် CTDF သည် စီမံချက်အကောင်အထည် ဖော်မှု၏ နောက်ပိုင်းအဆင့်များတွင် အဖွဲ့အစည်းဆိုင်ရာနှင့် အခြေအနေ ဆန်းစစ်လေ့လာချက် (Institutional and Context Analysis – ICA) (ICA နှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုလျှင် အပိုင်း ၄-၂ တွင် ဖော်ပြထားသော ဆန်းစစ်လေ့လာမှု နည်းလမ်းအထောက် အကူများတွင် ကြည့်ပါရန်) တစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ထိုဆန်းစစ်လေ့လာချက်သည် ဌာနေရုံးအား ပါဝင်ဆက်စပ် ပတ်သက်သူများ၏ ရပ်တည်ချက်များနှင့် သဘောထား အမြင်များကို ပိုမိုနားလည်သိရှိလာအောင် ကူညီပေးနိုင်ခဲ့ သည့်အတွက် ဆန့်ကျင်မှုများကို ကျော်လွှားနိုင်စေရန် အချို့ အုပ်စုများနှင့်ဆက်သွယ်ညှိနှိုင်းမှုများ၊ အသိပေးရှင်းလင်း တင်ပြမှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။

စံသတ်မှတ်ချက်နှင့် လက်တွေ့ကျင့်သုံးမှုကြားတွင် ကွာဟချက်တစ်ခု ရှိနေကြောင်း လေ့လာမှုတွင် တွေ့မြင်ရ ပါသည်။ UNDP သည် ပဋိပက္ခဆန်းစစ်လေ့လာချက်ကို ပုံမှန်လုပ်ဆောင်ရန် အားပေးနေသော်လည်း လက်တွေ့တွင် ပုံမှန် လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ တွေ့ဆုံမေးမြန်းခဲ့မှုများမှ အတည်ပြုနိုင်သည့်အချက်မှာ အဖွဲ့အစည်းအတွင်းရှိ ပဋိပက္ခနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှု ကျွမ်းကျင်ပညာရှင်များသည် ပဋိပက္ခ ဆန်းစစ်လေ့လာမှုအစဉ်အလာအလေ့အထနှင့်စပ်လျဉ်း၍ ချန်ပီယံများ ဖြစ်ကြသော်လည်း ထိုပညာရှင်များသည် မကြာခဏဆိုသလို အခြား UNDP ဝန်ထမ်းအများစုနှင့် ဆန့်ကျင်ကာ အတိုက်အခံလုပ်ရတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဝန်ထမ်းများတွင် ပဋိပက္ခ ဆန်းစစ်လေ့လာမှုကို ပြုလုပ်ရန် လိုအပ်သောအချိန်၊ အရင်းအမြစ် သို့မဟုတ် နည်းပညာကျွမ်းကျင်မှုများ မရှိသောကြောင့်သော်လည်းကောင်း၊ ၎င်းတို့၏ အလုပ်များ သည် ‘ပဋိပက္ခနှင့်ဆက်နွယ်မှု’ မရှိသောကြောင့် ပဋိပက္ခ ဆန်းစစ်လေ့လာမှု ပြုလုပ်ရန်မလိုအပ်ဟု ယူဆသောကြောင့် သော်လည်းကောင်းဖြစ်ပါသည်။ UNDP နီပေါတွင် ပဋိပက္ခကိုသတိပြု နားလည်မှုဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးရန်နှင့် အဖွဲ့အစည်းစနစ်များအတွင်း စနစ်တကျ ပေါင်းစပ်ထည့်သွင်းပေးရန်အတွက် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သော အစီအစဉ်တစ်ခု (UN Interagency Programme on Mainstreaming Conflict Sensitivity) ရှိပါသည်။ ထိုအစီအစဉ်အောက်တွင် UNDP အဖွဲ့သည် ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၏ အကျိုးရှိမှုကို သုတေသနပြုခဲ့ ပါသည်။ စီမံချက်များသည် ပဋိပက္ခဖြစ်နိုင်ခြေအန္တရာယ်များ ကို ထည့်သွင်းစဉ်းစားရန် သို့မဟုတ် လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်ရန်ပျက်ကွက်ပါက ငွေကြေးနှင့် အခြားတန်ဖိုးများဆုံးရှုံးရပုံကို ခိုင်လုံသော သက်သေသာဓက များရှာဖွေကာ လေ့လာခဲ့ပါသည်။ ဤနေရာတွင် ကောင်းမွန်သောအလေ့အထတစ်ခုမှာ ပဋိပက္ခဆန်းစစ် လေ့လာမှုကို အထူးတလည် အမွှမ်းတင် ပြောဆိုနေမည့် အစား ထိုသို့သောဆန်းစစ်လေ့လာမှုများကို ပုံမှန်လုပ်ဆောင် သင့်ကြောင်း သက်သေပြနိုင်သည့် ခိုင်လုံသော အထောက် အထားများကို ရှာဖွေတင်ပြပေးရန် ဖြစ်ပါသည်။ ထို့ပြင် အစီအစဉ်အတွင်းရှိ လုပ်ဖော်ကိုင်ဖက်များက ပဋိပက္ခဆန်းစစ် လေ့လာမှုကို ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် ရှုမြင်နေမှုပြဿနာကို ဖြေရှင်းရန်အတွက် ဆန်းသစ်တီထွင်သော နည်းလမ်းများကို ရှာဖွေခြင်းနှင့် အခြားသော ဆန်းစစ်လေ့လာမှုများနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်းတို့ ပြုလုပ်ရန်လည်း အရေးကြီး ပါသည်။ နီပေါ ဌာနေရုံးတွင် ဆန်းစစ် လေ့လာမှုများကို ပေါင်းစပ်လုပ်ဆောင်နိုင်ရန်အတွက် ရုံးတွင်းရှိ ကျားမ ရေးရာနှင့် လူမှုရေးအရပေါင်းစည်းပေးမှု (social inclusion) ဆိုင်ရာ အကြံပေးအရာရှိများနှင့် ပူးပေါင်းကာ ထိုအကြောင်း အရာများအားလုံးကို ပေါင်းစပ်ထည့်သွင်းထားသည့် checklist များကို ပြုစုခဲ့ပါသည်။  မော်ဒိုဗာရှိ SCBMP တွင် ပဋိပက္ခ ဆန်းစစ်လေ့လာမှုကို သီးသန့်မလုပ်ဘဲ DNH ၏ အပိုင်းကဏ္ဍအချို့နှင့်အတူ ကျားမရေးရာ၊ ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချခြင်း (disaster risk reduction) နှင့် အခြားသော အစိတ်အပိုင်းများ ပါဝင်သည့် UNDP ၏ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုနည်းလမ်းကိရိယာ (social and environmental screening tool)ကို အသုံးပြု ခဲ့ပါသည်။ သို့သော် တစ်ဘက်တွင်လည်း ပဋိပက္ခမြေပုံများ ပုံမှန်ရေးဆွဲခြင်း၊ ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင် ဆွေးနွေးခြင်း၊ ပုံမှန် သုံးသပ်မှုများ ပြုလုပ်ခြင်း ကဲ့သို့သော လုပ်ငန်းများနှင့်လည်း အားဖြည့်ပေးထားပါသည်။ ဤအလေ့အထသည်ကောင်းမွန်ကြောင်း UNDP ယူဂန်ဒါ၏ အတွေ့အကြုံများက ထပ်လောင်း အတည်ပြုပေးခဲ့ပါသည်။ ယူဂန်ဒါတွင် လုပ်ငန်းထပ်နေမှုများကို ရှောင်ရှားရန်နှင့် တူညီ သော နားလည်သဘောပေါက်မှုများ ပိုမိုရရှိရန်အတွက် ဆန်းစစ်လေ့လာမှုများကို ပူးတွဲဆောင်ရွက်ကြပါသည် (ဇယားကွက် ၂ ကို ကြည့်ရန်)။

ထို့ပြင် ဆန်းစစ်လေ့လာမှုများကို အချိန်အကြာကြီးယူကာ အသေးစိတ် လုပ်ဆောင်စေခြင်း နည်းတူ/ထက် သတင်း အချက်အလက်များ ကို အချိန်နှင့်တစ်ပြေးညီ မျှဝေဖလှယ် ခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အနာဂတ်ဖြစ်နိုင်ခြေများကို ဆန်းစစ်မှန်းဆကာ အစီအစဉ်ရေးဆွဲခြင်း (scenario

ဇယားကွက် ၂

### ဆန်းစစ်လေ့လာမှုများ အပြန်အလှန်ဖလှယ်မှုရှိနိုင်အောင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း - ယူဂန်ဒါ

UNDP ယူဂန်ဒါသည် (အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) နှင့်အတူ ယူဂန်ဒါမြောက်ပိုင်းဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့တွင် ပူးတွဲ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ထိုအဖွဲ့သည် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ဆက်စပ်ပတ်သက်သူအမျိုးမျိုး (ဥပမာ အဖွဲ့ အစည်းအမျိုးမျိုးမှ နည်းပညာရှင်ဝန်ထမ်းများ) နှင့် ဆက်သွယ်ဆောင်ရွက်ပါသည်။ ဤအဖွဲ့သည် ယူဂန်ဒါနိုင်ငံမြောက်ပိုင်းသို့ ပံ့ပိုး ပေးသော အကူအညီထောက်ပံ့မှုများကို အဆက်အစပ်ရှိရှိဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်ပေးနိုင်ရန် ပူးပေါင်းညှိနှိုင်းမှုများ ပြုလုပ်နိုင် သည့် နေရာတစ်ခု ဖြစ်ပါသည်။ ဤအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်တစ်ခုမှာ ပဋိပက္ခလေ့လာဆန်းစစ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ပေးရန်နှင့် တွေ့ရှိချက်များကို မျှဝေပေးရန် ဖြစ်ပါသည်။ မကြာခဏဆိုသလို ပြင်ပမှ လုပ်ဆောင်သူများကို ဖိတ်ကြားကာ အသိပညာ များကို မျှဝေပေးပါသည်။

planning) တို့က (ပိုမို) အသုံးဝင်သည်ကို ဌာနေရုံးများမှ တွေ့ရှိလာကြပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေများ အလွန်အပြောင်းအလဲမြန်သည့် နေရာများ သို့မဟုတ် ပဋိပက္ခဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရ အကဲဆတ်သည့် အခါမျိုးတွင် ပို၍ပင် အသုံးဝင်ပါသည်။ UNDP ဂျော်ဂျီယာ တွင် ပုံမှန်တံခါးပိတ် ဆန်းစစ်လေ့လာမှု အတွေ့အကြုံများမှ အလွန်အသုံးဝင်သော အချက်အလက်များကို ရရှိနေပါသည် (ဇယားကွက် ၃)။

### ၂-၂-၂။ စီမံချက်ဒီဇိုင်း စီမံချက်ဒီဇိုင်းနှင့်ပတ်သက်သော လုပ်ငန်းများ

ဒီဇိုင်းပုံစံရေးဆွဲသည့်အဆင့်တွင် ပဋိပက္ခကို သတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းသည့်အခါ အောက်ပါတို့ ကဲ့သို့သော စီမံချက်၏ အဓိကကျသော သတ်မှတ်ချက်များ အားလုံးအတွက် ပဋိပက္ခဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များကို အသုံးပြုရပါသည် -

- စီမံချက်မှ မည်သည်ကို လုပ်ဆောင်မည်နည်း။
- မည်သူက မည်သူ့အတွက် အကောင်အထည်ဖော်မည်နည်း။
- အကျိုးခံစားခွင့်ရှိသူများ/ပါဝင်ဆောင်ရွက်သူများမှာ မည်သည်များ ဖြစ်မည်နည်း။
- စီမံချက်ကို မည်သည့်နေရာတွင် အကောင်အထည်ဖော်မည်နည်း။
- စီမံချက်လုပ်ငန်းများကို မည်သည့်အချိန်တွင် ဆောင်ရွက်မည်နည်း။
- စီမံချက်ကို မည်သည့်ပုံစံဖြင့် အကောင်အထည်ဖော်မည်နည်း။ [၂]

ထိုအပိုင်းကဏ္ဍတစ်ခုချင်းစီတွင် ဆိုးကျိုးဖြစ်ပေါ်စေခြင်း မရှိစေရန် (DNH) ဆောင်ရွက်ချက်များကို ပေါင်းစပ်ထည့်သွင်း လုပ်ဆောင်သွားရန် အရေးကြီးပါသည်။ ဖြစ်နိုင်လျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အထောက်အကူပြုနိုင်အောင် ကြိုးပမ်းခြင်းသည်လည်း ကောင်းမွန်သည့် အလေ့အကျင့်ကျင့်သုံးမှုတစ်ခု ဖြစ်ပါသည်။ စီမံချက်ဒီဇိုင်း ပုံစံတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် အထူးပင် အရေးကြီး သည့် အစိတ်အပိုင်းအချို့မှာ စီမံချက်၏ ဖွဲ့စည်းပုံ (အထူးသဖြင့် အချိန်ကာလသတ်မှတ်ချက်နှင့် အကောင်အထည်ဖော်မှုပုံစံ)၊ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ မည်သူများ၊ မည်သည့်အချိန်တွင်၊ မည်သို့ ပါဝင်မည်နည်းဟူသည့် ဖွံ့ဖြိုးမှုစီမံချက် ဒီဇိုင်းပုံစံနှင့် စီမံချက်ဒီဇိုင်းရေးဆွဲမှု လုပ်ငန်းစဉ်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုကို မဟာဗျူဟာကျကျ ပေါင်းစပ်ထည့်သွင်းခြင်းတို့ ပါဝင်သည်။

ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် စီမံချက်ဒီဇိုင်း ရေးဆွဲမှု လုပ်ငန်းစဉ်များတွင် အကျိုးဆက်စပ်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြင့်မားစေရန်ဆောင်ရွက်ခြင်းအကျိုးခံစားခွင့်ရှိသူများနှင့် အဓိကကျသော ဆက်စပ်ပတ်သက်သူများ (သက်ဆိုင်ရာ အစိုးရနှင့် EAO အာဏာပိုင်များအပါအဝင်) ၏ အောက်ခြေမှလာသည့်အမြင်များ၊ ဒေသ၏ အခြေအနေကို နက်နက်နဲနဲ စဉ်းစားသုံးသပ်မှုများကို အခြေခံကာ စီမံချက် ဒီဇိုင်းနှင့်စပ်လျဉ်းသည့် အဓိကကျသော ဆုံးဖြတ်ချက်များကို

---

၂ Ibid., စာမျက်နှာ ၈

ဇယားကွက် ၃

### လစဉ်တံခါးပိတ်နိုင်ငံရေးဆန်းစစ်လေ့လာမှု - ဂျော်ဂျီယာ

UNDP ဂျော်ဂျီယာသည် UN ကိုယ်စားလှယ်များ၊ ယုံကြည်စိတ်ချရသော ပြင်ပမှလုပ်ဆောင်သူများနှင့် လစဉ်ကျင်းပသည့် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများနှင့်ချိတ်ဆက်ကာ ပဋိပက္ခဆန်းစစ်လေ့လာမှုများကို ပုံမှန်ပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေးပါသည်။ အစည်းအဝေးတွင် Chatham House Rules ကို အသုံးပြုကာ စကားပြောသူများကို အမည်ဖော်ရန် မလိုဘဲ အကြံဉာဏ်များ၊ အတွေးအမြင်များကို လွတ်လပ်စွာ၊ လျှို့ဝှက်ထိန်းသိမ်းမှုရှိစွာဖြင့် အပြန်အလှန်ဖလှယ်ခွင့်ပေးပါသည်။ ဤအစည်းအဝေးများသည် UNDP (နှင့် တက်ရောက်သူများ) ကို နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲနေမှုများနှင့် အန္တရာယ်များအား မျက်ခြည်မပြတ်သိရှိစေပြီး နည်းဗျူဟာများကို ပေါင်းစပ်ညှိနှိုင်းကာ အစီအစဉ်ဒီဇိုင်းနှင့် လိုက်လျောညီထွေပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် အသုံးဝင်ပါသည်။ ထို့ပြင် ဌာနေရုံးသည် ဒေသခံ NGO များ၊ ရပ်ရွာလူထုများနှင့် ပုံမှန်တိုင်ပင်ဆွေးနွေးကာ မြေပြင်တွင် ဖြစ်ပွားနေသည့်အခြေအနေများ ကို အတိအကျ သိရှိအောင် ဆောင်ရွက်ပါသည်။ နိုင်ငံရေးအရအကဲဆတ်မှုများ ရှိနေသည့်အတွက် ထိုအစည်းအဝေးများတွင် အစိုးရ အာဏာပိုင်များကို ယခုအချိန်အထိ ဖိတ်ကြားခြင်းမရှိသေးပါ။ သို့သော် UNDP သည် အခြားအစည်းအဝေးများကို အသုံးပြုကာ  အစိုးရ အာဏာပိုင်များ၏ အမြင်များကို ရယူသလို အထက်ပါအစည်းအဝေးများမှ ထွက်ပေါ်လာသည့် ဆန်းစစ်ချက်များကို အစိုးရထံ မျှဝေပေးနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေနေပါသည်။

ချမှတ်ခြင်းတို့သည် ကောင်းမွန်သော အလေ့အထကျင့်သုံးမှု တစ်ခု ဖြစ်ပါသည်။ အသွင်ကူးပြောင်းနေသည့်အခြေအနေများတွင် အဓိကကျသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံမှ အကြံဉာဏ်များ၊ ပါဝင်ဆောင်ရွက်မှုများ သို့မဟုတ် တရားဝင်ခွင့်ပြုချက်များ ရရှိရန်အတွက် မည်သူသည်၊ မည်သည့်အချိန်တွင်၊ မည်သို့ ပါဝင်ပတ်သက်နေသည်ကို အထူးဂရုပြုရန် လိုအပ်ပါသည်။

### အဓိကတွေ့ရှိချက်များ

UNDP တွင် စီမံချက်ဒီဇိုင်းနှင့်စပ်လျဉ်း၍ ပုံသေသတ်မှတ်ပေးထားသော နည်းလမ်းမရှိပါ။ ထို့ကြောင့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုနေကြပါသည်။ သို့သော်လည်း ပါဂင်ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တိုင်ပင်ဆွေးနွေးမှုတို့ဖြင့် ရေးဆွဲသော ဒီဇိုင်းများဖြစ်ရန်ကိုမူ များစွာအလေးထားလေ့ရှိပါသည်။ ရေတိုအတွက်သာဖြစ်ပြီး အချိန်ကာလသတ်မှတ်ချက်ဖြင့် ကြိုတင်ဒီဇိုင်းရေးဆွဲထားကာ ပြောင်းပြင်ရန်ခက်ခဲသည့် သမားရိုးကျစီမံချက် ဖွဲ့စည်းပုံများသည် ပဋိပက္ခကို သတိပြုနားလည်သော အစီအစဉ်ရေးဆွဲမှုများအတွက် သင့်လျော်ခြင်းမရှိကြောင်းကို ဤလေ့လာမှုတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများက အတည်ပြုပေးခဲ့ပါသည်။ ကောင်းမွန်သည့် အလေ့အထတစ်ခုအဖြစ် ဌာနေရုံးအများအပြားသည် စီမံချက်တစ်ခု၏အစတွင် ဒေသခံပါဂင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင် ဆွေးနွေးရန်၊ ဆက်ဆံရေးများ တည်ဆောက်ရန်အတွက် များသောအားဖြင့် အချိန်တစ်နှစ် သို့မဟုတ် ထို့ထက်ပို၍ ယူတတ်ကြပါသည်။ ဤလေ့လာမှုတွင် ရည်ညွှန်းကိုးကားခဲ့သည့် ယူရေးရှား၊ ထိုင်းနှင့် ဂျော်ဒန် အစီအစဉ်များအားလုံးသည် အချိန်များစွာယူကာ ရပ်ရွာလူထု အသိုင်းအဝိုင်းများနှင့် တိုင်ပင်ဆွေးနွေးပြီး အသိုင်းအဝိုင်းများ ကြားလုပ်ဆောင်ရမည့်လုပ်ငန်းများအတွက် သဘောတူညီချက်ရယူကြခဲ့ပါသည်။

အကျိုးခံစားခွင့်ရှိသူများကို ရွေးချယ်ခြင်းနှင့် နေရာဒေသရွေးချယ်ခြင်းသည် စီမံချက်ဒီဇိုင်းရေးဆွဲစဉ် အတွင်းတွင် ပဋိပက္ခကိုသတိပြုနားလည်မှုရှိစေရန်အတွက် ထည့်သွင်းစဉ်းစားရမည့် အခက်ခဲဆုံးသောအချက်များထဲမှ တစ်ချက်ဖြစ်ပါသည်။ UNDP ၏ အတွေ့အကြုံများအရ အကျိုးခံစားခွင့်ရှိသူရွေးချယ်မှုနှင့် စီမံချက်အခွဲ၏ ဒီဇိုင်းရေးဆွဲမှုနှစ်ခုစလုံးအတွက် ခိုင်မာ၍ ပွင့်လင်းမြင်သာသော စံသတ်မှတ်ချက်များ လိုအပ်သည်ဟူသော အချက်ကို ပိုမိုခိုင်မာစေပါသည်။ ဤသည်နှင့်စပ်လျဉ်း၍ UNDP ဂျော်ဒန်၏ စီမံချက်ဒီဇိုင်းနှင့် အကျိုးခံစားခွင့်ရှိသူရွေးချယ်မှု လုပ်ငန်းစဉ်တို့ကို ခိုင်မာအောင် ကြိုးပမ်းမှုများမှ အဖိုးတန်သော သင်ခန်းစာများ ရရှိခဲ့ပါသည် (ဇယားကွက် ၄ ကို ကြည့်ရန်)။ ခီရာဂစ်သမ္မတနိုင်ငံနှင့် တာဂျစ်ကစ်စတန်ရှိ UNDP၏ CBCSPD စီမံချက်မှလည်းနောက်ထပ်သင်ခန်းစာတစ်ခု ရရှိခဲ့ပါသည်။ ထိုစီမံချက်သည် သဘာဝသယံဇာတနှင့်

အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပူးတွဲဆောင်ရွက်ချက်များမှတစ်ဆင့် လူမှုအသိုင်းအဝိုင်းများကြားကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုများရရှိအောင်ကူညီပံ့ပိုးပေးပါသည်။ စီမံချက်သည် လူငယ်များနှင့်စပ်လျဉ်းသည့် အထူးပြုကျွမ်းကျင်မှုများရှိသော UNICEF နှင့် မိတ်ဖက်ပြုခဲ့ပြီး စီမံချက်ခွဲကို ဒီဇိုင်းရေးဆွဲကာ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နိုင်သည့်အန္တရာယ်ရှိသော လူငယ်များကို ရွေးချယ်ဆောင်ရွက်ခဲ့ရာ များစွာအကျိုးရှိခဲ့ပါသည်။ အချို့ထိခိုက်လွယ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် အချို့သောအုပ်စုများကို ဦးတည်ဆောင်ရွက်သောအခါ သက်ဆိုင်ရာအထူးပြုကျွမ်းကျင်မှုရှိသော အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်ပါသည်။ သို့သော်လည်း ထိုသို့သောအဖွဲ့အစည်းများကို အသုံးပြုမှု နည်းပါးနေသေးသည်ဟု ပြောပြကြပါသည်။ ထို့ပြင် CBCSPD စီမံချက်သည် စီမံချက်နှင့် အခြေအနေများကြား အပြန်အလှန်ဆက်နွယ်သက်ရောက်မှုများကို စီမံချက်၏ လွှမ်းခြုံမှု ပြင်ပအထိ နားလည်သိရှိနိုင်ရန်အတွက် ရွေးချယ်ထားသော ကျေးရွာနှစ်ခုစလုံးနှင့်သာမက အနီးပတ်ဝန်းကျင်မှ ကျေးရွာများနှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ဤနည်းဗျူဟာများကို ကျင့်သုံးခြင်းကြောင့် UNDP သည် အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း သတင်းအချက်အလက်များ ပေးနိုင်ခဲ့ပါသည်။ ဥပမာ - UNDP သည် ပုံမှန်ကျင်းပပြုလုပ်နေသော ကျေးရွာများနှင့် တိုင်ပင်ဆွေးနွေးမှုများအတွင်းအနီးဝန်းကျင်မှ ရွာတစ်ရွာရှိ တံတားဆောက်မည့်အစီအစဉ်ကို ရွာသူရွာသားများမှ သဘောမတူသည့်အကြောင်းကို သိရှိခဲ့ပါသည်။ ထိုအခါ UNDP မှ ထိုအစီအစဉ်နှင့်သက်ဆိုင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းသို့ အသိပေးခဲ့ရာ ထိုအဖွဲ့အစည်းမှ ၎င်းတို့၏ အစီအစဉ်ကို ပြန်လည်သုံးသပ်ကာ လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။

### ၂-၂-၃။ စီမံချက်အကောင်အထည်ဖော်ခြင်း စီမံချက်အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ

စီမံချက်တစ်ခုအား ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုသည်မှာ မရည်ရွယ်ဘဲ တင်းမာမှုများကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် ပိုဆိုးသွားစေခြင်း မရှိစေဘဲ ငြိမ်းချမ်းရေးရလဒ်များကို အထောက်အကူပြုနိုင်မည့် အခွင့်အလမ်းများကို အထိရောက်ဆုံး အသုံးချသည့်နည်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စီမံချက် အကောင်အထည်ဖော်သည့်အဖွဲ့သည် စီမံချက်မှ တိုက်ရိုက်နှင့် သွယ်ဝိုက် သက်ရောက်မှုရှိသော လုပ်ဆောင်သူများနှင့် ဆက်ဆံရေးများ တည်ဆောက်ပုံ၊ စီမံဆောင်ရွက်ပုံသည် ပဋိပက္ခကိုနားလည် သတိပြုဆောင်ရွက်မှုအတွက် အခရာကျသောအချက် ဖြစ်ပါသည်။ ထိုလုပ်ဆောင်သူများ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များကိုသိရှိရန်လိုအပ်ပြီး ပိုမိုထိရောက်မှုရှိစေရန်အတွက် လုပ်ဆောင်သူအမျိုးမျိုးနှင့် လုပ်ဆောင်သူများကြား ကောင်းမွန်သော ဆက်ဆံရေးများကို တတ်နိုင်သမျှ တည်ဆောက်နိုင်ရန် ကြိုးပမ်းရပါမည်။ [၃]

### အဓိကတွေ့ရှိချက်များ

အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ကောင်းမွန်သော အလေ့အထတစ်ခုမှာ စီမံချက်၏ ဖွဲ့စည်းပုံများသည် အဆင့်အမျိုးမျိုးကြား သတင်းအချက်အလက်စီးဆင်းမှုကို လွယ်ကူချောမွေ့စေရန် ကူညီပံ့ပိုးပေးခြင်းပင် ဖြစ်ပါသည်။ မြေပြင်ရှိ အခြေအနေများကို နားလည်သိရှိမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့ကြား ကွာဟချက်ရှိနေပါက ကြီးမားသည့် အန္တရာယ်တစ်ခုဖြစ်ပါသည်။ UNDP ၏ ကမ္ဘာလုံးဆိုင်ရာ အတွေ့အကြုံများအရ ပဋိပက္ခကိုသတိပြုနားလည်သော စီမံချက် အကောင်အထည် ဖော်မှုအတွက်လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်သော စီမံခန့်ခွဲမှုသည်အရေးကြီးကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ဥပမာ UNDP မော်ဒိုဗာ၏ SCBMP သည် စီမံချက်အကောင် အထည်ဖော်မှုများ ရှေ့ဆက်ရန် အခက်အခဲရှိလာပါကအသုံးပြုရန်အရေးပေါ် အစီအစဉ်များကို အချိန်ပေးကာ အသေးစိတ်ရေးဆွဲထားပါသည်။ ထို့ပြင် စီမံချက်သည် အခြေအနေပြောင်းလဲမှုများကို မျက်ခြည်မပြတ်စေရန်အတွက် ၎င်း၏ အုပ်ချုပ်ရေးယန္တရားများ (ဥပမာ - စီမံချက်ဘုတ်အဖွဲ့)ကို ပါဝင်ဆက်စပ်ပတ်သက်သူမျိုးစုံနှင့် တိုင်ပင်ဆွေးနွေးနိုင်သည့် နည်းလမ်းကိရိယာတစ်ခုအဖြစ် ဆန်းသစ်တီထွင်စွာ အသုံးပြုခဲ့ပါသည်။ စီမံချက်အကောင် အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် လုပ်ငန်းတူ ဆောင်ရွက်သူအဖွဲ့တစ်ဖွဲ့ကို အလွတ်သဘော ဖွဲ့စည်းထားရှိမှုနှင့်သက်ဆိုင်သည့် သင်ခန်းစာတစ်ခုကိုလည်း မော်ဒိုဗာ အတွေ့အကြုံမှ ရရှိခဲ့ပါသည် (ဇယားကွက် ၅ ကို ကြည့်ရန်)။ ထို့ပြင် လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့မှုများမှ ချဉ်းကပ်ဆောင်ရွက်ပုံ နည်းစနစ်များနှင့် စွမ်းဆောင်ရည်များသည် ‘အဖွဲ့အစည်းစနစ် အတွင်း တရားဝင်ရှိနေခြင်း’ ၏ အရေးပါမှုကိုလည်း သုံးသပ်ဆင်ခြင်နိုင်ခဲ့ပါသည်။ စီမံချက် စီမံခန့်ခွဲမှုအဆင့်နှင့် ပိုမိုကျယ်ပြန့်သော အဖွဲ့ အစည်းဆိုင်ရာ အဆင့်များ နှစ်ခုလုံးတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံသည်

---

[၃] ပဋိပက္ခကို သတိပြုနားလည်မှုစုပေါင်းအဖွဲ့ (Conflict Sensitivity Consortium) ၏ ‘ပဋိပက္ခကို သတိပြုနားလည်မှုအား မည်သို့ လမ်းညွှန်ပေး မည်နည်း (How to guide to conflict sensitivity)’ ၂၀၁၂၊ စာမျက်နှာ ၁၂

ဇယားကွက် ၄

## ပဋိပက္ခကိုသတိပြုနားလည်သော စီမံချက်ဒီဇိုင်းနှင့် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှု - ဂျော်ဒန်

UNDP ဂျော်ဒန်သည် ပဋိပက္ခကိုတားဆီးကာကွယ်ရန်နှင့် ဒုက္ခသည်များနှင့် လက်ခံထားသည့် လူမှုအသိုင်းအဝိုင်းများဆိုင်ရာ ပြင်းထန်သည့် နိုင်ငံရေးအကဲဆတ်မှုများကို ကိုင်တွယ်ရန် ရည်ရွယ်ချက်ဖြင့် ၎င်း၏ အသက်မွေးမှု လုပ်ငန်းများ ပံ့ပိုးကူညီမှုအတွက် အဆင့်မြင့်စီမံချက် ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းစဉ်တစ်ခုကို စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ဂျော်ဒန်အဖွဲ့သည် ဒေသန္တရအဆင့်ရှိ ရွေးကောက်တင်မြှောက်ခံ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံချဉ်းကပ်ကာ ၎င်းတို့၏ အမြင်များနှင့် ပံ့ပိုးကူညီမှုများကို ရယူခဲ့ပါသည်။ တစ်ချိန်တည်းတွင် ဒေသခံရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs)၊ ထိုအဖွဲ့အစည်းများသို့ ဝင်ရောက်ထားခြင်းမရှိသည့် အခြားလူငယ်များနှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ဦးတည်အုပ်စုဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် အိမ်ထောင်စုများထံ သွားရောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ဤပါဝင်ဆက်စပ်ပတ်သက်သူ အမျိုးမျိုးမှ အရေးပါသော ကွဲပြားခြားနားသည့် အမြင်များကို ပြောပြပေးနိုင်ခဲ့ကြပါသည်။

စီမံချက်တစ်ခုလုံးကို ဒီဇိုင်းရေးဆွဲပြီးသောအခါ မည်သည့်အတွက်ကြောင့် အချို့အုပ်စုများကို ပံ့ပိုးကူညီပေးရကြောင်း ရှင်းလင်းသည့် အကြောင်းပြချက်များ ပါဝင်သည့် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှုလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ထိုမျှသာမက UNDP သည် အရည်အချင်းပြည့်မီမှု စံသတ်မှတ်ချက်များနှင့် ရွေးချယ်မှုစံသတ်မှတ်ချက်များ (မည်သူလျှောက်ထားနိုင်သည်နှင့်မည်သူကို ဦးစားပေးရွေးချယ်မည်)နှင့် ရွေးချယ်မှု လုပ်ငန်းစဉ်(ကြော်ငြာ၊ ရပ်ရွာအစည်းအဝေးများ၊ လျှောက်လွှာများနှင့် တွေ့ဆုံမေးမြန်းမှုများ) တစ်ခုကိုလည်း ချမှတ်ခဲ့ပြီး လူထုကို ဆက်သွယ်အသိပေးခဲ့ပါသည်။ ဤသတင်းအချက်အလက်များကို ပါဝင်ဆက်စပ် ပတ်သက်သူတို့နှင့် ကျင်းပသော အစည်းအဝေးအမျိုးမျိုးတွင် အသိပေးပြီးနောက် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခဲ့ပါသည်။ ထိုလုပ်ဆောင်ချက်များအတွက် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်းတို့ကြောင့် အကျိုးခံစားခွင့်ရှိသူများ အစီအစဉ်မှ ထွက်သွားသည့်နှုန်း မြင့်မားခြင်း မရှိအောင်ဆောင်ရွက်ခြင်း၊ အမှန်တကယ်လိုလားသည့် ဦးတည်အုပ်စုထံသို့ ရောက်ရှိခြင်းနှင့် အာဏာပိုင်များထံမှရော၊ အခြားရပ်ရွာလူမှုအသိုင်းအဝိုင်းများမှပါ မကျေနပ်မှုများ၊ တိုင်တန်းမှုများ မရှိအောင် ရှောင်ရှားခြင်းတို့အတွက် အထောက်အကူဖြစ်ခဲ့ပါသည်။

ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် အလွန်အရေးကြီးသည်ဟု UNDP ဝန်ထမ်းအများအပြားက ယူဆကြပါသည်။ အဆင့်မြင့်ပိုင်းမှ ဆုံးဖြတ်ချက်ချမှတ် သူများသည် စီမံချက်များအတွင်းသို့ ပဋိပက္ခကို သတိပြု နားလည်မှုအား ပေါင်းစပ်ထည့်သွင်းသည့်နေရာတွင် အပြည့်အဝပံ့ပိုးကူညီပေးရမည့်အပြင် လိုအပ်သည့် အရင်းအမြစ်များ ရရှိအောင်လည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်။ ပဋိပက္ခကိုသတိပြုနားလည်မှုအား အဖွဲ့အစည်း၏ အဆင့်များအားလုံးနှင့် စီမံချက်ဆုံးဖြတ်ချက်ချမှတ်မှု အဆင့်များအားလုံးတွင် ပေါင်းစပ်ထည့်သွင်းထားဖို့ လိုအပ်ပါသည်။ ပဋိပက္ခကို သတိပြုနားလည်မှုအတွက် သတ်မှတ်တာဝန်ပေးထားသော ဝန်ထမ်းများကိုသာ ကျင့်သုံးစေပြီး အဖွဲ့အစည်းတွင်း သို့မဟုတ် ရုံးတွင်း ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးမှု မရှိလျှင် မထိရောက်၊မအောင်မြင်သည်ကများကြောင်းတွေ့ရှိရပါသည်။

ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်မှုအတွက် အကောင်းဆုံးနည်းလမ်းများကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းမှုအများအပြား ရှိပါသည်။ ဝန်ထမ်းများသည် ပဋိပက္ခကိုသတိပြုနားလည်မှုအား 'အလုပ်ပို' ဟု ရှုမြင်နေမှုများ မရှိစေရန်အတွက် စွမ်းရည်မြှင့်တင်မှုများသည် အလွန်အရေးကြီးသည်ဟု ယူဆကြပါသည်။ ပဋိပက္ခသတိပြုနားလည်မှုကို မူဝါဒ၊ နည်းဗျူဟာ၊ အစီအစဉ်ရေးဆွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စာတမ်းများထဲတွင် ပေါင်းစပ်ထည့်သွင်းထားရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ UNDP နီပေါ မှ ရရှိသော သင်ခန်းစာမှာ ပဋိပက္ခကို သတိပြုနားလည်မှုအား အဖွဲ့များ သို့မဟုတ် ဌာနများတွင် တာဝန်ခံထားကာသီးသန့်တာဝန်ပေးခြင်းမျိုးကိုရှောင်ကြဉ်ရန်ဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် ယင်းသည် သတ်သတ်မှတ်မှတ် တာဝန်ယူမှုရှိစေရန် နည်းဗျူဟာကောင်းတစ်ခုဟု ထင်မှတ်ရသော်လည်း ရေတိုအတွက်သာ ကောင်းပါသည်။ ကြာလာလျှင် အဖွဲ့တွင်းရှိ လုပ်ဖော်ကိုင်ဖက်များက ပဋိပက္ခကို သတိပြုနားလည်မှု ဆိုသည် မှာ စုပေါင်းယူရမည့် တာဝန်

ဇယားကွက် ၅

**ပဋိပက္ခကိုသတိပြုနားလည်မှုအား ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် အပြန်အလှန်ဆက်သွယ်နိုင်သည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခြင်း - မော်ဒိုဗာ**

ပဋိပက္ခကိုသတိပြုလေ့လာမှုဆိုင်ရာ အပြန်အလှန်ဆက်သွယ်နိုင်သည့် အဖွဲ့တစ်ဖွဲ့ကို မော်ဒိုဗာရှိ UN အဖွဲ့အစည်းအတွင်းတွင် ဖွဲ့စည်းထားပါသည်။ ဤအဖွဲ့သည် သင်ယူမှုများကို အပြန်အလှန်ဖလှယ်ရန်အတွက် အလွတ်သဘော လုပ်ငန်းတူလုပ်ဆောင်သူ အချင်းအချင်း ပံ့ပိုးကူညီမှုကွန်ရက်တစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ ယခုအခါ ထိုအဖွဲ့သည် သင်တန်းသင်ရိုးအပိုင်းများကို ပို့ချခြင်း နှင့် ပဋိပက္ခအခြေအနေများကို စနစ်တကျထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် ကျင့်ဝတ်တစ်ခု ပြုစုခြင်းအပါအဝင် UN ဌာနေအဖွဲ့ (UN Country Team) အတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် ပိုမိုထိရောက်လွယ်ကူ၍ ခိုင်မာသော နည်းလမ်းဖြင့် ချဉ်းကပ် ဆောင်ရွက်နေပါသည်။

တစ်ခုဆိုသည်ထက် တာဝန်ခံ၏အလုပ်ဟုသာ မှတ်ယူလာကြမည်ဖြစ်သည်။ အမှန်စင်စစ် ဤသည်မှာ တစ်ဖွဲ့လုံး၊ တစ်ဌာနလုံး စုပေါင်းယူရမည့်တာဝန်တစ်ရပ် ဖြစ်ပါသည်။

စီမံချက်မိတ်ဖက်များ၏ ပဋိပက္ခကိုသတိပြုနားလည်မှုစွမ်းရည်မြှင့်တင်ပေးရန်အတွက် UNDP ကိုလံဘီယာ သည် အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ပူးတွဲကျင်းပသည့် သင်တန်းကို အသုံးပြုကာ ထိုပါဂင် ဆက်စပ်ပတ်သက်သူများကြား ဆက်ဆံရေးများ ခိုင်မာအောင် ကူညီပေးခဲ့ပါသည်။ ထို့နောက် ပါဂင်ဆက်စပ်ပတ်သက်သူများအတွက် ၎င်းတို့၏ စွမ်းရည်များကို အသုံးပြုနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ရလဒ်များကို ရေရှည်ခံအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဥပမာ အစိုးရအရာရှိများသည် အကဲဆတ်သောကိစ္စများတွင် ၎င်းတို့၏ကျွမ်းကျင်မှုများကို အသုံးပြုကာ ရပ်ရွာလူထုအသိုင်းအဝိုင်းများနှင့် သဘောတူညီမှုများ ရယူသည့် ဆွေးနွေး ဖလှယ်ပွဲများ ပြုလုပ်လာကြပါသည်။ နီပေါ ၏ အတွေ့အကြုံများအရ ရေရှည်အသုံးပြုနိုင်သော စွမ်းရည်များကိုမြှင့်တင်ပေးရေးဆိုင်ရာ အတွေးအမြင်များကို ရရှိခဲ့ပါသည် (ဇယားကွက် ၆ ကိုကြည့်ရန်)။

## ၂-၂-၄။ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း (M&E) M&E နှင့် သက်ဆိုင်သော လုပ်ငန်းများ

M&E အစီအစဉ်ကြီးတစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆောင်ရွက်သည့် ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမှုတွင် လုပ်ဆောင်ချက်များနှင့် နောက်ခံအခြေအနေများကြား အပြန်အလှန်တုံ့ပြန်သက်ရောက်မှုများကို စောင့်ကြည့်လေ့လာရန် လိုအပ်ပါသည်။ ယင်းတွင် အဓိကအားဖြင့် အောက်ပါအစိတ်အပိုင်း သုံးခုပါဝင်ပါမည် -

- အခြေအနေကို စောင့်ကြည့်လေ့လာခြင်း
- လုပ်ဆောင်ချက်အပေါ် အခြေအနေ၏ သက်ရောက်မှုများကို စောင့်ကြည့်လေ့လာခြင်း
- အခြေအနေအပေါ် လုပ်ဆောင်ချက်၏ သက်ရောက်မှုများကို စောင့်ကြည့်လေ့လာခြင်း

ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် စောင့်ကြည့်လေ့လာသည့် အဓိကရည်ရွယ်မှာ လုပ်ဆောင်ချက်နှင့် တိုက်ရိုက်ဆက်နွယ်နေသော ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် အပြောင်းအလဲများကို သတိမှတ်ဖော်ထုတ် ပေးခြင်းဖြင့် စီမံချက်မှ လိုက်လျောညီထွေ ပြောင်းလဲအကောင်အထည်ဖော်နိုင်အောင် ကူညီပေးရန် ဖြစ်ပါသည်။ ပဋိပက္ခကို သတိပြုနားလည်မှုဆိုင်ရာ သုံးသပ်စိစစ်ဆေးမှုနှင့် စပ်လျဉ်း၍ စီမံချက်၏ တိုက်ရိုက်ရလဒ်များကိုသာမက လုပ်ဆောင်ချက်နှင့် အခြေအနေများကြား အပြန်အလှန်သက်ရောက်မှုများကိုပါ သုံးသပ်အကဲဖြတ်ရန် အရေးကြီးပါသည်။ ထို့ပြင် ပဋိပက္ခကိုသတိပြုနားလည် သည့်အနေဖြင့် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုမလို စဉ်းစားဆုံးဖြတ်ရန်လည်း အရေးကြီးပါသည်။ [၄]

## အဓိကတွေ့ရှိချက်များ

ယေဘုယျအားဖြင့် ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ M&E သည် UNDP တွင် လက်တွေ့ကျင့်သုံးမှုအား အနည်းဆုံးနယ်ပယ်ဖြစ်ပါသည်။ စနစ်တကျတိုင်းတာမှုများ

၄ ပဋိပက္ခကို သတိပြုနားလည်မှုစုပေါင်းအဖွဲ့ 'ပဋိပက္ခကို သတိပြုနားလည်မှု ရရှိရန်အတွက် မည်သို့လမ်းညွှန်ပေးမည်နည်း' ၂၀၁၂ခုနှစ်၊ စာမျက်နှာ ၁၅-၁၆

ဇယားကွက် ၆

### အစိုးရဦးဆောင်သော ဒေသန္တရဖွံ့ဖြိုးရေးတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား တရားဝင် ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်ခြင်း - နီပေါ

နီပေါတွင် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သော ပဋိပက္ခကိုသတိပြုနားလည်မှု အစီအစဉ်တစ်ခုသည် အစိုးရအဖွဲ့အတွင်း ဖွံ့ဖြိုး ရေးလုပ်ငန်းများအတွက် ပဋိက္ခကိုသတိပြုနားလည်မှုနည်းလမ်းအား လက်တွေ့ကျင့်သုံးနိုင်မည့် စွမ်းရည်ကို ရေရှည်ပျိုးထောင်မြှင့် တင်ပေးနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ခရိုင်နှင့် ကျေးရွာအဆင့်မှ အစိုးရအရာရှိများကို သင်တန်းပေးနေသည့် ဒေသန္တရဖွံ့ဖြိုးရေး လေ့ကျင့်သင်ကြားရေးအကယ်ဒမီ (LDTA) အတွင်းသို့ ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ LDTA သည် ယခုအခါ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲမှုများအတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းဆောင် ရွက်မှုကို ကြပ်မတ်စစ်ဆေးပေးနေပါသည်။ ခရိုင်နှင့်ကျေးရွာအဆင့် အရာရှိများကို အခြေအနေအား ဆန်းစစ်လေ့လာရန်၊ ကျရောက် လာနိုင်ခြေရှိသော အန္တရာယ်များကို ကြိုတင်ခန့်မှန်းရန်နှင့် ပဋိပက္ခဆိုင်ရာဆိုးကျိုးများကို ရှောင်ရှားနိုင်မည့် နည်းဗျူဟာများကို ချမှတ်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဤနေရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများထဲမှ တစ်ခုမှာ အစိုးရအရာရှိများကို မကြာခဏ ပြောင်းရွှေ့ရမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် စွမ်းဆောင်ရည်မြှင့် သင်တန်းရထားသော အရာရှိများကို ဌာနတစ်ခုတည်းတွင် ရေရှည် ထိန်းမထားနိုင်ပါ။ ဌာနေရုံးသည် အစိုးရသင်တန်းကျောင်းအတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းပေးသည့် အပြင် အစိုးရဝန်ကြီးဌာနများအတွင်း သင်တန်းဆရာများ မွေးထုတ်ကာ လေ့ကျင့်သင်ကြားပေးသည့်နည်းလမ်းကို အသုံးပြု၍ စွမ်းရည်မြှင့်တင်ပေးခဲ့ပါသည်။


ပြုလုပ်ခဲ့သည့် သာဓကအနည်းငယ်မျှကိုသာ လေ့လာမှုတွင် တွေ့ရှိခဲ့ပါသည်။ ပဋိပက္ခကိုသတိပြု နားလည်မှုဆိုင်ရာ M&E ကို ဆောင်ရွက်လျှင်လည်း သွင်းအားစု (input) သို့မဟုတ် လုပ်ဆောင်မှု (activity) အဆင့်များတွင်သာ ဆောင် ရွက်သည်က များပါသည်။ ဥပမာ သင်တန်းတစ်ခု တက်ရောက်ရခြင်းကြောင့် သင်တန်းသား/သူများ၏ သဘောထားခံယူချက်များနှင့် စွမ်းဆောင်ရည်များ ပြောင်းလဲသွားမှု ရှိမရှိ တိုင်းတာခြင်းထက် သင်တန်း တက်ရောက်သည့် သင်တန်းသား/သူ အရေအတွက်ကိုသာ ရေတွက်ခြင်း ဖြစ်ပါသည်။

တိုင်းတာနိုင်သော ရည်ရွယ်ချက်များ ထားရှိရန် အရေးကြီးပုံ အကြောင်း သုံးသပ်မှုအချို့လည်း ထွက်ပေါ်လာခဲ့ပါသည်။ UNDP မော်ဒိုဗာ ၏ SCBMP မှ ချမှတ်ထားရှိသော ရည်ရွယ်ချက်တစ်ခုမှာ စီးပွားရေးလုပ်ငန်းများတည်ထောင်ရန် ပံ့ပိုးကူညီပေးဖြင့် စိတ်ဝမ်းကွဲပြား နေသော လူထု အသိုင်းအဝိုင်းများကြား ဆက်သွယ်ချိတ်ဆက်မှုများနှင့် ယုံကြည်မှုများ တည်ဆောက်ပေးရန် ဖြစ်သည်။ သို့သော် သဘောထားခံယူချက် ပြောင်းလဲမှုများသည် များသောအားဖြင့် ရှုပ်ထွေးလွန်းပြီး အချိန်ကြာမြင့်စွာ ယူရသည့်အတွက် တိုင်းတာရန် ခက်ခဲပါသည်။ ဤနေရာတွင် ထိတွေ့ဆက်သွယ်မှုနှင့် အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှု အတိုင်းအတာ တိုးတက်လာမှုကို တိုင်းတာမည်ဆိုလျှင် ပိုကောင်းမည်ဖြစ်ပါသည်။ ခီရာဂစ်သမ္မတနိုင်ငံနှင့် တာဂျစ်ကစ်စတန် ရှိ UNDP ၏ CBCSPD စီမံချက်သည် တိုင်းရင်းသားလူမျိုးစုများ နှင့်/သို့မဟုတ် ဖယ်ချန်ခံထားရသော လူမှုအသိုင်းအဝိုင်းများကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုများ တိုးပွားလာစေရန် ရည်ရွယ်ပြီး စီမံချက်၏ ငြိမ်းချမ်းရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို တိုင်းတာရန်အတွက် ထိုအုပ်စုများကြားရှိ ယုံကြည်မှုကို တိုင်းတာပါသည်။ ထိုတိုင်းတာမှုကို ပြုလုပ်ရန်အတွက် စီမံချက်သည် ၂၀၁၆ခုနှစ် စီမံချက်မစတင်မီတွင် သဘောထားအမြင်စစ်တမ်းတစ်ခုကို ကောက် ယူခဲ့ပြီး စီမံချက်အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် ယုံကြည်မှုအဆင့်များ ပြောင်းလဲလာမှုကို နှိုင်းယှဉ် တိုင်းတာရမည့် အခြေခံ (baseline) အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင် စီမံချက်သည် ရေတိုအတွင်း သဘောထားအမြင်ပြောင်းလဲမှုများကို တိုင်းတာရန် အတွက် လူထုအစည်းအဝေးများတွင်လည်း အစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးပြီးသည့်အချိန် စစ်တမ်းကောက်ယူသည့် နည်းလမ်းကို အသုံးပြုပါသည်။ နောက်ဆုံးအနေဖြင့် CBCSPD သည် အကြမ်းဖက်မှုဖြစ်ရပ်များနှင့် အခြေအနေများ ကို မျက်ခြည် မပြတ်စောင့်ကြည့်လေ့လာနိုင်သည့် ယန္တရားတစ်ခုကို ချမှတ်ကျင့်သုံးခဲ့ပါသည်။ လေ့ကျင့် သင်တန်းပေးထားသော စောင့်ကြည့်လေ့လာ သူများကို ဒေသဆိုင်ရာရုံးများတွင် အခြေစိုက်စေပါသည်။

ထိုသူများသည် တိုင်းရင်းသားလူမျိုးစုများကြား ပဋိပက္ခဖြစ်နိုင်သည့် အန္တရာယ်လက္ခဏာများကို သတိပြုမိပါက အကြမ်းဖက်ပဋိပက္ခအဖြစ်သို့ ပြောင်းလဲသွားနိုင်ခြေကို အကဲဖြတ်အမှတ်ပေးကာ UNDP သို့ ပြန်လည်သတင်းပို့ရပါသည်။ တစ်ကြိမ်တွင် UNDP သည် ထိုသို့သော သတိပေးချက်တစ်ခုကို ရရှိသည့်အတွက် တင်းမာမှုများ လျော့နည်းသွားစေရန် CSO များနှင့် အစိုးရကိုယ်စားလှယ်များကြား ဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ထိုသို့သော စောင့်ကြည့်ဆန်းစစ်ချက် ရလဒ်များကို အစိုးရနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့များသို့လည်း မျှဝေပေးပါသည်။ သို့သော် အချို့သော အချက်အလက်များကိုမူ UNDP တွင်သာ လျှို့ဝှက်ထိန်းသိမ်းထားပါသည်။

# ၃-၁။

# သုံးသပ်ချက်များနှင့် အကြံပြုချက်များ



မဟာဗျူဟာအဆင့်တွင် ပဋိပက္ခတစ်ခု၌ ပါဝင်ပတ်သက်နေသည့် အုပ်စုအားလုံးမှ ခေါင်းဆောင်များ၏ လက်ခံယုံကြည်မှုကို ရယူရန်မှာ အလွန်ခက်ခဲကြောင်း ပြောကြပါသည်။ အဘယ်ကြောင့်ဆိုသော် ပဋိပက္ခတွင်ပါဝင်ပတ်သက်နေသူများမှာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုမရှိကြသောကြောင့် ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးကို ကြားနေသော အဖွဲ့အစည်းတစ်ခုအဖြစ် ရှုမြင်ကြခြင်းကြောင့် UNDP အတွက် ပဋိပက္ခအုပ်စုများကြား ကြားခံဆက်သွယ်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ကူညီပေးနိုင်သည့် အခွင့်အလမ်းရရှိစေပါသည်။ သို့သော် UNDP သည် ကြားနေသောအဖွဲ့အစည်းဖြစ်သည်ဟု ယုံကြည်ခံရမှုကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အန္တရာယ်များကိုလည်း သတိကြီးစွာ ထားဖို့လိုပါသည်။ နိုင်ငံရေးကင်းရှင်းမှုမရှိသော လုပ်ဆောင်သူများထံမှ ရန်ပုံငွေများကို လက်ခံခြင်း၊ ပဋိပက္ခအတွင်း အလွန် အနုတ်လက္ခဏာဆောင်သော အခန်းကဏ္ဍမှ ပါဝင်သည်ဟု ရှုမြင်ခံရသော လုပ်ဆောင်သူအချို့နှင့် လက်တွဲ အလုပ်လုပ်ခြင်းများကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ မတူညီသောအုပ်စုအမျိုးမျိုး၏ ယုံကြည်မှုကို တိုးတက်ရရှိရန်၊ ထိုအုပ်စုများနှင့် ထိတွေ့ဆက်သွယ်မှုများပိုမိုအားကောင်းစေရန်အတွက် မဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အလွန်ပင်အရေးကြီးပါသည်။ ထို့ပြင် UNDP သည် ပါဂင်ဆက်စပ်ပတ်သက်သူများအားလုံးကို စုစည်းပေးကာ အစီအစဉ်ကို စောင့်ကြည့်လေ့လာခြင်းနှင့် ကြီးကြပ်ခြင်း၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်ရန် အားလုံးပါဂင်သော နေရာများနှင့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ပါသည်။

ဒေသန္တရနှင့်ရပ်ရွာဖွံ့ ဖြိုးရေး လုပ်ငန်းများသည် ဒေသန္တရအဆင့်ရှိ စိတ်ဝမ်းကွဲပြားနေသော လူမှုအသိုင်းအဝိုင်းများနှင့် ဆက်စပ်ပတ်သက် သူများကိုဆက်သွယ်ပေါင်းကူးပေးခြင်းဖြင့် နိုင်ငံရေးညှိနှိုင်းအဖြေရှာရန်အတွက် အခြေခံအုတ်မြစ်များကို ချပေးနိုင်ပါသည်။ တစ်ချိန်တည်းတွင် ပဋိပက္ခအုပ်စုများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ချင်လာအောင် ဆွဲဆောင်ပေးနိုင်သည့်အရာများကို ပြောင်းလဲသွားစေခြင်းနှင့် ဖယ်ချန်ခံထားရသောအုပ်စုများအတွက် အစိုးရမှဝန်ဆောင်မှုများ ဆောင်ရွက်ပေးရမည့် တာဝန်ကို ရှောင်လွှဲနိုင်သည့် အခွင့်အရေးများ ရရှိစေခြင်းဖြင့် နိုင်ငံရေးညှိနှိုင်းအဖြေရှာမှုကို ထိခိုက်စေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ နိုင်ငံရေးနှင့် ပဋိပက္ခ အခြေအနေများကို ပိုင်ပိုင်နိုင်နိုင် ထိန်းညှိစီစဉ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးနှင့် စီးပွားရေးလေ့လာဆန်းစစ်မှုကို အသေးစိတ် ဆောင်ရွက်သင့်သည် ဟူသည့် သင်ခန်းစာအသစ်တစ်ခု ရရှိခဲ့ပါသည်။ UNDP အတွက် အဓိကသင်ခန်းစာတစ်ခုမှာ ဆိုးကျိုးဖြစ်နိုင်မှုများကို ကြိုတင်မှန်းဆကာ လျော့ပါးအောင် ဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး ဆောင်ရွက်သောအခါတွင် မက်ခရိုအဆင့်ရှိ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေများသာမက ဒေသန္တရအခြေအနေများကိုလည်း ဆန်းစစ်လေ့လာရမည်ဟူသောအချက်ဖြစ်ပါသည်။

ပဋိပက္ခအခြေအနေများတွင် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်များအတွက် အသုံး ပြုသည့်နေရာတွင် UNDP သည် ရှေ့ဆောင်အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အမှန်စင်စစ် ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး၏ အဓိက ရည်ရွယ်ချက်မှာ များသောအားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အသက်မွေးမှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးကူညီပေးခြင်းဖြင့် အောက်ပါတို့ အပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာ အကျိုးရလဒ်အမျိုးမျိုးကို ရရှိရန်ကြိုးပမ်းကြပါသည် - အစိုးရနှင့်ပြည်သူကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးများတည်ဆောက်နိုင်ခြင်း၊ စိတ်ဝမ်းကွဲပြားနေသော လူမှု အသိုင်းအဝိုင်းများကြား အပြန်အလှန်ထိတွေ့ဆောင်ရွက်မှု သို့မဟုတ် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု ပိုမိုအားကောင်းလာစေခြင်း၊ ဖယ်ကြဉ်ခံထားရသော အုပ်စုများကို စွမ်းဆောင်ရည်မြှင့်ပေးခြင်းနှင့် စနစ်များ၊ ဖွဲ့စည်းပုံများတွင် အမြစ်တွယ်နေသော စီးပွားရေးနှင့်လူမှုရေး ဖယ်ချန်ခံရမှုများကို ဖြေရှင်းပေးခြင်းတို့ ဖြစ်ပါသည်။ သို့သော် ဘက်ပေါင်းစုံမှ အမှန်တကယ် ချဉ်းကပ်ဆောင်ရွက်နိုင်မှသာ ဤနည်းဗျူဟာများသည် အောင်မြင်နိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှု ရည်ရွယ်ချက်များနှင့် ပဋိပက္ခကို သတိပြုနားလည်မှုတို့အား သီးခြားစီ ဖော်ဆောင်ခြင်းထက် စီမံချက်၏ဒီဇိုင်းပုံစံအတွင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မှသာ အပြည့်အဝပြည့်မြောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ပဋိပက္ခကို သတိပြုနားလည်မှုရှိရန်အတွက် ယဉ်ကျေးမှုစံသတ်မှတ်ချက်များကို လေးစားလိုက်နာမှုရှိရမည် ဖြစ်သည်။ တစ်ဘက်တွင်လည်း အပြုသဘောဆောင်သော အပြောင်းအလဲများဖြစ် ပေါ် လာစေရန်အတွက် ထိုစံသတ်မှတ်ချက်များကို စောဒကတက်ရသည့်အခါများလည်း ရှိနိုင်သည်။ ထိုနှစ်ခုကြားတွင် အလွန်သိမ်မွေ့စွာ ချိန်ညှိဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ အမျိုးသမီးများ၊ လူငယ်များနှင့် ဖယ်ကြဉ်ခံရထားရသူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် နေရာတွင် သက်ဆိုင်ရာ ချန်ပီယံများနှင့်ရော၊ စွမ်းဆောင်ရည် မြှင့်တင်ပေးမည့် အစီအစဉ်ကို ဆန့်ကျင်နေသောသူများနှင့်ပါ ဂရုတစိုက် ဆက်သွယ်ညှိနှိုင်းဖို့ လိုအပ်ပါသည်။

အခြေအနေနှင့် ပဋိပက္ခဆန်းစစ်လေ့လာမှုများကို ပြုလုပ်ရာတွင်ရည်ရွယ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အချို့သောအခြေအနေများတွင် UNDP သည် တုံ့ပြန်ဆောင်ရွက်ပေးရမည့် အစီအစဉ်များကို ရေးဆွဲနိုင်ရန်အတွက် ပဋိပက္ခ၏ ရှုပ်ထွေးသော အကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများကို ထဲထဲဝင်ဝင်နားလည်သိရှိရန် လိုအပ်ပါသည်။ အချို့အခြေအနေများတွင်မူ ပြောင်းလဲသွားသော နိုင်ငံရေးနှင့် ပဋိပက္ခ အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်၏ အဓိကကျသော ဆက်စပ် ပတ်သက်သူများအချင်းချင်းကြား  ခွဲခြမ်းစိတ်ဖြာလေ့လာထားသော သတင်းဖလှယ်မှုများကို လျင်လျင်မြန်မြန်နှင့် ပုံမှန်ပြုလုပ်နေရန် လိုအပ်ပါသည်။ အဖွဲ့အစည်းများကြား အဆက်အစပ်ရှိစွာဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှု တိုးတက်စေရန်အတွက် ဆန်းစစ်လေ့လာမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မျှဝေပေးခြင်းများသည် ကောင်းမွန်သော အလေ့အထတစ်ခု ဖြစ်ပါသည်။ ထိုအတွက်အမြဲတမ်းဖိုရမ်တစ်ခုကို ထားရှိမည်ဆိုလျှင် များစွာအထောက်အကူဖြစ်နိုင်ပါသည်။ ပဋိပက္ခဆန်းစစ်လေ့လာမှုကို ပဋိပက္ခများထင်ထင်ရှားရှား ဖြစ်ပွားနေခြင်း မရှိသည့် အခြေအနေများအပါအဝင် အခြေအနေတိုင်းတွင် ဆောင်ရွက်သည့်အလေ့အထရှိလာဖို့ဆိုသည်မှာ UNDP အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေဆဲပင် ဖြစ်ပါသည်။ ပဋိပက္ခကို သတိပြုနားလည်မှု၏ အကျိုးကျေးဇူးများကို အကူအညီများ၏ထိရောက်မှု ဥပမာများဖြင့် 'အထင်အရှားပြသပေးနိုင်သည့်' နိုင်ငံအသီးသီးမှ အတွေ့အကြုံများကို အသုံးပြုကာ ယင်း၏အရေးပါမှုနှင့်စပ်လျဉ်း၍ ယုံကြည်မှု နည်းပါးနေသေးသော မန်နေဂျာများ၊ ဝန်ထမ်းများနှင့် အလှူရှင်များ၏ထောက်ခံမှုကို ရရှိအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုရှာဖွေဖန်တီးကြရမည်ဖြစ်ပါသည်။

အချိန်နှင့်ရန်ပုံငွေများ အကန့်အသတ်ရှိမှု၊ နိုင်ငံအဆင့်ဦးစားပေးကိစ္စရပ်များနှင့်အညီ ကူညီပံ့ပိုးပေးရမည်ဟူသည့်မူကြောင့် UNDP သည် ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းစဉ်များတွင် အထက်မှအောက်သို့ညွှန်ကြားမှုကို အားသန်နေဆဲဖြစ်နိုင်ပါသည်။ သို့သော် ငြိမ်းချမ်းရေးတည် ဆောက်မှုကို ဦးတည်သည့် ဒေသန္တရနှင့်ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များရေးဆွဲရာတွင် အကျိုးခံစားခွင့်ရှိသူများအတွက် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်များကို ပုံဖော်နိုင်သည့် အခွင့်အလမ်းများပေးရန်နှင့် ကိုယ်ပိုင်အဖြစ်ခံယူမှု၊ ယုံကြည်မှုတို့ကို တည်ဆောက် ပေးရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော ဒီဇိုင်းပုံစံများ လိုအပ်ပါသည်။ ထို့ကြောင့် ဤနယ်ပယ်တွင် လုပ်ငန်းများ လုပ်ဆောင်မည် ဆိုပါက UNDP သည် ပို၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး အောက်ခြေမှအထက်သို့ တင်ပြနိုင်သည့် ပုံစံဖြင့် လုပ်ဆောင်ရန်လိုအပ်ပြီး အစိုးရများနှင့် မိတ်ဖက်ပြုဆောင်ရွက်ရာတွင်လည်း ဤပုံစံကို ထည့်သွင်းအသုံးပြုရမည်ဖြစ်ပါသည်။ စီမံချက်ဒီဇိုင်းရေးဆွဲမှု လုပ်ငန်းစဉ်များတွင် ပဋိပက္ခကို သတိပြုနားလည်မှုနှင့်စပ်နွယ်သည့် အခက်အခဲများစွာ ရှိနေပါသည်။ အထူးသဖြင့် ပါဝင်ဆက်စပ်ပတ်သက်သူများမှ တိုင်ပင် ဆွေးနွေးခြင်းခံရသည်ဟု ထင်မြင်ခြင်း ရှိ/မရှိ၊ မတူကွဲပြားသော လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို စီမံချက်ဒီဇိုင်းက ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် အခက်အခဲများ ဖြစ်ပါသည်။ အကျိုးခံစားခွင့်ရှိသူရွေးချယ်ခြင်းသည် အကဲဆတ်လေ့ရှိသော ကိစ္စဖြစ်ပြီး အဖယ်ခံရမှု သို့မဟုတ် 'အခြားတစ်ဘက်' ကို မျက်နှာသာပေးမှုကြောင့် အချို့အုပ်စုများထံမှ ဒေါသသို့မဟုတ် မကျေမချမ်း ဖြစ်မှုတို့ ပေါ်ပေါက်နိုင်သည့် အခက်အခဲရှိပါသည်။ ဌာနေရုံးအချို့သည် အောက်ပါ ကောင်းမွန်သော အလေ့အထကို ကျင့်သုံးကြပါသည်။ သင့်လျော်သည့် ပါဝင်ဆက်စပ်ပတ်သက်သူအမျိုးမျိုးနှင့်  အသေးစိတ်တိုင်ပင်ဆွေးနွေးခြင်း၊ ပါဝင်ဆောင်ရွက်နိုင်ခွင့်ဆိုင်ရာ စံသတ်မှတ်ချက်များကို အားလုံးနှင့်တိုင်ပင်ဆွေးနွေးကာ ရှင်းလင်းတိကျစွာချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့်မျှဝေအသိပေးခြင်း၊ လူမှုအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်သွယ်မှုများ ကောင်းစွာပြုလုပ်ကာ ပွင့်လင်းမြင်သာရှိခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်မည်ဆိုလျှင် အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ခြင်းကို နစ်နာမှုများ၊ မကျေနပ်မှုများ မရှိစေဘဲ ထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စီမံချက်အကောင်အထည်ဖော်ရာတွင် ပဋိပက္ခကို သတိပြုနားလည်မှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ဖို့ ဆိုလျှင် သတင်းအချက်အလက်စီးဆင်းမှု ကောင်းမွန်ရန် လိုအပ်ပါသည်။ သို့မှသာ မြေပြင်တွင် ဖြစ်ပေါ်နေသည့် အပြောင်းအလဲများကို အချိန်နှင့်တစ်ပြေးညီ အပြည့်အဝသိရှိကာ သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ဆက်စပ်ပတ်သက်သူအားလုံး ပါဝင်ဆောင်ရွက်သော စီမံချက်စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့များ ထားရှိခြင်းဖြင့် အဖွဲ့ဝင်များ၏ အဆက်အသွယ်များနှင့် သုံးသပ်ဆန်းစစ်ချက်များကို အသုံးပြုကာ မြေပြင်ပေါ်ရှိ အပြောင်းအလဲများနှင့် လိုက်လျောညီထွေပြောင်းလဲ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စီမံချက် အကောင်အထည်ဖော်မှုများမှ တစ်ဆင့် ကုလသမဂ္ဂဝန်ထမ်းများ၊ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ စွမ်းဆောင်ရည်များကို ထိထိရောက်ရောက်

မြှင့်တင်ပေးနိုင်သည့် နည်းဗျူဟာများမှာ လုပ်ငန်းတူချင်း ပံ့ပိုးမှုကွန်ရက်များ ထူထောင်ခြင်း၊ အပြန်အလှန်ယုံကြည်မှုများရရှိရန်အတွက် အစိုးရနှင့် အစိုးရမဟုတ်သော ဆက်စပ်ပတ်သက်သူများကို အတူတကွ သင်တန်းပေးခြင်းနှင့် နိုင်ငံအဆင့်အဖွဲ့အစည်းများတွင် ပဋိပက္ခကို သတိပြုနားလည်မှုဆိုင်ရာ စွမ်းရည်များရှိစေရန်အတွက် အဖွဲ့အစည်း စနစ်များအတွင်း တရားဝင်ထည့်သွင်း ကျင့်သုံးစေခြင်း၊ စသည်တို့ ဖြစ်ပါသည်။

UNDP ၏ ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ M&E နှင့် စပ်လျဉ်းသော အတွေ့အကြုံများတွင် အကောင်းအဆိုး ရောနှောနေပါသည်။ ယေဘုယျအားဖြင့် ပဋိပက္ခအခြေအနေများတွင်ဆောင်ရွက်သည့်ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ အကျိုးရလဒ်များကို ထိရောက်ခိုင်မာစွာ စောင့်ကြည့်လေ့လာမှုများ နည်းပါးနေပါသေးသည်။ သို့သော် UNDP သည် ယခုအခါ လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုကို တိုင်းတာနိုင်မည့် နည်းလမ်းများကို ရှာဖွေလျက်ရှိပြီး ကောင်းကျိုးများကို ဆောင်ကြဉ်းပေးမည့် ငြိမ်းချမ်းရေး (positive peace) ၏ အခြေခံအချက်များကို တိုင်းတာနိုင်မည့် မူဘောင်အသစ်များကိုလည်း ပြုစုနေပါသည်။ အချို့သော ပဋိပက္ခစောင့်ကြည့်လေ့လာမှုလုပ်ငန်းများကို ကြိုတင်သတိပေးစနစ်၊ စောလျင်စွာတုံ့ပြန်မှုစနစ်များနှင့် တွဲဖက်ကာဆောင်ရွက်သလို ယုံကြည်မှုတည်ဆောက်သည့်လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်သည့် သက်သေအထောက်အထား အခြေခံများအဖြစ်လည်း အသုံးပြုလျက်ရှိပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှုမှ တွေ့ရှိချက်များ

ဤလေ့လာမှုနှင့်အတူ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးစီမံချက်များအတွင်းသို့ ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းခြင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ၏ ကောင်းမွန်သော အလေ့အထကျင့်သုံးမှုများနှင့် သင်ခန်းစာများ လေ့လာမှုကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ပါသည်။ ထိုလေ့လာမှုမှအဓိကတွေ့ရှိချက်များသည်လည်း UNDP ၏ အတွေ့အကြုံများကို လေ့လာခဲ့သည့် ဤနိုင်ငံတကာ လေ့လာမှုမှ တွေ့ရှိချက်များနှင့် အများအပြား ဆင်တူနေသည်ကို တွေ့ရပါသည် -

- မြန်မာနိုင်ငံတွင် ရှုပ်ထွေးခက်ခဲသည့် ကူးပြောင်းမှုများ ဖြစ်ပေါ်နေသည့်အခြေအနေတွင် ဒေသန္တရ၊ ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များသည် တိုင်းဒေသကြီး/ပြည်နယ်နှင့် နိုင်ငံအဆင့်များအားလုံးတွင် နစ်နာမှုများ၊ မကျေနပ်ချက်များ၊ ခွဲခြားဆက်ဆံမှုနှင့် ပဋိပက္ခဖြစ်ကာ စိတ်ဝမ်းကွဲပြားနေမှုများကို ပိုဆိုးသွားအောင် မလုပ်မိစေရန် သတိထားဖို့ လိုအပ်ပါသည်။ ထိုအချက်သည် တိုင်းရင်းသား လူနည်းစုများ နေထိုင်ရာဒေသများအတွက် အထူးပင် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေသများတွင် ပဋိပက္ခ အခြေအနေများသည် ပြင်းထန်ပြီး ပဋိပက္ခ၏သက်ရောက်မှုများလည်း ကြီးမားခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် တိုင်းရင်းသား၊ ကိုးကွယ်သည့်ဘာသာ၊ သုံးစွဲသည့် ဘာသာစကားနှင့် လူမှုစီးပွား အခြေအနေများသည် မတူကွဲပြားမှု အလွန်များပြားပြီး ငုံ့လျှိုးနေသော သို့မဟုတ် တစ်နေရာတည်းတွင်သာ ကွက်ကာ ဖြစ်ပွားနေသော ပဋိပက္ခများလည်း ရှိနေပါသည်။ ထိုအတွက်ကြောင့် တိုင်းရင်းသားဒေသများတွင်သာမက နိုင်ငံတဝှမ်းရှိ အခြားနေရာဒေသများအတွက်လည်း အဆိုပါအချက်က အရေးကြီးပါသည်။ ထို့ပြင် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် အဆင့်များအကြား အပြန်အလှန်သက်ရောက်နိုင်မှုများကိုလည်း သတိပြုဖို့ လိုအပ်ပါသည်။ ဥပမာ ဒေသန္တရ သို့မဟုတ် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များသည် အခြားသော နိုင်ငံအဆင့်လုပ်ငန်းစဉ်များ (ဥပမာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ ကူးပြောင်းမှု) အပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး သက်ရောက်နိုင်ပုံနှင့် အပြန်အလှန်အားဖြင့် ထိုလုပ်ငန်းစဉ်များကလည်း ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများအပေါ် သက်ရောက်နိုင်ပုံကို သတိပြုရမည် ဖြစ်ပါသည်။

- အစိုးရသည် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေကာ အစိုးရမဟုတ်သော တခြားလုပ်ဆောင်သူအမျိုးမျိုးနှင့် ရင်ဆိုင်ယှဉ်ပြိုင်နေရသည့် အခြေ အနေများ၌ အစိုးရ၏ ဦးစားပေးများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ရခြင်း၊ အစိုးရအား ပိုမိုထိရောက်မှုရှိစေရန်နှင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ကူညီပံ့ပိုးရခြင်းသည် ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် အဓိကရင်ဆိုင်ရသည့် အခက်အခဲတစ်ခု ဖြစ်ပါသည်။ အစိုးရမှဦးဆောင်သော ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အားပေးကူညီ ခြင်းသည် (အများ၏ အမြင်တွင် သို့မဟုတ် လက်တွေ့တွင်) အပြိုင်အဆိုင်ထိန်းချုပ်ရန် ကြိုးပမ်းနေသော နယ်မြေများ အတွင်း အစိုးရ၏ ထိန်းချုပ်မှုကို ပိုမိုခိုင်မာစေပါသည်။ အလားတူပင် ထိုသို့သော နယ်မြေများတွင် EAO များ၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို ကူညီပံ့ပိုးပေးခြင်းသည် အစိုးရနှင့် ထိုဒေသရှိ အခြားသော အစိုးမဟုတ်သည့် လုပ်ဆောင်သူများ၏ အခန်းကဏ္ဍကို မှေးမှိန်

ထိခိုက်စေနိုင်ပါသည်။ ထိုအခက်အခဲကို ရှောင်ရှားရန် အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြီးမြောက်သည်ထိ သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိသည်အထိ စောင့်ပြီးမှသာ အကူအညီထောက်ပံ့မှုများကို ပေးမည်ဟု ဆုံးဖြတ်ပြန်လျှင်လည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် နစ်နာချက်များ ပိုမိုကြီးမားသော ပဋိပက္ခဒဏ်ခံလူမှုအသိုင်းအဝိုင်းများ၏ထိခိုက်လွယ်မှုကို ပိုမို တိုးပွားလာစေနိုင်ပါသည်။ ထိုလူမှုအသိုင်းအဝိုင်း များက ၎င်းတို့သည် သမိုင်းအစဉ်အဆက် ခွဲခြားဆက်ဆံ ခံလာရသည်ဟု ခံစားနေကြရသလို အမုန်တကယ်လည်း ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုများမှာ စနစ်များ၊ ဖွဲ့စည်းပုံ များအတွင်းတွင် အမြစ်တွယ်လျက် ရှိနေပါသည်။

- ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များသည် ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုနိုင်ရန် တတ်နိုင်သမျှ ကြိုးပမ်း သင့်ပါသည်။ ရပ်ရွာအဆင့် နှင့်/ သို့မဟုတ် နိုင်ငံရေး အဆင့်များတွင် စိတ်ဝမ်းကွဲပြားနေသောအုပ်စုများကြား ဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်အောင်၊ ယုံကြည်မှု တည်ဆောက်နိုင်အောင် ပံ့ပိုးပေးသည့် နည်းလမ်းများ၊ အစဉ်အဆက် ဘေးဖယ်ခံထားရသူများကို စွမ်းဆောင် ရည်မြှင့်တင်ပေးသည့် နည်းလမ်းများကို ဖွံ့ဖြိုးရေးစီမံချက် များအတွင်း ပေါင်းစပ်ထည့်သွင်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ အစိုးရနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်မှု များတွင် ပြည်သူလူထု ၏ ပါဝင်ဆောင်ရွက်မှုနှင့် စောင့် ကြည့်ထိန်းကျောင်းမှုများကို အားပေးမြှင့်တင်ပေးခြင်း တို့ကိုလည်း လုပ်ဆောင်နိုင်ပါသည်။ ထိုလုပ်ဆောင် ချက်များသည် ဒီမိုကရေစီစနစ်ကို အထောက်အပံ့ပြုကာ ဒေသခံပြည်သူများ၊ အထူးသဖြင့် ဘေးဖယ်ခံထားရသော လူမှု အသိုင်းအဝိုင်းများက အာဏာပိုင်များအပေါ် ယုံကြည်လာအောင် အကူအညီပေးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် အချို့သော ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်များသည် ထိုကဲ့သို့သော ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ရလဒ်များ ထွက်ပေါ်လာအောင် ပါဝင်ကူညီပေးနေကြပါသည်။ သို့သော် ဖွံ့ ဖြိုးရေး နည်းဗျူဟာများနှင့်ချဉ်းကပ်နည်းများအတွင်းငြိမ်းချမ်းရေး ကို အထောက်အကူပြုမှုအား ပေါင်းစပ်ထည့်သွင်း နိုင်ရန်အတွက် ယခုထက်ပို၍ လုပ်ဆောင်နိုင်သော၊ လုပ်ဆောင်သင့်သောအရာများစွာကျန်ရှိနေပါသေးသည်။

## ဤတွေ့ရှိချက်များမှ အောက်ပါ အကြံပြုချက်များ ထွက်ပေါ်လာပါသည် -

၁) စီမံချက်အတွက် တိုင်ပင်ဆွေးနွေးမှု၊ ကြီးကြပ်စစ်ဆေးမှု နှင့် စောင့်ကြည့်လေ့လာမှုများတွင် သက်ဆိုင်ရာ အစိုးရနှင့် အစိုးရ မဟုတ်သောလုပ်ဆောင်သူများ အားလုံးပါဝင်ဆောင်ရွက်နိုင်သော နေရာများ၊ အခွင့်အလမ်းများကို ဖန်တီးပေးကာ ထိုအခွင့်အရေးများ စဉ်ဆက်မပြတ်ဆက်လက်ရရှိနေအောင် ဆောင်ရွက် ပေးရန်- ထိုသို့လုပ်ဆောင်ခြင်းဖြင့် လိုအပ်သော နိုင်ငံရေးပံ့ပိုးမှုများကို ရရှိစေပြီး စီမံချက်နည်းဗျူဟာကို ရှုထောင့်စုံမှ ချိန်ညှိရေးဆွဲနိုင်ကာ ပါဝင်ဆောင်ရွက်ကြ သော လုပ်ဆောင်သူများကြား အပြုသဘောဆောင် သည့်ဆက်ဆံရေးများ တည်ဆောက်နိုင် (မည့်အလား အလာရှိ) ပါသည်။ ငြိမ်းချမ်းရေးနှင့်လူ့အခွင့်အရေးများ အတွက် ကြိုးပမ်းသည့်နေရာတွင် သက်ဆိုင်ရာ နေရာဒေသ၊ လူမှုအသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှု စံများနှင့် ကိုက်ညီမှုမရှိသည်များလည်း ရှိတတ်ပါသည်။ ထိုအခါမျိုးတွင် ထိုမကိုက်ညီမှုများနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်လုပ်ဆောင်သူများကြားဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်အောင် အားပေးကူညီကာ တန်းတူညီမျှ အခွင့် အရေးများနှင့် ငြိမ်းချမ်းရေးရရှိသည်အထိ တစ်ဆင့်ချင်း ဆောင်ရွက်သွားနိုင်အောင် ကူညီပံ့ပိုးပေးရမည်ဖြစ်ပြီး ကောင်းမွန်သော အပြောင်းအလဲများကို ဖော်ဆောင် နိုင်ရန်အတွက် ဒေသန္တရနှင့် နိုင်ငံအဆင့် ချန်ပီယံများကို မွေးထုတ်ပေးရပါမည်။

၂) ရန်ပုံငွေပံ့ပိုးမှုဆိုင်ရာနှင့် မိတ်ဖက်ရွေးချယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ စီမံချက်ဒီဇိုင်း၊ အကောင်အထည်ဖော်မှု နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုပုံစံများအတွက် လိုအပ်သော အချက်အလက်များ ရရှိကာ ထည့်သွင်း စဉ်းစားဆုံးဖြတ် နိုင်ရန်အလို့ငှာပဋိပက္ခဆန်းစစ်လေ့လာမှု များကို အဆက်မပြတ် ပြုလုပ်သွားနိုင်အောင် ရင်းနှီးမြှုပ်နှံ ပေးရန်

၃) ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို သီးခြား ဒီဇိုင်းရေးဆွဲခြင်းထက် ငြိမ်းချမ်းရေး တည်ဆောက်မှု ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ဖွံ့ ဖြိုးရေးလုပ်ငန်း များအတွင်း ပေါင်းစပ်ထည့်သွင်းခြင်း၊ ဖွံ့ ဖြိုးရေးလုပ်ဆောင်ချက်များနှင့် မျှော်မှန်းရလဒ်များတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုနည်းလမ်းတစ်ခုကို ထည့်သွင်းလုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် စပ်လျဉ်းသည့် အမြင့်မားဆုံး

အကျိုးရလဒ်များ ရရှိရန်အတွက် ဒေသန္တရနှင့်ရပ်ရွာဖွံ့ ဖြိုးရေးပံ့ပိုးကူညီမှုများကို အကျိုးအရှိဆုံး အသုံးချနိုင်အောင် ကြိုးပမ်းရန်၊

၄) အဆင့်မျိုးစုံတွင် ပဋိပက္ခဆန်းစစ်လေ့လာမှုများ ပြုလုပ်နိုင်အောင် ရင်းနှီးမြှုပ်နှံပေးရန်၊ အထူးသဖြင့် စီမံချက်ဒေသများအတွင်းရှိ ဒေသန္တရအဆင့်တွင် ဖြစ်သည်။ သို့သော် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသခွဲအဆင့်များတွင်လည်း ဆောင်ရွက်သင့်ပါသည်။ ဒေသန္တရဖွံ့ဖြိုးရေး အခြေအနေများသည် နိုင်ငံအဆင့် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သက်ရောက်နိုင်ပြီး အပြန်အလှန်အားဖြင့်လည်း နိုင်ငံအဆင့်လုပ်ငန်းစဉ်များသည် ဒေသန္တရဖွံ့ဖြိုးရေးအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ထို့ကြောင့် DNH နည်းဗျူဟာများ ရေးဆွဲနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသည့် အပြန်အလှန်သက်ရောက်မှုများကို ဆန်းစစ်လေ့လာရပါမည်။ အသေးစိတ်၍ အထောက်အထားအခြေခံသော ပဋိပက္ခဆန်းစစ် လေ့လာချက်၊ လျင်မြန်စွာ ထိုးထွင်းသိမြင်မှုနှင့် အကြံဉာဏ်များကို လိုအပ်သလို ပေါင်းစပ်အသုံးပြုနိုင်အောင် ရင်းနှီးမြှုပ်နှံရပါမည်။ UNDP သည် ပုံမှန် ပြုလုပ်နေသော စီမံချက်အဆင့်နှင့် နိုင်ငံအဆင့်ပဋိပက္ခဆန်းစစ်လေ့လာချက်များကို အားဖြည့်ထောက်ကူ ပေးရန်အတွက်မတူကွဲပြားသော ကျွမ်းကျင်ပညာရှင်များကြား ဆန်းစစ်လေ့လာချက်များကို အပြန်အလှန်ဖလှယ်နိုင်မည့်နေရာများ၊ အခွင့်အလမ်းများကို အမြဲမပြတ်ရှိနေအောင် ဖန်တီးပေးသင့်ပါသည်။ သို့မှသာ ပါဝင်ဆက်စပ်ပတ်သက်သူအမျိုးမျိုး၏ ရှုထောင့်များကို နားလည်သိမြင်နိုင်မည်ဖြစ်ပါသည်။ ထိုအခါ စီမံချက်ဝန်ထမ်းများသည် အလွန်အပြောင်းအလဲမြန်သော ပဋိပက္ခနှင့် နိုင်ငံရေး အခြေအနေများကြား လိုက်လျောညီထွေစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးသတင်းအချက်အလက်များကို အမြဲမပြတ်ရရှိနေမည် ဖြစ်ပါသည်။

၅) ဖယ်ချန်ခံထားရသည်ဟု ခံစားရသူများထံမှ ဆန့်ကျင်မှုများအား ကြုံတွေ့ရနိုင်သည့်အန္တရာယ်လျော့ပါးသွားစေရန်အတွက် တိုင်ပင်ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်အောင် ဦးစားပေးဆောင်ရွက်ရန်၊ အလားတူပင် ပါဝင်ဆက်စပ်ပတ်သက်သူများကြား တရားမျှတမှုရှိသည်ဟူသောအသိရရှိအောင် ကြိုးပမ်းခြင်း၊ အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ရန်အတွက် ရှင်းလင်းတိကျသော စံသတ်မှတ်ချက်များကို တိုင်ပင်ဆွေးနွေး ချမှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်များကို ပွင့်လင်းမြင်သာစွာ မျှဝေပေးခြင်း တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ ပြန်လည်ပြင်ဆင်ရန်ခက်ခဲသည့် ကြိုတင်ရေးဆွဲထားသော ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်ဒီဇိုင်းများ အသုံးပြုခြင်းကို ရှောင်ရှားသင့်ပါသည်။ လူထုထံမှ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသော အတွေးအခေါ်များကို အကျိုးရှိရှိ အသုံးပြုသင့်ပြီး အကျိုးခံစားခွင့်ရှိသူအုပ်စုများကိုယ်တိုင် လုပ်ဆောင်လိုသည့် လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ခွင့် ပေးသင့်ပါသည်။ ထိုအခါ မိမိကိုယ်ပိုင်လုပ်ငန်းအဖြစ် ခံယူမှုများကို ဖြစ်ပေါ်စေပြီး ရေရှည် ဆက်လက်လုပ်ဆောင်သွားနိုင်မှုကို အားပေးနိုင်သည့်ပြင် ဆိုးကျိုးဖြစ်စေမည့် အတွေးအကြံများကို စစ်ထုတ်ဖယ်ရှားနိုင်ကာ ပါဝင်ဆောင်ရွက်သူများကြား ယုံကြည်မှုတည်ဆောက်ပေးနိုင်မည်ဖြစ်ပါသည်။

၆) ပြောင်းလဲမှုကို တုံ့ပြန်နိုင်သော စီမံချက်စီမံခန့်ခွဲမှုဖွဲ့စည်းပုံတစ်ခုကို တည်ဆောက်ရန်၊ ဤအတွက် စီမံချက်များ ကွင်းဆင်းဆောင်ရွက်နေသည့်နေရာမှ ရုံးချုပ်သို့ သတင်းအချက်အလက်စီးဆင်းမှုများ ကောင်းမွန်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များကို လျင်မြန်စွာ ချမှတ်ကာ လိုအပ်သည်များကို နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အရေးယူဆောင်ရွက်နိုင်မည့်ပြောင်းလွယ်ပြင်လွယ်ရှိမှုမျိုးကိုလိုအပ်ပါသည်။ ထို့ပြင် ပဋိပက္ခကို သတိပြုနားလည်မှုအား စီမံချက်လုပ်ငန်းများအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် အဓိကကျသောဝန်ထမ်းများ၊ ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် အကျိုးခံစားခွင့်ရှိသူများ (ဥပမာ ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဦးဆောင်သော ရပ်ရွာလူထု အုပ်စုများ) ကို စွမ်းရည်မြှင့်တင်ပံ့ပိုးမှုများ ပြုလုပ်ပေးရပါမည်။ သို့မှသာ စီမံချက်ကို ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ပြီး ပိုမိုခိုင်မာသည့် ငြိမ်းချမ်းရေး တည်ဆောက်မှုရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

၇) အဆင့်အမျိုးမျိုးရှိ ပြောင်းလဲမှုများကိုတိုင်းတာနိုင်အောင် ရင်းနှီးမြှုပ်နှံရန်၊စီမံချက်အဆင့်နှင့် ပိုမိုကျယ်ပြန့် သော အဆင့်များရှိ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအခြေအနေများ အပေါ် စီမံချက်၏ သက်ရောက်မှုကို မျက်ခြည်မပြတ် စောင့်ကြည့်တိုင်းတာနေရန် အရေးကြီးပါသည်။ အပြန်အလှန်သက်ရောက်မှုကို တိုင်းတာသော ညွှန်ကိန်းများ (interaction indicators) (စီမံချက်၏ ဩဇာ သက်ရောက်နိုင်မှု အဝန်းအဝိုင်းနှင့် နီးကပ်စွာဆက်နွယ်နေသော ပဋိပက္ခနှင့်ငြိမ်းချမ်းရေး အခြေအနေများ၏ ပြောင်းလဲမှုများကို တိုင်းတာသည့် ညွှန်ကိန်းများ)ကို ပြုစုကာ တိုင်းတာသွားခြင်းဖြင့်

ဝန်ထမ်းများသည် ဆိုးကျိုးများ ဖြစ်စေနိုင်မည့် အန္တရာယ်များအတွက် နိုးကြားသတိရှိနေပြီး ငြိမ်းချမ်းရေးအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုများကိုလည်း ထင်ရှားစွာ သိရှိခွင့် ရမည်ဖြစ်ပါသည်။ စီမံချက်အကောင်အထည် ဖော်နေသည့် ကာလတစ်လျှောက်လုံးတွင် စီမံချက်၏ အကျိုးသက်ရောက်မှုများကို နားလည်သိရှိနိုင်ရန်နှင့် နစ်နာမှုများကို တင်ပြလာပါက တုံ့ပြန်ဆောင်ရွက် ပေးနိုင်ရန်အတွက် အရေးကြီးသည့် လုပ်ဆောင်ချက် တစ်ခုမှာ အကျိုးခံစားခွင့်ရှိသူများထံမှ ထင်မြင်ချက်များ၊ အကြံပြုချက်များကို ပုံမှန်ရယူနေရန် ဖြစ်ပါသည်။

၄-၁။

# အရင်းအမြစ်များ



## ၄-၁။ လေ့လာခဲ့သော/ရည်ညွှန်းကိုးကားခဲ့သော UNDP အစီအစဉ်/စီမံချက်များအကြောင်းအနှစ်ချုပ်

### ဘင်္ဂလားဒေ့ရှ်
### ချစ်တဂွန်တောင်တန်းဒေသ (CHT) ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ - ၂၀၀၃-၂၀၁၆

ဤဖွံ့ဖြိုးရေးအစီအစဉ်သည် အတိုင်းအတာအားဖြင့် ကြီးမားပြီး အောက်ပါရည်ရွယ်ချက်များ ရှိပါသည် - အောက်ခြေမှ အထက်သို့ တင်ပြနိုင်သည့် လူထုအခြေပြု ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများကို ထိထိရောက်ရောက် အစီအစဉ်ရေးဆွဲ၊ စီမံခန့်ခွဲကာ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုး မှုများ ပေးနိုင်ရန်အတွက် CHT အဖွဲ့အစည်းများကို စွမ်းရည်မြှင့်တင်ပေးရန်၊ ကဏ္ဍစုံနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးဦးစားပေး ကိစ္စရပ်များနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည့် အခွင့်အလမ်းများကို ကိုင်တွယ်ဖြေရှင်း နိုင်သည့် အထူးလုပ်ဆောင်ချက်များကို ဒေသတစ်ခုလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်၊ 'ပါရာ' လူမှုအသိုင်းအဝိုင်းများကို ကိုယ်တိုင်ဆန်းစစ်လေ့လာထားသည့် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ကို အခြေခံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်စေရန်အတွက် စွမ်းရည်မြှင့်တင်ပေးရန်၊ အသေးစားဖွံ့ ဖြိုးမှု လုပ်ငန်းများကို ဒီဇိုင်းရေးဆွဲ၊ စီမံဆောင်ရွက်နိုင်ရန်အတွက် Quick Impact Funds ရန်ပုံငွေများမှတစ်ဆင့် ပံ့ပိုးကူညီပေးရန်၊ လူမှုအသိုင်းအဝိုင်းများအတွင်းနှင့် လူမှုအသိုင်းအဝိုင်းများအားလုံးမှ CHT ခေါင်းဆောင်များ၊ အစိုးရနှင့် အလှူရှင်များကြား ယုံကြည်မှု တည်ဆောက်သည့် ဆွေးနွေးပွဲများနှင့် လှုပ်ရှားမှုများကို ဦးဆောင်ကျင်းပပေးရန်၊ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လက်တွေ့ ကျကျ ဖြေရှင်းနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေရန်နှင့် CHT ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီရန်အတွက် UNDP ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများနှင့် စွမ်းဆောင်ရည်များကို အားကောင်း အောင် လုပ်ဆောင်ရန်တို့ ဖြစ်ပါသည်။

ဆက်သွယ်ရန်

Prasenjit Chakma
စီမံချက်ညှိနှိုင်းရေးမှူး (Project Coordinator)
prasenjit.chakma@undp.org

### ကိုလံဘီယာ
### လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသော ကျေးလက်နေမိသားစုများ၏ အလုပ်အကိုင်ရရှိနိုင်မှုနှင့် တီထွင်စွန့်စားစီးပွားရှာနိုင်စွမ်း (၂၀၁၄-၂၀၁၈)

ဤအစီအစဉ်သည် လူမှုရေးစနစ်များဖွဲ့စည်းပုံများအရ ဖယ်ထုတ်ခံထားရခြင်းကြောင့် ပဋိပက္ခဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရသည့် တောင်သူ လယ်သမားများ၏ ဖွံ့ ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးပေးသော အစီအစဉ် ဖြစ်ပါသည်။ ဤအစီအစဉ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ရန်ပုံငွေများကို ဆင်းရဲသောအမျိုးသမီးများကဲ့သို့ ထိခိုက်လွယ်ပြီး ချို့ငဲ့အားနည်းသူများအပါအဝင် ရပ်ရွာလူထု အုပ်စုများထံသို့ တိုက်ရိုက် ပံ့ပိုးပေးပါသည်။ သီးနှံစိုက်ပျိုး ရေးပညာရှင်များသည် ရပ်ရွာထဲတွင် အခြေစိုက်နေထိုင်ကာ နည်းပညာပံ့ပိုးမှုများကို ရေရှည်ပံ့ပိုးပေးပါသည်။

ဆက်သွယ်ရန်

Lina Arbelaez
အဖွဲ့ခေါင်းဆောင်၊ ဆင်းရဲမှုနှင့် သာတူညီမျှမရှိမှုဆိုင်ရာ ဌာန (Team Leader, Poverty and Inequity Unit)
lina.arbelaez@undp.org

### ဂျော်ဂျီယာ
### ယုံကြည်မှုတည်ဆောက်ရေးနှင့် စောလျင်စွာတုံ့ပြန် ဆောင်ရွက်ပေးရေးလုပ်ငန်းယန္တရား (COBERM) - အဆင့် ၃

လူသိများသည့် ဤအစီအစဉ်သည် EU/UNDP ပူးတွဲ ဆောင်ရွက်သော အစီအစဉ်တစ်ခုဖြစ်ပြီး အမျိုးအစား စုံလင်များပြားလှသည့် နယ်ပယ်များနှင့်လုပ်ငန်းများတွင် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်အားပေးပါသည်။ ထိုအထဲတွင် ပဋိပက္ခဒဏ်ခံလူမှုအသိုင်းအဝိုင်းများကြား ယုံကြည်မှုတည်ဆောက်ခြင်းအပေါ် မြင်သာထင်ရှားသည့် အကျိုးရလဒ်များကို ချက်ချင်းလက်ငင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်သည့် ခိုင်မာသော လုပ်ဆောင်ချက် များအတွက် ကူညီပံ့ပိုးပေးမှုများလည်း ပါဝင်ပါသည်။ COBERM ကို ၂၀၁၀ခုနှစ်၊ မေလတွင် စတင်ခဲ့ပြီး ၂၀၁၀-၂၀၁၅ခုနှစ် ကာလအတွင်း အဆင့်နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုအစီအစဉ်၏ တတိယအဆင့်သည် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ပါသည်။ COBERM သည် နိုင်ငံရေးကင်းရှင်းကာ၊

ဘက်လိုက်ခြင်းမရှိသည့် ပြောင်းလွယ်ပြင်လွယ်သော လုပ်ငန်းယန္တရားတစ်ခု ဖြစ်ပါသည်။ COBERM ၏ အဓိကရည်ရွယ်ချက်တွင် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည် - ၁) လူတစ်ဦးနှင့်တစ်ဦးကြား ယုံကြည်မှုတည်ဆောက်နိုင်သည့် ဆန်းသစ်တီထွင်သော အခွင့်အလမ်းများကို ကူညီပံ့ပိုးပေးရန်နှင့် ၂) ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် လူသားလုံခြုံမှုတို့ ရရှိစေရန် အားပေးထောက်ကူသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်အောင် ကူညီရန်တို့ ဖြစ်ပါသည်။

### ဆက်သွယ်ရန်


Giorgi Vardishvili
အဖွဲ့ခေါင်းဆောင်၊
အရေးပေါ်အခြေအနေတားဆီးကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေးအစီအစဉ် (Team Leader, Crisis Prevention and Recovery Portfolio)
Giorgi.vardishvili@undp.org
Irina Liczek
COBERM Programme Manager
i.liczek@undp.org


### ဂျော်ဒန်
### ဆီးရီးယားဒုက္ခသည်များကို လက်ခံထားရသော ထိခိုက်လွယ်သည့် ဂျော်ဒန် လူမှုအသိုင်းအဝိုင်းများအပေါ် အရေးပေါ်အခြေအနေ၏ သက်ရောက်မှုကို လျော့ပါးသက်သာစေခြင်း (၂၀၁၃ ဆောင်ရွက်ဆဲ)

၎င်းအစီအစဉ်သည် ဆီးရီးယားဒုက္ခသည်များကို လက်ခံထားရသော ဂျော်ဒန်လူမှုအသိုင်းအဝိုင်းများတွင် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု နှင့် စီးပွားရေးတည်ငြိမ်မှုတို့ ရရှိစေရန် ကူညီပံ့ပိုးပေးနေပါသည်။ ရည်ရွယ်ချက်မှာ အလုပ်လက်မဲ့ဖြစ်မှုနှင့် အစွန်းရောက်မှုအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန်နှင့် ဒုက္ခသည်များနှင့် လက်ခံထားရသောလူမှုအသိုင်းအဝိုင်းများကြား တင်းမာမှုများ မြင့်တက်လာနိုင်သည့် အလားအလာကို လျော့နည်းသွားစေရန် ဖြစ်ပါသည်။ အစီအစဉ်မှ ထိခိုက်လွယ်သော ဂျော်ဒန်လူမျိုးများအတွက် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် အသက်မွေးမှုလုပ်ငန်းအခွင့်အလမ်းများကို ဖန်တီးပေးပြီး လူငယ်များနှင့် အမျိုးသမီးများကို အဓိကထားကာ သက်မွေးမှုပညာသင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပံ့ပိုးပေးပါသည်။

### ဆက်သွယ်ရန် -


Minako Manome
အစီအစဉ်ကျွမ်းကျင်ပညာရှင်၊ အသက်မွေးမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး (Programme Specialist, Livelihoods and Recovery)
minako.manome@undp.org


### ခီရာဂစ်သမ္မတနိုင်ငံ နှင့် တာဂျစ်ကစ်စတန်

ရေရှည်တည်မြဲသော ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေး (CBCSPD) စီမံချက် (၂၀၁၅–၂၀၁၇) CBCSPD စီမံချက်သည် နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုများ တကျော့ပြန်ဖြစ်လာနိုင်သည့် အန္တရာယ်ကို လျော့နည်းသွားစေရန် ရည်ရွယ်ချက်ဖြင့် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နေသော တာဂျစ်ခ်-ခီရာဂစ် ကျေးရွာအစုအဖွဲ့များရှိ တိုင်းရင်းသားလူမျိုးစုပေါင်းစုံနှင့်/ သို့မဟုတ် ဖယ်ချန်ခံထားရသော လူမှုအသိုင်းအဝိုင်းများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ယုံကြည်မှုများတိုးပွားလာအောင် ဆောင်ရွက်ပါသည်။ စီမံချက်သည် လူမှုအသိုင်းအဝိုင်းများအား ရပ်ရွာအခြေခံအဆောက်အအုံများကို ပြန်လည်မွမ်းမံခြင်း၊ အသုံးပြုခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ သဘာဝသယံဇာတများကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို အတူတကွလုပ်ဆောင်ရင်းပေါင်းစည်းမှုများရရှိအောင် ကူညီပံ့ပိုးပေးနေပါသည်။ လူငယ်အစီအစဉ်များသည်နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုများတွင် လူငယ်များ၏ပါဝင်ပတ်သက်မှုကို လျော့ချရန် အဓိကရည်ရွယ်ဆောင်ရွက်ပါသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်အားပေးရန်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။

### ဆက်သွယ်ရန် -


Erkina Urazbaeva
အစီအစဉ်အရာရှိ (Programme Officer)
erkina.urazbaeva@undp.org
Oleh Protsyk
ငြိမ်းချမ်းရေးဖွံ့ဖြိုးမှုအကြံပေးအရာရှိ (Peace Development Advisor)
oleh.protsyk@undp.org

### မော်ဒိုဗာ
### ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်ချက်များ ကူညီပံ့ပိုးမှုအစီအစဉ် (SCBMP) ၂၀၀၉–၂၀၁၈

ယခုအခါ အဆင့်လေးသို့ ရောက်ရှိနေပြီဖြစ်သော SCBMP သည် နစ်စထရူမြစ်ကမ်းတစ်ဖက်စီတွင် နေထိုင်ကြသော (၁၉၉၂ခုနှစ်တွင် ဖြစ်ပွားခဲ့သော ထရန့်နစ်စထရီယန် ပဋိပက္ခကြောင့် သီးခြားစီနေထိုင်ကြသော) လူမှု အသိုင်းအဝိုင်းများကို ပေါင်းကူးချိတ်ဆက်ပေးရန် ကြိုးပမ်း ဆောင်ရွက်ပါသည်။ အားလုံးရင်ဆိုင်နေရသည့် ပြဿနာ များကို ဒေသခံပြည်သူများ၏ စီးပွားရေးလူမှုရေး ဖွံ့ဖြိုး တိုးတက်စေခြင်း နည်းလမ်းဖြင့် ဖြေရှင်းရာတွင် ဒေသခံ အာဏာပိုင်များ၊ CSO များ၊ စီးပွားရေးလုပ်ဆောင်သူများနှင့် အခြားသော ဆက်စပ်ပတ်သက်သူများကို ပါဝင်ဆောင်ရွက် စေပါသည်။ အစီအစဉ်သည် လူမှုအသိုင်းအဝိုင်းနှစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တုံ့ပြန် ဖြည့်ဆည်း ပေးရင်း ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန်နှင့်အားလုံးနှင့်သက်ဆိုင် သော အနာဂတ်ဟူသည့် အမြင်ရှုထောင့်အသစ်များကို ဖန်တီးပေးရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်ကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်ပါသည်။

#### ဆက်သွယ်ရန်

Victor Dragutan
အစီအစဉ်အရာရှိ၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးမှု အစုအဖွဲ့ (Programme Analyst, Inclusive Growth Cluster)
victor.dragutan@undp.org

### နီပေါ
### ပဋိပက္ခကိုသတိပြုနားလည်မှုအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းဆောင်ရွက်ရေး UN အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ ၂၀၁၀-၂၀၁၆

ဌာနေညှိနှိုင်းရေးမှူးရုံး၊ UNICEF တို့နှင့် ပူးပေါင်းကာ UNDP မှ ဦးဆောင်သည့် ဤအစီအစဉ်သည် ပဋိပက္ခကို သတိပြု နားလည်မှုဆိုင်ရာ စွမ်းရည်များကို ပျိုးထောင်မြှင့်တင်မှုနှင့် စနစ်များအတွင်းတရားဝင်ထည့်သွင်းဆောင်ရွက်မှုတို့ကို ဦးစွာပထမ UN စနစ်အတွက်နှင့် ထို့နောက်တွင် နီပေါ အစိုးရအဖွဲ့အတွက် ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ နိုင်ငံဆင့်နှင့် ဒေသန္တရအဆင့် နိုင်ငံ့ဝန်ထမ်းသင်တန်းကျောင်း များ ဖြစ်သော နီပေါ အုပ်ချုပ်ရေးဝန်ထမ်းကောလိပ်နှင့် ဒေသန္တရဖွံ့ဖြိုးရေး သင်တန်းအကယ်ဒမီ နှစ်ခုစလုံးသည် ၎င်းတို့၏ သင်ရိုးညွှန်း တမ်းများထဲတွင် ပဋိပက္ခကိုသတိပြု နားလည်မှုအား ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး ဝန်ကြီးဌာန၏ ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ စွမ်းရည်များကိုလည်း သင်တန်းများ၊ အတူတကွလိုက်ပါဆောင်ရွက်ပေးမှုများဖြင့် မြှင့်တင်ပေးပြီး မူဝါဒများအတွင်း 'ငြိမ်းချမ်းရေးကိုသတိပြုနား လည်မှု' ကိုလည်း ပေါင်းစပ်ထည့်သွင်းပေးခဲ့ပါသည်။ ဥပမာ နီပေါ အမျိုးသား စီမံကိန်းရေးဆွဲရေးကော်မရှင်၏ ဖွံ့ဖြိုးမှု အစီအစဉ်များရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များထဲတွင် ဖြစ်သည်။

#### ဆက်သွယ်ရန် -

Ms. Archana Aryal
ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးဌာန (Democratic Transition Unit)
archana.aryal@undp.org

### ငြိမ်းချမ်းရေးအတွက် အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေး (LRP) စီမံချက်၊ ၂၀၀၉–၂၀၁၅

LRP သည် ပဋိပက္ခဒဏ်ခံရသော ထရိုင်း (တောင်ပိုင်းလွင်ပြင် ဒေသ) ခရိုင်သုံးခုတွင် ဝင်ငွေဖန်တီးခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ ခေါင်းဆောင်မှု၊ ကျားမရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရပ်ရွာလူထုပံ့ပိုးကူညီမှုများကို ပေါင်းစပ်ပံ့ပိုးပေးခဲ့ ပါသည်။ ဤကာလအတွင်းတွင် LRP သည် အလွန်ဆင်းရဲပြီး ဘေးဖယ်ခံထားရသော အိမ်ထောင်စုပေါင်း ၂၇,၂၀၂ ကို စွမ်းဆောင်ရည်မြှင့်တင်ပေးခဲ့ပြီး ၎င်းတို့ ထဲတွင် ၉၆% မှာ အမျိုးသမီးများဖြစ်ကာ ၆၂% မှာ အားနည်း ချို့တဲ့သော ဒယ်လစ်ထ်များ (ဇာတ်နိမ့်သူများ) ဖြစ်ပါသည်။

#### ဆက်သွယ်ရန်

Mr. Niranjan Tamrakar
ဆင်းရဲမှုနှင့်အားလုံးပါဝင်ဆောင်ရွက်နိုင်မှုဆိုင်ရာဌာန (Poverty and Inclusion Unit)
niranjan.tamrakar@undp.org

## ထိုင်းနိုင်ငံ

## ထိုင်းနိုင်ငံတောင်ပိုင်း စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် လူထုပါဝင်ဆောင်ရွက်မှု (STEP) စီမံချက် - အဆင့် ၁ - ၂၀၁၀–၂၀၁၄၊ အဆင့် ၂ - ၂၀၁၅-၂၀၁၇

စီမံချက်တွင် ရည်ရွယ်ချက်သုံးခု ရှိပါသည်။ - ပထမတစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်အောင် ကူညီပံ့ပိုးရန်၊ ဒုတိယမှာ တရားမျှတမှုကိုလက်လှမ်းမီမှု တိုးတက်စေရန်နှင့် တတိယမှာ လိုအပ်နေသော လူမှု အသိုင်းအဝိုင်းများနှင့် ပြည်သူများကို ရပ်ရွာဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ စီမံဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များ ပံ့ပိုးပေးကာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် လူသားဘေးကင်း လုံခြုံရေးနှင့် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုတို့ တိုးတက်စေပြီးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်ဖြစ်ပါသည်။

### ဆက်သွယ်ရန်

Wisoot Tatinan
အဖွဲ့ခေါင်းဆောင်/အစီအစဉ်ကျွမ်းကျင်ပညာရှင်၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် လူမှုရေးဆိုင်ရာ အသိပေးရှင်းလင်းမှုဌာန (Team Leader/Programme Specialist, Democratic Governance and Social Advocacy Unit)
wisoot.tantinan@undp.org
Naruedee Janthasing
Senior Project Manager, Southern Thailand Empowerment and Participation Project
naruedee.janthasing@undp.org

## ယူဂန်ဒါ

## မြောက်ပိုင်းယူဂန်ဒါရှိ ဒေသန္တရဖွံ့ဖြိုးရေးနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုစီမံချက် (၂၀၁၃–၂၀၁၅)

စီမံချက်တွင် ရလဒ်လေးခု ရှိခဲ့ပါသည် - အငြင်းပွားမှုများ၊ အထူးသဖြင့် မြေယာနှင့် အမျိုးသမီးရေးရာကိစ္စရပ်များနှင့် ဆက်နွယ်သော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် အတွက် တရားမျှတမှု၊ လုံခြုံရေးနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုတို့ တိုးတက်လာစေခြင်း၊ လူငယ်များ၊ ဘေးဒဏ်ခံပြည်သူများနှင့် ထိခိုက်လွယ်သူများကို ဦးတည်ကာ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးပြန်လည် နာလန်ထူမှုများ တိုးတက်လာစေခြင်း၊ ယူဂန်ဒါနိုင်ငံမြောက်ပိုင်းရှိ သတ္တုတွင်းတူးဖော်မှုများကို ငြိမ်းချမ်းစွာဖြင့် ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းဖြင့် ဆောင်ရွက်မှုကို အားပေးခြင်းနှင့် စီးပွားရေး ပြန်လည်နာလန်ထူရေးနှင့် ငြိမ်းချမ်းရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ရေးအတွက် နိုင်ငံသားများနှင့်ဆက်သွယ် ညှိနှိုင်းပူးပေါင်းကာ အစီအစဉ် ရေးဆွဲဆောင်ရွက်နိုင်ရန် အလို့ငှာ ဒေသခံအာဏာပိုင်များနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်း၏ စွမ်းဆောင်ရည်များကို မြင့်မားလာစေခြင်းတို့ ဖြစ်ပါသည်။

## အားလုံးပါဝင်ဆောင်ရွက်နိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုင်းအဝိုင်းသစ်များ (၂၀၁၅–၂၀၁၇)

UNDP ယူဂန်ဒါသည် ကိုရီးယားသမ္မတနိုင်ငံ၏ Saemaul Undong (ကျေးရွာသစ်လှုပ်ရှားမှု) မော်ဒယ် ပုံစံကို အခြေခံသည့် စီမံချက် တစ်ခုကိုလည်း ယူဂန်ဒါ မြောက်ပိုင်းတွင် အကောင်အထည်ဖော်နေပါသည်။ စီမံချက်သည် ယူဂန်ဒါအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်အောင်မြင်မှုများနှင့် ရပ်ရွာလူထုအခြေပြု ဒေသန္တရဖွံ့ဖြိုးမှုကို မြှင့်တင်အားပေးခြင်း ဖြင့် ရရှိလာသော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းများအပေါ်တွင် အခြေခံကာဆက်လက်တိုးတက်မှုများ ရရှိအောင်ဆောင်ရွက် သွားရန် ရည်ရွယ်ပါသည်။ ထို့ပြင်ဤစီမံချက်တွင် ရပ်ရွာ အဆင့် ရလဒ်များကို နိုင်ငံအဆင့်၊ မူဝါဒဆိုင်ရာအဆင့်များနှင့် ချိတ်ဆက်ပေးရန်လည်း ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

### ဆက်သွယ်ရန် -

Francesca Akello
အဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် စနစ်များ၏ ဒဏ်ခံနိုင်စွမ်း (Team Leader, Peace Security and Systems Resilience)
francesca.akello@undp.org

## ၄-၂။ ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ အရင်းအမြစ်များ

ဤအစီရင်ခံအတွက် အသုံးပြုခဲ့ပြီး ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များအတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့် သွင်းရန် ကြိုးပမ်းနေသော လုပ်ဆောင်သူများအတွက် အသုံးဝင်နိုင်သည့် အဓိက အရင်းအမြစ်များကို အောက်တွင် ဖော်ပြပေးထားပါသည်။

### ဝက်ဆိုက်များ/ အရင်းအမြစ်ဌာနများ

ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ UN အွန်လိုင်းအစီအစဉ် (www.unssc.org)
ဤသင်ရိုးသည် ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်မှုဆိုင်ရာ အသိပညာများ မျှဝေရန်နှင့် ကျွမ်းကျင်မှု များ တည်ဆောက်ရန်အတွက် UN များအားလုံး မိမိတို့ အဆင်ပြေသည့်အချိန်တွင် အွန်လိုင်းမှ အခမဲ့လေ့လာသင်ယူနိုင်သော အစီအစဉ် ဖြစ်ပါသည်။

www.conflictsensitivity.org
International Alert ၏ ဤဝက်ဆိုက်သည် the Practice of Conflict Sensitivity–Concept to Impact ဟုအမည်ရသည့် စီမံချက်မှ ထွက်ပေါ်လာသော ရလဒ် ဖြစ်ပါသည်။ ထိုစီမံချက်သည် လူသားချင်းစာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်သော NGOအမျိုးမျိုး၏ ပဋိပက္ခကို သတိပြုနားလည်မှုဆိုင်ရာ အလေ့အထကျင့်သုံးမှုများ အားကောင်းလာစေရန် ရည်ရွယ်လုပ်ဆောင်သော စီမံချက်ဖြစ်ပါသည်။ (၂၀၀၈–၂၀၁၂) ။ ဝက်ဆိုက်တွင် အထောက်အကူပြုနည်းလမ်းကရိယာများ၊ အရင်းအမြစ်နှင့် ဖြစ်ရပ်လေ့လာချက် အမျိုးမျိုး ပါဝင်ပါသည်။

www.dmeforpeace.org/peacexchange
ဤဝက်ဆိုက်တွင် အသိပညာဗဟုသုတများ၊ အတွေ့အကြုံများ၊ သုံးသပ်ချက်များနှင့် အထောက်အကူပစ္စည်းများကို စုဆောင်းပေးထား သဖြင့် ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် ဖွံ့ဖြိုးမှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှုကို တိုးတက်အောင် လုပ်ဆောင်လိုကြသည့် လက်တွေ့ကျင့်သုံးသူများ၊ အလှူရှင်များ၊ ပညာရှင်များအတွက် အပြန်အလှန်မေးမြန်းဆွေးနွေးမှုများ ပြုလုပ်နိုင်သည့် နေရာတစ်ခု ဖြစ်ပါသည်။

www.gsdrc.org/topic-guides/conflict-sensitivity
ဤအကြောင်းအရာလမ်းညွှန်ကို ၂၀၁၄ခုနှစ်တွင် ပြုစုခဲ့ပြီး အုပ်ချုပ်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အရင်းအမြစ်ဌာန၏ ထုတ်ဝေမှုတစ်ခု ဖြစ်ပါသည်။ ယင်းတွင် ပဋိပက္ခကိုသတိပြုနားလည်မှု၏ မူလအစ၊ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံနှင့်လက်တွေ့အသုံးဝင်ပုံများကို ဆွေးနွေးတင်ပြထားပါသည်။ ပဋိပက္ခကိုသတိပြုနားလည်မှု အဓိကနည်းလမ်းသုံးခု ဖြစ်သော DNH၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်လေ့လာချက်နှင့် ငြိမ်းချမ်းရေးအတွက် အကူအညီထောက်ပံ့မှုတို့ကို အဓိကထားတင်ပြထားပါသည်။ အခြေခံသဘောတရားများ၊ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများ၊ အထောက်အကူများနှင့် ပဋိပက္ခကိုသတိပြု နားလည်မှုအား လက်တွေ့အသုံးပြုမှုအတွေ့အကြုံများနှင့် စပ်လျဉ်းသည့် စာတမ်းများနှင့် အရင်းအမြစ်အမျိုးမျိုး ပါဝင်ပါသည်။

## မည်သို့ ဆောင်ရွက်ရမည်ဟူသည့် လမ်းညွှန်များ/ အရင်းအမြစ်စုစည်းမှုများ

'ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် မည်သို့လမ်းညွှန်ပေးမည်နည်း'၊ ပဋိပက္ခကိုသတိပြုနားလည်မှုစုပေါင်းအဖွဲ့ ('How to guide to conflict sensitivity', Conflict Sensitivity Consortium)၊ ၂၀၁၂၊ ဖေဖော်ဝါရီလ။ ဤလမ်းညွှန်သည် အထက်ဖော်ပြပါ ပဋိပက္ခကို သတိပြုနားလည်မှု စုပေါင်းအဖွဲ့ စီမံချက်မှ ထွက်ပေါ်လာသော ရလဒ်တစ်ခု ဖြစ်ပါသည်။ စုပေါင်းအဖွဲ့၏ အတွေ့အကြုံများကို အသုံးပြုကာ ဖွံ့ဖြိုးမှု၊ လူသားချင်း စာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အစီအစဉ် အမျိုးအစားအမျိုးမျိုးနှင့် အဆင့်အမျိုးမျိုးတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်း လုပ်ဆောင်သည့် ဖြစ်ရပ်မှန်များကို ဖော်ပြပေးထားပါသည်။စီမံချက်အဆင့်သို့မဟုတ်အဖွဲ့အစည်းအဆင့်တွင် ကောင်းသောအစဉ်အလာကျင့်သုံးမှုများ ရရှိရန် ရည်ရွယ်သည်ဖြစ်စေ၊ ပဋိပက္ခကို သတိပြုနားလည်သည့် ပုံစံဖြင့် စတင်လုပ်ကိုင်လိုလျှင်ဖြစ်စေ လက်တွေ့ကျသော၊ အသုံးပြုရလွယ်ကူသော သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

လမ်းညွှန်တွင် အဓိကအခန်းခြောက်ခန်း ပါဝင်ပါသည်။ အခန်းတိုင်းတွင် ပဋိပက္ခကိုသတိပြုနားလည်မှုသည် 'မည်သည့်အရာ' 'မည်သည့် အတွက်' နှင့် အထူးသဖြင့် 'မည်သို့' ဟူသည်တို့ကို လေ့လာဆန်းစစ်ထားသည့် ခေါင်းစဉ်ငယ်အချို့ ပါဝင်ပါသည်။ ပါဝင်သည့် အခန်းများမှာ -

- အခန်း ၁ - ပဋိပက္ခကိုသတိပြုနားလည်မှုအား မိတ်ဆက်ပေးခြင်းနှင့် လက်တွေ့လမ်းညွှန်များပါရှိပါသည်။

- အခန်း ၂ - ပဋိပက္ခကိုသတိပြုနားလည်မှုအား စီမံချက်စက်ဝန်း၏ အဆင့်များအားလုံး (လိုအပ်ချက်များ ဆန်းစစ်လေ့လာမှု၊ ဒီဇိုင်းရေးဆွဲမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်အကဲဖြတ်မှု) တွင် မည်သို့ ပေါင်းစပ်ထည့်သွင်းရမည်ဆိုသည့် လမ်းညွှန်များကို ပေးထားပါသည်။

- အခန်း ၃ - ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် အစီအစဉ်ရေးဆွဲဆောင်ရွက်ရာတွင် အလွန်အရေးကြီးသော ကိစ္စရပ်အချို့ကို အသေးစိတ်လေ့လာတင်ပြထားပါသည်။ ရွေးချယ်ခြင်း၊ ဝယ်ယူခြင်း၊ လူမှုအသိုင်းအဝိုင်းများ/ အစိုးရ/မိတ်ဖက်များနှင့် ဆက်ဆံ ရေး၊ ထင်မြင်ချက်များ၊ အကြံပြုချက်များပေးခြင်း/ တာဝန်ခံမှု၊ အစီအစဉ်/ စီမံချက်ထွက်ခွာမှုနည်းဗျူဟာများ၊ စသည့်ကိစ္စရပ်များ ပါဝင်ပါသည်။

- အခန်း ၄ - ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် အရေးပေါ် အခြေအနေတုံ့ပြန်မှုများ ဆောင်ရွက်ပေးနိုင် ရန်အတွက် လမ်းညွှန်များကို ပေးထားပါသည်။

- အခန်း ၅ - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် စပ်လျဉ်း၍ အဖွဲ့အစည်း၏ အားသာချက်များနှင့် အားနည်းချက်များကို အဖွဲ့အစည်းကိုယ်တိုင် မည်သို့ ဆန်းစစ်အကဲဖြတ်ရမည်ဆိုသည့် လမ်းညွှန်များကို ပေးထားပါသည်။

- အခန်း ၆ - အဖွဲ့အစည်းတစ်ခုလုံးတွင် ပဋိပက္ခကို သတိပြုနားလည်မှုအား စဉ်ဆက်မပြတ် လက်တွေ့ကျင့်သုံးသွားနိုင်ရန်အတွက် မည်သို့လုပ်ဆောင်ရမည်ဆိုသည့် လက်တွေ့ကျသော လမ်းညွှန်များကို ပေးထားပါသည်။

သုတပေါင်းချုပ်အတွဲ ၁ - ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအခြေအနေများတွင် အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း (Compendium One: Planning, Monitoring and Evaluation (PME) in Conflict Prevention and Recovery Settings)-UNDP

UNDP ၏ ရလဒ်များအတွက် အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ် အကဲဖြတ်ခြင်း လက်စွဲစာအုပ်ဖြစ်သော ဤသုတပေါင်းချုပ်တွင် ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများတွင် လုပ်ငန်းများဆောင်ရွက်နေသူများအတွက် လမ်းညွှန်များနှင့် အရင်းအမြစ်များကို စုစည်းပေးထားပါသည်။ ပဋိပက္ခအခြေအနေများတွင် လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို 'သမားရိုးကျ ပုံစံဖြင့်' လုပ်ဆောင်၍မရပါ။ ဆိုလိုသည်မှာ ဤအခြေအနေများရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ PME တွင် အကြမ်းဖက် ပဋိပက္ခအခြေအနေများနှင့်သင့်လျော်သော အစီအစဉ်ရေးဆွဲမှုနှင့်သက်ဆိုင်သည့် အချက်များကို သိရှိနားလည်ကာအလေးထား ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဤသုတပေါင်းချုပ်တွင် ပဋိပက္ခအခြေအနေများအတွက် PME ကို ဆောင်ရွက်ရသည့်အကြောင်းများနှင့် အဓိက ကျသော အခြေခံမှုများကို ရှင်းလင်းတင်ပြထားပြီး ထပ်ဆောင်း

ရရှိနိုင်သော နည်းလမ်းအထောက်အကူများနှင့် အရင်းအမြစ်များ စာရင်းပါရှိသလို ၎င်းတို့ကို လက်တွေ့ အသုံးပြုခြင်းဖြင့် ရရှိနိုင်သော အကျိုးသက်ရောက်မှုများကို ဖော်ပြပေးထားပါသည်။

ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် ကျားမရေးရာ ဆက်နွယ်မှုများနှင့် လုပ်ဆောင်မှုများအပေါ် ကြီးမားသည့် သက်ရောက်မှုများရှိသည့်အပြင် ကဏ္ဍစုံနှင့်စပ်လျဉ်းသော ကိစ္စရပ်တစ်ခုဖြစ်သည့် ကျားမရေးရာနှင့်စပ်လျဉ်း၍ UNDP သည် တာဝန်ခံအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေး အခြေအနေများရှိ ကျားမရေးရာနှင့် စပ်လျဉ်း သော PME အကြောင်းကိုလည်း အကျဉ်းထည့်သွင်းဆွေးနွေးပေးထားပါသည်။

'ဖွံ့ဖြိုးရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် ပဋိပက္ခကို သတိပြုနားလည်မှုဆိုင်ရာ ချဉ်းကပ်နည်းများ (Conflict-sensitive approaches to development, humanitarian assistance and peacebuilding)'၊ International Alert နှင့် Saferworld၊ ၂၀၀၄။

အရင်းအမြစ်များ စုစည်းပေးထားသည့် ဤ resource pack တွင် ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ လက်ရှိကျင့်သုံးမှု အလေ့အထများ၊ ရရှိနိုင်သော မူဘောင်များနှင့် သင်ခန်းစာများကို မှတ်တမ်းတင်ပေးထားပါသည်။ ပဋိပက္ခကိုသတိပြုနားလည်မှု၏ အခြေခံသဘော တရားမှာ ပဋိပက္ခ သို့မဟုတ် ငြိမ်းချမ်းရေး အခြေအနေ များနှင့်စပ်လျဉ်း၍ လုပ်ဆောင်ချက်များ၏ ကောင်းကျိုးနှင့် ဆိုးကျိုး သက်ရောက် မှုနှစ်မျိုးစလုံးနှင့် အပြန်အလှန်အားဖြင့် ထိုအခြေအနေများက လုပ်ဆောင်ချက်များအပေါ် သက်ရောက်မှုများကို စနစ်တကျထည့်သွင်းစဉ်းစားပြီး ဆွေးနွေးထားပါသည်။

ထိုစာအုပ်တွင် အောက်ပါ အခန်းများ ပါဝင်ပြီး တစ်ခန်းနှင့်တစ်ခန်း ဆက်စပ်ခြင်းမရှိသည့်အတွက် အစအဆုံး အစဉ်အတိုင်းဖတ်သွားရန် မလိုပါ -

- အခန်း ၁ - ဖွံ့ ဖြိုးရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ပဋိပက္ခကို သတိ ပြုနားလည်မှုဖြင့် ချဉ်းကပ်ဆောင်ရွက်နည်းများကို မိတ်ဆက်ပေးထားရာ ပဋိပက္ခကိုသတိပြုနားလည်မှု၏ လက်တွေ့အဓိပ္ပါယ် ဖွင့်ဆိုချက်တစ်ခုနှင့် ယင်းနှင့်နီးနွယ်သော အခြေခံမှုများ ပါဝင်ပါသည်။ ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် စပ်လျဉ်း၍ ဖွံ့ ဖြိုးမှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု နယ်ပယ်များတွင် အချေအတင်ဆွေးနွေးနေသော အခြေအနေများကို ပေါ်လွင်အောင် ဖော်ပြထားပါသည်။

- အခန်း ၂ - ပဋိပက္ခဆန်းစစ်လေ့လာချက်အား ပဋိပက္ခကို သတိပြုနားလည်မှု၏ ပင်မအစိတ်အပိုင်း တစ်ခုအဖြစ် ဖော်ပြထားပါသည်။ ဤအခန်းတွင် နည်းလမ်းအထောက်အကူများနှင့်ထိုအထောက်အကူများကို အသုံးပြုခြင်းမှရရှိသော သင်ခန်းစာများကို စုစည်းထားမှု အပေါ် အခြေပြုကာ ပဋိပက္ခဆန်းစစ်လေ့လာချက်၏ အဓိကအစိတ်အပိုင်းများကို တင်ပြထားပြီး မည်သို့ ဆန်းစစ်လေ့လာရမည်ဆိုသည့် လမ်းညွှန်များကို ပေးထားပါသည်။

- အခန်း ၃ - စီမံချက်နှင့်အစီအစဉ်အဆင့်တွင် ပဋိပက္ခကို သတိပြုနားလည်မှုကို လက်တွေ့ကျင့်သုံးမှုနှင့်စပ်လျဉ်း၍ စီမံချက် စက်ဝန်းကို အဓိပ္ပါယ်ဖွင့်ဆိုပြထားကာ စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှု အဆင့်တိုင်းနှင့် ပဋိပက္ခကိုသတိပြုနားလည်မှုကို ချိတ်ဆက်တင်ပြထားပါသည်။ ပဋိပက္ခကို သတိပြုနားလည်မှုဖြင့် အဆင့်တိုင်းကို မည်သို့ဆောင်ရွက်သွားရမည်ဆိုသည်ကို တင်ပြသွားပြီး ရင်ဆိုင်ကြုံတွေ့ရမည့် အဓိကစိန်ခေါ်မှုများ ကိုလည်း ဆွေးနွေးပေးထားပါသည်။
- အခန်း ၄ - ကဏ္ဍအလိုက်ချဉ်းကပ်ဆောင်ရွက်မှုများတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းခြင်းနှင့် စပ် လျဉ်း၍ ဆွေးနွေး တင်ပြထားရာတွင် ကဏ္ဍတစ်ခုလုံးကိုလွှမ်းခြုံသည့် ချဉ်းကပ်နည်းများကို သတ်မှတ်ဖွင့်ဆိုပေးထားပြီး အစီအစဉ်ရေးဆွဲဆောင်ရွက်မှုစက်ဝန်း အတွင်းသို့ ပဋိပက္ခကို သတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းနိုင်သည့် မူဘောင်တစ်ခုကိုလည်း တင်ပြထားပါသည်။

- အခန်း ၅ - ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်တင်မှုအကြောင်း ဆွေးနွေးပေးထားပြီး အဖွဲ့အစည်းများနှင့် ၎င်းတို့၏ မိတ်ဖက်များ၏ လုပ်ငန်းတိုင်းတွင် ပဋိပက္ခကို သတိပြုနားလည်မှုကိုပေါင်းစပ်ထည့်သွင်းနိုင်မည့် လုပ်ငန်းစဉ်များနှင့် နည်းဗျူဟာများကို အကြံပြုတင်ပြပေးထားပါသည်။

## ဆန်းစစ်လေ့လာမှု အထောက်အကူပြုနည်းလမ်းများ

ပဋိပက္ခနှင့်ဆက်နွယ်သော ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာ ဆန်းစစ်လေ့လာမှု (Conflict-related Development Analysis - CDA)၊ UNDP၊ ၂၀၁၆

CDA သည် ပဋိပက္ခဖြစ်နိုင်ခြေရှိသော၊ ပဋိပက္ခဒဏ်ခံရသော အခြေအနေများတွင် လုပ်ငန်းများ ဆောင်ရွက်နေသော UNDP မှ လက် တွေ့ကျင့်သုံးနေသူများနှင့် အခြားသော ဖွံ့ဖြိုးမှုအဖွဲ့အစည်းများအတွက် ရည်ရွယ်သော ဆန်းစစ် လေ့လာမှု နည်းလမ်းအထောက်အကူ တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ပဋိပက္ခအပေါ် ဖွံ့ဖြိုးမှုဆိုင်ရာအကျိုးရလဒ်များ၏ သက်ရောက်မှု တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုနှင့် ပဋိပက္ခကြား ချိတ်ဆက်မှုများကို ပိုမိုနားလည်သဘောပေါက် စေမည့် လက်တွေ့အသုံးချနိုင်သော နည်းလမ်းတစ်ခုအဖြစ် ဒီဇိုင်းပုံစံရေးဆွဲထားပါသည်။

CDA ကို အားဖြည့်ပေးသည့် အထောက်အကူတစ်ခုအဖြစ် UNDP သည် ပဋိပက္ခနှင့်ဆက်နွယ်သော အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု နည်းလမ်းအထောက်အကူတစ်ခုကို လည်း ပြုစုထားပါသည်။ လူမှုအဖွဲ့အစည်းတစ်ခု၏ အန္တရာယ်ကျရောက်နိုင်ခြေရှိသည့် အဓိက ကဏ္ဍများ ဖြစ်သည့် ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် စီးပွားရေးကပ်ဆိုက်မှုများနှင့်စပ်လျဉ်းသည့် အပြောင်းအလဲ များကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာနေမှုများ အပေါ်တွင် အခြေပြုကာ ထိုနည်းလမ်းကို အသုံးပြုရပါသည်။ ထိုကဏ္ဍများရှိ အပြောင်း အလဲများနှင့်စပ်လျဉ်း၍ နောက်ဆုံးရရှိသော သတင်းအချက်အလက်များနှင့်အညီ အနာဂတ်ဖြစ်နိုင်ခြေခန့်မှန်းချက်များကို ပြုလုပ်ကာ မဟာဗျူဟာနှင့်အစီအစဉ် လုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုနှင့် လျော့ပါးစေမှုတို့အတွက် ထိုခန့်မှန်းချက်များကို ထည့်သွင်းအသုံးပြုနိုင်ပါသည်။

### 'အဖွဲ့အစည်းနှင့် အခြေအနေ ဆန်းစစ်လေ့လာမှု လမ်းညွှန်မှတ်စု (Institutional and Context Analysis Guidance Note)'၊ UNDP၊ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ

ဤလမ်းညွှန်မှတ်စုတွင် ဖွံ့ဖြိုးရေးအစီအစဉ်များကို ကူညီပံ့ပိုး ပေးရန်ရည်ရွယ်လျက် နိုင်ငံရေးနှင့်စီးပွားရေး ဆန်းစစ် လေ့လာချက်များကို ဆောင်ရွက်ရန်အတွက် UNDP မှ အသုံးပြုသည့်နည်းစနစ်များကို တင်ပြထားပါသည်။ UNDP ဝန်ထမ်းများအနေဖြင့် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာ နောက်ခံအခြေအနေများကို အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်တာဝန်၊ လိုအပ်ချက်များနှင့် သင့်လျော်ကိုက်ညီသည့်နည်းလမ်းဖြင့် နားလည်သိရှိခွင့် ရအောင် ကူညီပေးနိုင်သော အရင်းအမြစ်တစ်ခုကို ဌာနေရုံးများမှ တောင်းဆိုလာသည့်အတွက် တိုက်ရိုက် တုံ့ပြန် ဆောင်ရွက်ပေးသည့်အနေဖြင့် ဤလမ်းညွှန်မှတ်စု ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ ဤမှတ်စုတွင် ICA ကို အသုံးပြုကာ မိမိတို့၏လုပ်ငန်းများကို ကူညီထောက်ပံ့ပေး နိုင်မည့် ပတ်ဝန်းကျင်အခြေအနေများကို လက်တွေ့ ဆန်းစစ်အကဲ ဖြတ်နိုင်မည့် နည်းလမ်းကို UNDP ဌာနေရုံး များအတွက် လမ်းညွှန်ပေးထားပါသည်။

ICA သည် အခြေအနေတစ်ခုတွင် ပြည်တွင်းပြင်ပမှ အရင်းအမြစ်များကို အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံရေးနှင့် အဖွဲ့အစည်း ဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ UNDP အစီအစဉ်များ အကောင်အထည်ဖော်မှုနှင့် မူဝါဒအကြံပြုချက်များအပေါ် အကျိုး သက်ရောက်နိုင်ပုံများကို အဓိကဆန်းစစ်လေ့လာခြင်း ဖြစ်ပါသည်။ အစီအစဉ်ရေးဆွဲဆောင်ရွက်မှုအတွက် အချက်အလက်များ ရရှိနိုင်မည့် ရင်းမြစ်တစ်ခုအဖြစ် မျှော်မှန်းကာ ICA ကို ဆောင်ရွက်ပါသည်။ ဆွဲဆောင်မှုမျိုးစုံ၊ အခက်အခဲ ကန့်သတ်ချက်မျိုးစုံ ပေါ်မူတည်ကာလူမှုအဖွဲ့အစည်း အတွင်းရှိ အမျိုးမျိုးသော လုပ်ဆောင်သူများသည်အစီအစဉ်၏ အောင်မြင်မှုရရှိနိုင်ခြေအပေါ် မည်သို့သြဇာသက်ရောက်နိုင် ကြောင်း အဓိကထား လေ့လာဆန်းစစ်ပါသည်။ ဤလမ်းညွှန်မှတ်စုတွင် နိုင်ငံလုံးဆိုင်ရာအစီအစဉ် (Country Programme) တစ်ခု ရေးဆွဲရန်အတွက် နိုင်ငံအဆင့် ICA တစ်ခုကို ဆောင်ရွက်ခြင်း (အခန်း ၁) နှင့် ကဏ္ဍအဆင့် သို့မဟုတ် စီမံချက်အဆင့်တွင် ICA တစ်ခုကို ဆောင်ရွက်ခြင်း (အခန်း ၂) ဆိုင်ရာ အကြံပြုချက်များ၊ သတင်းအချက်အလက်များကို တင်ပြပေးထားပါသည်။

## ဆောင်းပါးများ

### 'ပဋိပက္ခကိုသတိပြုနားလည်မှု - နောက်တစ်ဆင့်သို့ ယူဆောင်သွားခြင်း (Conflict Sensitivity: Taking it to the Next Level)'၊ Swisspeace၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီ။

ဤစာတမ်းတွင် လုပ်ဆောင်သူအမျိုးမျိုးမှ ကူညီပေးထား သော ဆောင်းပါး ၁၃ ပုဒ် ပါဝင်ပြီး ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု မူဝါဒနှင့် ကျင့်သုံးမှုများအတွင်း

ပဋိပက္ခကိုသတိပြုနားလည်မှုအား ပေါင်းစပ်ထည့်သွင်းခြင်းနှင့်စပ်လျဉ်းသည့် ဆောင်းပါးများ ဖြစ်ပါသည်။ Swisspeace မှ ပံ့ပိုးထုတ်ဝေပြီး အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်အမျိုးမျိုးကြား ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ခုဖြစ်သော Conflict Sensitivity Community Hub (CSC-Hub) မှ ထွက်ပေါ်လာသည့် ရလဒ်တစ်ခု ဖြစ်ပါသည်။ CSC-Hub ဆိုသည်မှာ ပဋိပက္ခကို သတိပြုနားလည်မှုကို လက်တွေ့ကျင့်သုံးနေသူများ အတူတကွ လေ့လာ သင်ယူမျှဝေမှုပြုသည့် ပညာရှင်အသိုင်းအဝိုင်းတစ်ခုဖြစ်ပြီး ပဋိပက္ခကိုသတိပြုနားလည်မှုအကြောင်းအရာအပေါ် လှုပ်ရှားတက်ကြွစွာ အာရုံစိုက်မှု၊ ဆန်းစစ်ဝေဖန်မှု၊ သုံးသပ်ဆင်ခြင်တွေးခေါ်မှုတို့ မပြတ်ရရှိနေစေမည့် လုပ်ဆောင်ချက်အမျိုးမျိုးကို ဆောင်ရွက်နေပါသည်။ 'မတိုင်းတာနိုင်သောအရာများကို တိုင်းတာခြင်း - ထိရှလွယ်ပြီး ပဋိပက္ခဒဏ်ခံရသော ပတ်ဝန်းကျင်များတွင် တိုင်းတာမှုများ ပြုလုပ်ရာ၌ ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဖြေရှင်းရန် နည်းလမ်းများ (Measuring the Un-Measurable: Solutions to Measurement Challenges in Fragile and Conflict-affected Environments)'၊ Search for Common Ground နှင့် UK Department for International Development ၊ ၂၀၁၃ခုနှစ်၊ မတ်လ

ဤလက်တွေ့လမ်းညွှန်တွင် ပဋိပက္ခဒဏ်ခံရပြီး ထိရှလွယ်သော ပတ်ဝန်းကျင်များရှိ လက်ဆုပ်လက်ကိုင်မပြနိုင်သော အပြောင်းအလဲများကို တိုင်းတာရာတွင် အသုံးပြုနိုင်သည့် လူမှုရေးသိပ္ပံဘာသာရပ်များမှ အရေးကြီးသော နည်းလမ်းကိရိယာများ၊ နည်းစနစ်များနှင့် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများကို အကျဉ်းချုပ်တင်ပြထားပါသည်။ လမ်းညွှန်တွင် နည်းလမ်းကိရိယာ တစ်ခုချင်းစီကို တင်ပြကာ ၎င်း၏ အားသာချက်များနှင့် အားနည်းချက်များကို ဆန်းစစ်ထားပါသည်။

ပဋိပက္ခနှင့်ထိရှလွယ်သောအခြေအနေများရှိ လက်လှမ်းမီရန်ခက်ခဲပြီး လက်ဆုပ်လက်ကိုင်မပြနိုင်သော အပြောင်းအလဲများကို တိုင်းတာသည့်နေရာတွင် နည်းလမ်းကိရိယာ တစ်ခုချင်းစီကို မည်သို့ အသုံးပြုရမည်ဆိုသည့် အကျဉ်းချုပ်ဆွေးနွေးချက်များလည်း ပါဝင်ပြီး လက်တွေ့အသုံးချမှုသာဓကအချို့ကိုလည်း ထည့်သွင်းတင်ပြထားပါသည်။ ဤစာတမ်းတွင် ထည့်သွင်းဆွေးနွေးပေးထားသော အဓိကမေးခွန်းများမှာ အောက်ပါတို့ ဖြစ်ပါသည်။

- ပဋိပက္ခ၊ ရာဇဝတ်မှု၊ လုံခြုံရေးတို့နှင့်ဆက်စပ်သော အခြေအနေများတွင် အစီအစဉ်ရလဒ်များကို တိုင်းတာရန် အဘယ်ကြောင့် ခက်ခဲပါသနည်း။
- ပဋိပက္ခ၊ ရာဇဝတ်မှု၊ လုံခြုံရေးတို့နှင့်ဆက်စပ်သော အခြေအနေများ၌ ရလဒ်များကို တိုင်းတာရာတွင် လက်ရှိကျင့်သုံးနေသည့်လူမှုသိပ္ပံဆိုင်ရာ နည်းလမ်းကိရိယာများနှင့် နည်းစနစ်များမှာ အဘယ်နည်း။
- ထို နည်းလမ်းကိရိယာများကို အထိရောက်ဆုံး မည်သို့၊ မည်သည်အတွက် အသုံးပြုနိုင်ပါသနည်း။

*Empowered lives.*
*Resilient nations.*

**United Nations Development Programme Myanmar**
6 Natmauk Road
Tamwe Township
Yangon 1121
Myanmar

September 2017